The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ သောကြာနေ့၊ (23-10-2015) (၈၃၆၂)

**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# အစိုးရ၊ ပြည်သူပူးပေါင်းကာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည်

နေပြည်တော် အောက်တိုဘာ ၂၂

**ကသာခရိုင် ထီးချိုင့်မြို့နယ် မြတောင်ရွာနှင့် ထီးချိုင့်မြို့တို့ဆက်သွယ်ထားသော ဧရာဝတီမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသည့် (၁၅)စင်းမြောက်တံတားဖြစ်သည့် ဧရာဝတီတံတား(ထီးချိုင့်)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ ယာယီမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ပြီး တံတားကမွှည်းမော်ကွန်း ကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။**

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘက်စုံ ထူးချွန်လူငယ်များ၊ ကင်းထောက်လူငယ်မောင်မယ်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှာစကား ပြောကြားရာတွင် ဧရာဝတီတံတား(ထီးချိုင့်)သည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင်တည်ရှိပြီး ပင်မတံတားအရှည် ပေ ၅၉၃၀ နှင့် ချဉ်းကပ်တံတား နှစ်ဖက်အရှည် ပေ ၁၈၀၀ စုစုပေါင်း တံတားအရှည် ပေ ၇၇၃၀ ရှိကာ တိုင်းဒေသကြီး ရန်ပုံငွေကျပ်သန်းပေါင်း ၅၆၆၆၅ အကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ***



ဧရာဝတီတံတား(ထီးချိုင့်)ဖွင့်ပွဲအခမ်းအနားတွင် ထူးချွန်လူငယ်များက ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (သတင်းစဉ်)

**မန္တလေးမြို့ ရေပေးဝေရေးစနစ် ပိုမိုတိုးတက်ကောင်းမွန်ရေး သန့်ရှင်းသည့်သောက်သုံးရေများဖြန့်ဖြူးမည်** စာမျက်နှာ - ၂

**အမေရိကန်၊ ရုရှား၊ တူရကီနှင့် ဆော်ဒီတို့ ဆီးရီးယားအရေး ဆွေးနွေးမည်** စာမျက်နှာ - ၄

**စစ်တောင်းအမှတ်(၃) မြစ်ကူးတံတားကြောင့် ပြည်သူများ သွားလာရေးအဆင်ပြေ** စာမျက်နှာ - ၉



အတွေးအမြင်

ကြေးမုံစာတည်းရှုထောင့် ၂၃-၁၀-၂၀၁၅၊ သောကြာနေ့

# စားနပ်ရိက္ခာဖူလုံပါသည်

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်လများက ရေကြီးရေလျှံမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ပါသည်။ ရေကြီးနစ်မြုပ်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ လယ်ဧက ၁ ဒသမ ၄ သန်း ရေနစ်မြုပ်ခဲ့သည့်အနက် လယ်ဧက ရှစ်သိန်းကျော် ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ မိုးစပါးတစ်ဧကလျှင် ပျမ်းမျှတင်း ၆၀ နှုန်းဖြင့် တွက်ချက်ကြည့်မည်ဆိုပါက ဆန်စပါး တင်း ၄၈ သန်း ဆုံးရှုံးခဲ့ရခြင်းဟု ဆိုရမည်ဖြစ်သည်။

သို့အတွက် ယခုပွင့်လင်းရာသီတွင် ဆန်စပါးအထွက်လျော့နည်းပြီး နိုင်ငံအတွင်းသာမက ပြည်ပပို့ကုန် စားနပ်ရိက္ခာများ လျော့နည်းသွားပြီဟု စိုးရိမ်ပူပန်ဖွယ်ဖြစ်နိုင်ပါသည်။ ပြင်ပတွင်လည်း ယခုနှစ်အတွက် ဆန် အခက်ကြုံနိုင်သည်ဟု တီးတိုးဆိုကြသည်။ လက်တွေ့တွင် ထိုသို့ဖြစ်မလာပါ။ အဓိက စားနပ်ရိက္ခာအတွက် အရန်ဆန်များ လုံလောက်စွာရှိနေသောကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံသည် ဆန်စပါးကို အဓိကစိုက်ပျိုးသောနိုင်ငံဖြစ်၍ ယမန်နှစ်က ဆန်စပါးလုံလောက်အောင် ထွက်ရှိခဲ့သည်။ ထို့ကြောင့် အစိုးရတွင်လည်း အရန်ဆန်ရှိသည်။ ပုဂ္ဂလိကတွင်လည်းရှိသည်။ အသင်းဝင်ကုမ္ပဏီများ၊ စက်ပိုင်များတွင်လည်း သင့်တင့်သည့် သိုလှောင်ဆန်များရှိနေပြီးဖြစ်သည်။ စားနပ်ရိက္ခာအတွက် လုံလောက်သည့် အရန်ဆန်များ ရှိပြီးသားဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံတွင် အာဆီယံခွဲတမ်းအရ ထားရှိရမည့်အရန်ဆန် လုံလောက်စွာ ရှိပြီးသားဖြစ်သည်။ ဆန်တန်ချိန်အားဖြင့် တစ်သောင်းလေးထောင်ရှိပြီး အိတ်အရေအတွက်ဆိုပါက ဆန်အိတ်ပေါင်း တစ်သိန်းရှစ်သောင်းရှိသည်။ လောလောဆယ်တွင် ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များဖြစ်ပွားသဖြင့် ဆန်အထွက်လျော့နည်းနိုင်သည်ဟူသော သတင်းမှားများကြောင့် ဆန်ဈေးနှုန်းမတည်မငြိမ် အခိုက်အတန့်ဖြစ်ခဲ့သည်။

မိုးစပါးပေါ်ဦးစတွင် ဆန်ဈေးနှုန်းမှာ တစ်တန်လျှင် ကျပ် ငါးသိန်းခွဲမှ ခြောက်သိန်းဝန်းကျင်ခန့်ဖြင့် အတက်ဈေးဘက်တွင်ရှိနေသည်။ ပေါ်ဦးပေါ်စတွင် ထိုသို့အတက်ဈေးရှိသော်လည်း နောက်ပိုင်းတွင် ဆန်ဈေးနှုန်းမှာ ပုံမှန်အတိုင်းသာရှိတတ်သည်။ ဆန်စပါးများ လျော့နည်းရှားပါးနေလျှင်မူ ဖြစ်ကောင်းဖြစ်နိုင်သည်။ ယခုအတက်ဈေးဖြစ်နေသည်မှာ လယ်ယာမြေများသဘာဝဘေးသင့်ခဲ့မှုများနှင့် ပြည်ပသို့ ဆန်စပါးများတင်ပို့ခွင့်ပြုထားသောကြောင့် တက်ရိပ်သို့ပြနေခြင်းဖြစ်သည်။

လာမည့်လများတွင် ထိခိုက်ဆုံးရှုံးမှုမရှိသော လယ်မြေများမှ မိုးစပါးများထွက်ရှိလာမည်ဖြစ်ရာ ဆန်စပါးဈေးနှုန်းများ ပြန်လည်တည်ငြိမ်သွားမည်ဟု မျှော်လင့်ရသည်။ ပြည်တွင်း၌ ဆန်စပါးလုံလောက်မှုရှိသဖြင့် ပြည်ပသို့ တင်ပို့ခြင်းကိုလည်း အလေးထားလုပ်ဆောင်ရသည်။ အိမ်နီးချင်းနိုင်ငံများနှင့် စပါးအထွက်ရာသီတူညီသဖြင့် ယခုနှစ်အနေအထားအရ စပါးပို့ကုန်မယှဉ်နိုင်သော်လည်း တတ်နိုင်သလောက်ကြိုးပမ်းတင်ပို့သင့်သည်။

မြန်မာနိုင်ငံသည် တစ်နှစ်လျှင် ဆန်တန်ချိန် ၁၄ သန်းကျော်ထွက်ရှိသည်။ ပြည်တွင်းစားသုံးမှုမှာ တန်ချိန် ၁၂ သန်းကျော်ရှိပြီး အရန်ဆန်လည်း ထားရှိရသဖြင့် ပြည်ပပို့ကုန် ထင်သလောက် ထိရောက်မှုမရှိသေးခြင်းဖြစ်သည်။ တစ်ချိန်သောကာလက မြန်မာနိုင်ငံသည် ပြည်ပသို့ဆန်စပါးတင်ပို့မှုအများဆုံးနိုင်ငံဖြစ်ခဲ့သည်။ ဆန်စပါးစိုက်ဧကများမှာ များပြားလှသဖြင့် ပြည်တွင်းစားသုံးရန်သာမက ပြည်ပသို့ပင် အမြောက်အမြားတင်ပို့နိုင်သည်။ ယခု ရေကြီးရေလျှံဖြစ်စဉ်များကြောင့် အထွက်လျော့နည်းခဲ့သော်လည်း နောင်နှစ်များတွင် ဆန်စပါး ပိုမိုတိုးတက်ထွက်ရှိအောင် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။ မူလက မိုးစပါးစိုက်ဧက ၁၅ သန်းကျော်၊ နွေစပါးစိုက်ဧက သုံးသန်းကျော်နှင့် စုစုပေါင်းစိုက်ဧက ၁၉ သန်းခန့်ရှိသည်။ ယမန်နှစ်က ပြည်ပသို့ဆန်တန်ချိန် တစ်သန်းခန့် တင်ပို့နိုင်သည်။ ယခုနှစ်တွင်မူ ဆန်တင်ပို့မှုတန်ချိန်ထက်ဝက်ခန့် လျော့ကျသွားနိုင်သည်။

အမှန်တကယ်တွင် ပြည်တွင်းဆန်စားသုံးမှု တန်ချိန် ၁၂ သန်းကျော်သာရှိ၍ သဘာဝဘေးမသင့်သော နောင်နှစ်များတွင် စိုက်ဧကအပြည့်တိုးတက်စိုက်ပျိုးခြင်းအပြင် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များဖြင့် စနစ်တကျစိုက်ပျိုးသွားမည်ဆိုလျှင် ဆန်စပါးအထွက် ပိုမိုတိုးတက်ထွက်ရှိလာမည်ဟု မျှော်လင့်ရပါသည်။ ဆန်စပါးကို အခြေပြု၍ လယ်ယာမြေဖွံ့ဖြိုးတိုးတက်ရေး အစီအမံများနှင့် တက်ညီလက်ညီ ကြိုးပမ်းစိုက်ပျိုးကြမည်ဆိုလျှင် ပြည်တွင်း၊ ပြည်ပ စားနပ်ရိက္ခာ ဖူလုံပိုလျှံတိုးတက်လာမည်ဖြစ်ပါသည်။ ။

# မန္တလေးမြို့ရေပေးဝေရေးစနစ် ပိုမိုတိုးတက်ကောင်းမွန်ရေး သန့်ရှင်းသည့်သောက်သုံးရေများ ဖြန့်ဖြူးမည်

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးမြို့တွင်း ရေပေးဝေရေးစနစ်ကို JICA နှင့် ပူးပေါင်း၍ ပိုမိုတိုးတက်ကောင်းမွန်ရေး စီမံကိန်းရေးဆွဲပြီး မြို့နေပြည်သူများအတွက် သန့်ရှင်းသည့် သောက်သုံးရေဖြန့်ဖြူးသွားနိုင်ရန် မြို့တော်စည်ပင်က လုပ်ဆောင်နေကြောင်း သိရသည်။

"ရေဆိုတာက သက်ရှိတွေနဲ့ ကင်းကွာလို့မရလို့ မြို့နေလူထုစိတ်ချမ်းသာရေးမှာ ရေက မရှိမဖြစ်လိုပါတယ်။ ဒီစီမံကိန်းကြီးပြီးသွားရင် မြို့နေလူဦးရေရဲ့ ၃၀ ရာခိုင်နှုန်းခန့် ရေရရှိနိုင်တော့မှာပါ။ ပြည်သူတွေ လိုအပ်ချက်အတွက် စည်ပင်ရံပုံငွေထဲက အတတ်နိုင်ဆုံး ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကော်မတီဝင်တစ်ဦးက ပြောသည်။

မန္တလေးမြို့ ချဲ့ထွင်ပြီးနောက်ပိုင်း ပြည်ကြီးတံခွန်မြို့နယ်တွင် လူဦးရေ၏ ငါးရာခိုင်နှုန်းသာ သောက်သုံးရေ ဖြန့်ဖြူးပေးနိုင်ရာမှ ယခု JICA မှ ကူညီထောက်ပံ့ငွေ ယန်း ၂ ဒသမ ၅၅ ဘီလီယံခန့်ဖြင့် တိုးချဲ့ရေပေးဝေနိုင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ် စီမံကိန်းပြီးပါက ပြည်ကြီးတံခွန်မြို့နယ်အတွင်း (ဂ)(ဃ)(င) ရပ်ကွက်များ၊ ငွေတော်ကျီကုန်းနှင့် သင်ပန်းကုန်းရပ်ကွက်များတွင် ရေလွှမ်းခြုံရရှိတော့မည်ဖြစ်ကြောင်း သိရသည်။



"ရေမီတာလျှောက်ထားမှု တိုးမြင့်လာဖို့လည်း ပညာပေးဆွေးနွေးမှုတွေ လုပ်နေတယ်။ လိုအပ်တဲ့ လက်ကမ်းစာစောင်တွေဖြန့်ဝေပြီး စစ်တမ်းကောက်တာ၊ အကြံပြုလွှာတွေလည်း ပြင်ဆင်လုပ်ဆောင်တာဖြစ်တယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ပိုက်များဖြင့် ရေပေးဝေရေးစနစ်တွင် အန္တရာယ်ကင်းစေရန် ကလိုရင်းဆေးခတ်စနစ်ဖြင့် သတ်မှတ်စံနှုန်းကိုက်ညီသည့် သန့်စင်သောရေများ ပေးဝေမည်ဖြစ်၍ သန့်စင်သောရေကို အသုံးပြုနိုင်မည်ဟု ဆိုသည်။

ဈေးနှုန်းများမှာ တစ်ကုဗမီတာ ၂၂၀-ဂါလန်လျှင် ၈၅ကျပ်ဖြစ်ပြီး လိုအပ်သည့် ရေဖိအားမြှင့်တင်ဆောင်ရွက်မည်ဖြစ်၍ ရေမော်တာများ အသုံးပြုရန်မလိုတော့သဖြင့် လျှပ်စစ်မီး သုံးစွဲမှုမှ ကင်းဝေးကာ ကုန်ကျစရိတ်သက်သာမည်ဖြစ်ပြီး အဆိုပါ ရေပေးဝေရေးဇရိယာအတွက် စီမံကိန်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂၂**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၉၃၅၀၀ | - | ၇၉၄၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၉၃၅၀၀ | - | ၇၉၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၁.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၅၂.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၁.၇၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅.၉၆၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၈.၆၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉.၆၆၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၆၈.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂.၄၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၄.၅၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၉.၀၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# M Voter 2015 App ဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ မိုဘိုင်းဖုန်းများဖြင့် ရှာဖွေလေ့လာနိုင်

**ဟသ်ာတ အောက်တိုဘာ ၂၂**

မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်သည့် သတင်းအချက်အလက် များကို M Voter 2015 App ဖြင့် မိုဘိုင်းဖုန်းများတွင် အသုံးပြု၍ လေ့လာနိုင်မည့် လမ်းညွှန်ပိုစတာများကို အများပြည်သူအသုံးပြုနိုင်ရန် ဟသ်ာတခရိုင် ပြန်/ဆက် ရုံးတွင်းပြဘုတ်များ၊ လူစည်ကားသည့် စာပေ ရေချမ်းစင်ကြီးထားရှိရာ မီးရထားဘူတာရုံတို့တွင် ကြော်ငြာခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် ဆန္ဒမဲပေးနည်း၊ မဲဆန္ဒနယ်အလိုက် ပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းများ၏ အချက်အလက်များ၊ ၎င်းတို့ကိုယ်စားပြုသည့် ပါတီများ၏ မူဝါဒများအကြောင်းကို သိရှိနိုင်ရေး မဲပေးစို့ မိုဘိုင်းဖုန်း M Voter 2015 App အခမဲ့ရယူနိုင်သည့် www.maepaysoh.org ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ပုံနှင့် Appdownload ရယူ Install ပြုလုပ်အသုံးပြုပုံအဆင့်ဆင့်အား ရှင်းလင်းပြသ၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဟသ်ာတ(ပြန်/ဆက်)**




ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

**✱ ရှေ့ဖုံးမှ**

ဧရာဝတီတံတား(ထီးချိုင့်)ကို ၂၀၁၄ ခုနှစ် မေ ၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယနေ့ (အောက်တိုဘာ ၂၂ ရက်) တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ရာ တံတားတည်ဆောက်ချိန်မှာ တစ်နှစ်နှင့် ငါးလသာ ကြာမြင့်ခဲ့သဖြင့် မြစ်ကူးတံတားကြီးများ ဆောက်လုပ်ခဲ့မှုတွင် အချိန်အတိုဆုံးဖြင့် ဆောက်လုပ်နိုင်ခဲ့သည့် တံတားကြီးဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လေးနှစ်အတွင်း လမ်းခရီးအရှည် တိုးတက်မှုမှာ ၁၁၉ မိုင် သုံးဖာလုံဖြစ်ပြီး ၎င်းတွင် ကတ္တရာလမ်းအနေဖြင့် ၂၉၈ မိုင် ဒသမ ၄၈ ဖာလုံ တိုးတက်ခဲ့ကြောင်း၊ပေ (၁၈၀) အထက် ကွန်ကရစ်တံတားတိုးတက်မှုမှာ ၁၄ စင်းဖြစ်ပြီး ဘေလီတံတားတိုးတက်မှုမှာ ၁၂၆ စင်းဖြစ်ကြောင်း၊ ယခုတံတားကြီး တည်ဆောက်ပြီးစီးသည့်အတွက် ဧရာဝတီ မြစ်ကိုဖြတ်ကူး၍ မန္တလေး-သပိတ်ကျင်း-တကောင်း-ဗန်းမော်လမ်းနှင့် ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းသို့ ကူးလူးဆက်သွယ်သွားလာနိုင်ကြတော့မည်ဖြစ်ပါကြောင်း၊ ယနေ့ ရရှိထားသည့် ရလဒ်ကောင်းများကို အခြေခံ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားကာ တည်ဆောက်ပေးခဲ့သည့် ယခုတံတားကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းသွားကြရန် တိုက်တွန်းပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဧရာဝတီတံတား (ထီးချိုင့်)ဖွင့်ပွဲသို့ တက်ရောက်လာသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးစိုးမင်းက တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ထီးချိုင့်မြို့နယ် ဒေသခံ ရပ်ဖိရပ်ဖတစ်ဦးက တံတားတည်ဆောက်ပေးမှုအတွက် ကျေးဇူးတင်စကားပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဧရာဝတီတံတား (ထီးချိုင့်) ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ဧရာဝတီမြစ်ခြားနေသော ကသာခရိုင် ထီးချိုင့်မြို့နယ်ရှိ ထီးချိုင့်မြို့နှင့် မြတောင်ကျေးရွာတို့ ဆက်စပ်ပြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဤတံတားကြီးကို တစ်နှစ်နှင့် ငါးလအတွင်း တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့အစိုးရသည် စနစ်တစ်ခုမှတစ်ခုသို့ အသွင်ကူးပြောင်းရေးကို တာဝန်ယူအကောင်အထည်ဖော်ရသည့်အတွက် ခြေလှမ်းတိုင်းကိုသတိထားဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ အရာရာကိုချိန်ဆဆောင်ရွက်ခဲ့သည့်အတွက် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးသည် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများ၏ အသွင်ကူးပြောင်းရေးကဲ့သို့ စစ်ပွဲများ၊ အကြမ်းဖက်မှုများ၊ နိုင်ငံရေးပဋိပက္ခများ၊ သိန်းချီသည့် စစ်ပြေးဒုက္ခသည်များနှင့် ရင်ဆိုင်ရခြင်းမရှိဘဲ အေးချမ်းစွာဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုအောင်မြင်မှုသည် မည်သို့မျှမငြင်းနိုင်သည့် အောင်မြင်မှုဖြစ်ကြောင်း။

မိမိတို့၏ အသွင်ကူးပြောင်းရေးသည် ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ကဏ္ဍစုံတွင် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံရေးတည်ငြိမ်မှုရှိစေရန်နှင့် နိုင်ငံရေးဖြစ်စဉ်တွင် အားလုံးပါဝင်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်းနှင့် ထိန်းသိမ်းခံထားရသည့် နိုင်ငံရေးနှင့်ပတ်သက်သော အကျဉ်းသားများ ပြန်လည်စေလွှတ်ပေးခြင်းတို့ လုပ်ဆောင်ပေးခဲ့ကြောင်း။

ထို့အပြင် ငြိမ်းချမ်းရေးမရှိလျှင် ဒီမိုကရေစီမရှိနိုင်သည့်အတွက် နှစ်ပေါင်း (၆၀)ကျော် လက်နက်ကိုင်ပဋိပက္ခကို ချုပ်ငြိမ်းစေရန်အတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ခဲ့ကြောင်း၊ ယခုအခါ NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့ဖြင့် လက်မှတ်ရေးထိုးခဲ့ပြီး ကျန်အဖွဲ့များ ဆက်လက်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်ပေါင်း (၆၀)အတွင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အားလုံးက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ အချက်များကို သဘောတူခဲ့ခြင်းသည်လည်း ထင်ရှားသည့်အောင်မြင်မှုဖြစ်ပါကြောင်း။

စီးပွားရေးပြုပြင်ပြောင်းလဲရေးတွင်လည်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့် အခြေခံကောင်းများဖြစ်သည့် ယှဉ်ပြိုင်မှုကို အဓိကထားသော ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ခြင်း၊ တစ်ခုတည်းသော နိုင်ငံခြားငွေလဲလှယ်နှုန်းဖြစ်အောင် ဆောင်ရွက်ခြင်း၊ ပြည်သူများ အထူးသဖြင့် ကျေးလက်နေပြည်သူများ စီးပွားရေးတိုးတက်စေရန် အထောက်အကူဖြစ်စေသည့် မိုဘိုင်းလ်ဖုန်းများ၊ မော်တော်ယာဉ်များကို လူတိုင်းလက်လှမ်းမီစေရန် ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးခဲ့ကြောင်း၊ ထိုအခြေခံကောင်းများကို အသုံးချပြီး တစ်ဦးချင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း။

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုတွင် အထက်မှ ညွှန်ကြားသည့်စနစ်အစား ပြည်သူကိုဗဟိုပြုသည့် အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲဆောင်ရွက်ခဲ့ကြောင်း၊ အထက်ပါ အောင်မြင်မှုများကို အခြေခံပြီး အစိုးရ၊ ပြည်သူပူးပေါင်းကာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မကြာမီကျင်းပမည့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုင်ငံတကာကလည်း အလေးထားစောင့်ကြည့်နေကြောင်း၊ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အစိုးရကလည်း အစွမ်းကုန်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြည်သူများကလည်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေးသည် မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာအတွက် အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ ထူးချွန်လူငယ်ငါးဦးက ဧရာဝတီတံတား (ထီးချိုင့်)ဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် တက်ရောက်လာကြသူများနှင့်အတူ တံတားဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧရာဝတီတံတား (ထီးချိုင့်) ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်သမ္မတက ဧရာဝတီတံတား (ထီးချိုင့်)ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် တံတားပေါ်သို့ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မိုးကုတ်မြို့သို့ရောက်ရှိပြီး နိုင်ငံတော်သမ္မတသည် မိုးကုတ်မြို့လယ်အင်း(မုံကွင်း)စီမံကိန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ရွှေဘိုမြို့သို့ရောက်ရှိကြပြီး မဟာနန္ဒာကန်ပြန်လည်ပြုပြင် မွမ်းမံပြီးစီးမှုအခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ မဟာအောင်မြေ ဆုတောင်းပြည့် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ အလှူငွေများပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ရွှေဘိုမြို့ မဟာအောင်မြေကျောင်းတိုက်၌ မြို့နယ်မဟာသံဃနာယက ဆရာတော် ဘဒ္ဒန္တ ဝိမလာဘိဝံသ အမှူးပြုသော သံဃာတော်များအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ရွှေဘိုမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ပြင်ဦးလွင်မြို့သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# အနောက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ကူညီမှုပေးရန် ဗြိတိန်နိုင်ငံကို တရုတ်သမ္မတတိုက်တွန်း



**လန်ဒန် အောက်တိုဘာ ၂၂**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့အလည်အပတ်ရောက်ရှိနေသည့် တရုတ်သမ္မတ ရှီကျင့်ဖျင်က အနောက်နိုင်ငံများနှင့် ပိုမိုရင်းနှီးမှုရရှိရန်အတွက် ဗြိတိန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံကို ကူညီဖေးမမှုများပေးရန် အောက်တိုဘာ ၂၁ ရက်က ဂုဏ်ပြုညစာစားပွဲတွင် တိုက်တွန်းပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ အနောက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ဗြိတိန်နိုင်ငံသည် ရှေ့ဆောင်လမ်းပြတစ်ခုဖြစ်ကြောင်း သမ္မတရှီက မိန့်ခွန်းထဲတွင် ပြောကြားခဲ့သည်။

အနောက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံ၏ ရည်မှန်းချက်ကို ဗြိတိန်နိုင်ငံအနေဖြင့် ဖြည့်ဆည်းပေးရန် မျှော်လင့်ကြောင်းလည်း ၎င်းကဆိုသည်။

အောက်တိုဘာ ၂၁ ရက် အစောပိုင်းက အမေရိကန်ဒေါ်လာ ၆၂ ဘီလီယံဝန်းကျင် တန်ဖိုးရှိ အကျိုးတူပူးပေါင်းဆောင်ရွက်မှုစာချုပ်များကို နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းစာချုပ်များအနက် ဗြိတိန်နိုင်ငံတွင် နျူကလီးယားစက်ရုံတည်ဆောက်ရန် စီမံကိန်းတစ်ခုလည်း ပါဝင်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံသည် တရုတ်နိုင်ငံဦးဆောင်သည့် အာရှအခြေခံဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်တွင် ပါဝင်မည့် ပထမဦးဆုံး ဂျီ-၇ နိုင်ငံဖြစ်လာခဲ့သည်။

အနောက်နိုင်ငံများအကြား ဗြိတိန်နိုင်ငံသည် တရုတ်နိုင်ငံနှင့်အရင်းနှီးဆုံးသော မိတ်ဖက်နိုင်ငံဖြစ်လိမ့်မည်ဟု ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ဂျော့အော့စဘွန်းက လွန်ခဲ့သည့်လက ၎င်း၏ တရုတ်နိုင်ငံခရီးစဉ်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# အမေရိကန်၊ ရုရှား၊ တူရကီနှင့် ဆော်ဒီတို့ ဆီးရီးယားအရေး ဆွေးနွေးမည်

**ဝါရှင်တန် အောက်တိုဘာ ၂၂**

အမေရိကန်၊ ရုရှား၊ တူရကီနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် အောက်တိုဘာ ၂၃ ရက်တွင် ဗီယင်နာမြို့၌တွေ့ဆုံ၍ ဆီးရီးယားပြည်တွင်းစစ်အဆုံးသတ်ရေးအတွက် နည်းလမ်းများရှာဖွေဆွေးနွေးကြမည်ဖြစ်သည်။

အမေရိကန်၊ တူရကီနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့က ဆီးရီးယားသမ္မတ ဘာရှား အယ်လ်အာဆတ်ဖြုတ်ချနိုင်ရေးအတွက် လိုလားလျက်ရှိနေကြပြီး ရုရှားနိုင်ငံက အာဆတ်အစိုးရ ရှင်သန်ရပ်တည်နိုင်ရေးအတွက် စစ်ရေးအကူအညီများ ထောက်ပံ့ပေးလျက်ရှိသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက အဆိုပါလေးနိုင်ငံတွေ့ဆုံဆွေးနွေးပွဲပြုလုပ်မည့်အကြောင်းကို ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ အဓိကအားဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်တို့နှစ်ဦး တွေ့ဆုံပြီးနောက် လေးနိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ ဆက်လက်တွေ့ဆုံကာ ဆီးရီးယားနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်လာရေးသို့ ဦးတည်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဂျွန်ကာဘီက ပြောကြားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဆီးရီးယားသမ္မတ အာဆတ်ကို အင်္ဂါနေ့က မော်စကိုမြို့တော်တွင် လက်ခံတွေ့ဆုံခဲ့ပြီးနောက် ဗုဒ္ဓဟူးနေ့တွင် တူရကီသမ္မတ အာဒိုဂန်၊ ဆော်ဒီဘုရင် ဆာလမန် ဘင် အဗ္ဗဒူလာဇစ်တို့ကို ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်။

ပူတင်သည် ဆီးရီးယားနိုင်ငံတွင် အာဆတ်ကို ထောက်ခံကြောင်းပြသပြီး တစ်ချိန်တည်းမှာပင် ဆီးရီးယားနိုင်ငံကို ဆန့်ကျင်နေသည့် နိုင်ငံများနှင့်တွေ့ဆုံဆွေးနွေးရန်လည်း လိုလိုလားလားရှိကြောင်း ပြသလျက်ရှိသည်ဟု လေ့လာသူများက သုံးသပ်ကြသည်။

**အင်န်အိတ်ချ်ကေ။**




# ဆွီဒင်စာသင်ကျောင်းတစ်ကျောင်းတွင် ဓားထိုးမှုဖြစ်ပွား လူတစ်ဦးသေ၊ လေးဦးဒဏ်ရာရ

**စတော့ဟုမ်း အောက်တိုဘာ ၂၂**

ဆွီဒင်နိုင်ငံအနောက်ပိုင်းရှိ စာသင်ကျောင်းတစ်ကျောင်းတွင် မျက်နှာဖုံးစွပ်ထားသောအမျိုးသားတစ်ဦးက ဓားဖြင့်တိုက်ခိုက်ခဲ့ရာ လူတစ်ဦးသေဆုံးပြီး လေးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါအမျိုးသားကို ရဲတပ်ဖွဲ့က သေနတ်ဖြင့်ပစ်ခတ်ခဲ့ကြောင်း အာဏာပိုင်များက အောက်တိုဘာ ၂၂ ရက်တွင် ပြောကြားသည်။

ဓားဖြင့်တိုက်ခိုက်ခံရသူများတွင် အရွယ်ရောက်ပြီးသူတစ်ဦးနှင့် ကလေးငယ်လေးဦးပါဝင်ပြီး ၎င်းတို့ငါးဦးအနက် သေဆုံးသူမှာ မည်သူမည်ဝါဖြစ်သည်ကိုမူ ရှင်းရှင်းလင်းလင်းမသိရသေးပေ။

ဓားကိုင်သောင်းကျန်းသူမှာ သေနတ်ဒဏ်ရာကြောင့် ဆေးဝါးကုသမှုခံယူနေရကြောင်း၊ တိုက်ခိုက်ခံရသူအချို့မှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ခွဲစိတ်ကုသမှုများခံယူနေရကြောင်း၊ တစ်ဦးမှာ အခင်းဖြစ်ပွားသည့်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ ယင်းတိုက်ခိုက်မှုမှာ ဆွီဒင်နိုင်ငံ၏ ဒုတိယအကြီးဆုံး ဂိုသတ်ဘတ်မြို့ မြောက်ဘက်ရှိ လူဦးရေ ၅၀၀၀၀ ခန့်ရှိသော စက်မှုမြို့တော်ဖြစ်သည့် ထရိုဟက်တန်မြို့ရှိ Kronan စာသင်ကျောင်းတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဓားတစ်လက်ကိုင်ဆောင်ထားသောမျက်နှာဖုံးစွပ်အမျိုးသားတစ်ဦး အဆိုပါစာသင်ကျောင်းတွင် ရောက်ရှိနေကြောင်းနှင့် စာသင်ကျောင်းရှိ စားသောက်ဆိုင်အနီးတစ်ဝိုက်တွင် လူတစ်ဦးဓားထိုးခံထားရကြောင်း အရေးပေါ်ဖုန်းခေါ်ဆိုမှုတစ်ခုကို ရဲတပ်ဖွဲ့က လက်ခံရရှိခဲ့ကြောင်း ရဲအရာရှိများကပြောသည်။

**ရိုက်တာ။**

# ရုရှားထံမှ လေကြောင်းစစ်ရေး အကူအညီရရှိရေး အီရတ်ဝန်ကြီးချုပ် အဘာဒီ ဖိအားပေးခံနေရ

**ဘဂ္ဂဒက် အောက်တိုဘာ ၂၂**

အီရတ်နိုင်ငံ၏နယ်မြေအများအပြားကို ထိန်းချုပ်ထားသော အစ္စလာမ့်စ်နိုင်ငံတော်(အိုင်အက်စ်)စစ်သွေးကြွများကို ရုရှားနိုင်ငံက လေကြောင်းထိုးစစ်ဆင်နွှဲပေးရန် ယင်းနိုင်ငံ၏အာဏာရ မဟာမိတ်အဖွဲ့နှင့် တန်ခိုးဩဇာကြီးမားသော ရှီးယိုက်ပြည်သူ့စစ်အဖွဲ့တို့က ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်အဘာဒီကို တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ်အဘာဒီသည် ရုရှားထံမှ လေကြောင်းအကူအညီရရှိရေး ဆောင်ရွက်ရန် ဖိအားပေးမှုမြင့်မားလာနေချိန်တွင် အဘာဒီအနေဖြင့် အမေရိကန်ပြည်ထောင်စုကို မဟာဗျူဟာမြောက် မဟာမိတ်နိုင်ငံအဖြစ် ဆက်လက်ဆက်ဆံသွားရန် အာဏာရမဟာမိတ်အဖွဲ့နှင့် ရှီးယိုက်ပြည်သူ့စစ်အဖွဲ့က လိုလားကြောင်း သတင်းတွင်ဖော်ပြသည်။

အီရတ်နိုင်ငံသည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကို လေကြောင်းမှ တိုက်ခိုက်နိုင်ရေးအတွက် ရုရှား၏ အကူအညီကိုရယူရန် ကြိုးပမ်းမည်မဟုတ်ဟု ဘဂ္ဂဒက်သို့ အောက်တိုဘာ၂၀ရက်က ရောက်ရှိခဲ့သူ အမေရိကန်ဗိုလ်ချုပ်ကြီးဂျိုးဆက်ဒန်းဖို့ဒ်က ပြောကြားသည်။

အီရတ်၏ အိမ်နီးချင်းဆီးရီးယားနိုင်ငံ၌မူ အမေရိကန်နှင့် ရုရှားနိုင်ငံတို့က အိုင်အက်စ်စစ်သွေးကြွတို့အား လေကြောင်းမှ တိုက်ခိုက်မှုများကို အပြိုင်အဆိုင်ပြုလုပ်လျက်ရှိကြသည်။ အလားတူ လေကြောင်းတိုက်ခိုက်မှုများ အီရတ်နိုင်ငံ၌ ပြုလုပ်လာဖွယ်ရှိသည်ဟု ထင်ကြေးပေးပြောဆိုမှုများ ပေါ်ထွက်ခဲ့သည်။

**ရိုက်တာ။**

# တရုတ်စာအုပ်ပွဲတော် လန်ဒန်မြို့တော်တွင် ကျင်းပ

**လန်ဒန် အောက်တိုဘာ ၂၂**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့လယ်ရှိ သက်တမ်းရင့်စာအုပ်ဆိုင်တစ်ဆိုင်ဖြစ်သည့် ဟတ်ချတ်စာအုပ်ဆိုင်၌ တရုတ်စာအုပ်ပွဲတော်ကို ကျင်းပလျက်ရှိကြောင်း အောက်တိုဘာ၂၂ရက် ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

တရုတ်စာအုပ်ပွဲတော်ကို အောက်တိုဘာ၁၉ရက်မှ ၂၈ရက်အထိ ကျင်းပလျက်ရှိပြီး တရုတ်နိုင်ငံနှင့် ပတ်သက်နေသော စာအုပ်များကို ဝါးတားစတုန်း စာအုပ်အရောင်းဆိုင်၊ ဗြိတိသျှပြတိုက်စာအုပ်ဆိုင်၊ ဟာရော့ဒ်စာအုပ်ဆိုင်ကဲ့သို့သော စာအုပ်ဆိုင်ကြီးများတွင် အရောင်းမြှင့်တင်နိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

စာအုပ်ပြပွဲ၌ တရုတ်နိုင်ငံနှင့်ပတ်သက်၍ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့်စာအုပ်များကို အထူးပြုပြသထားသည်။ တရုတ်သမ္မတရှီကျင့်ဖျင်အစိုးရလက်ထက် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာအကြောင်းအရာများကိုဖော်ပြသည့် စာအုပ်များကိုလည်း ခင်းကျင်းပြသထားသည်။ အခြားစာအုပ်များမှာမူ တရုတ်တို့၏ယဉ်ကျေးမှုနှင့် စာပေတို့နှင့် ဆက်နွှယ်နေပြီး တရုတ်ဂန္ထဝင်စာပေဆိုင်ရာစာအုပ်များလည်းပါဝင်သည်။

တရုတ်စာအုပ်ပွဲတော်ကို တရုတ်နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာန ဒုတိယအကြီးအကဲ ဂေါင်ဘိုစီယင်ကဖွင့်လှစ်ပေးခဲ့သည်။ တရုတ်နှင့်ဗြိတိန်နှစ်နိုင်ငံယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအစီအစဉ်အဖြစ် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဗြိတိန်ခရီးစဉ်ကာလအတွင်း စာအုပ်ပွဲတော်ကို ကျင်းပခြင်းဖြစ်သည်။

**ဆင်ဟွာ။**







နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိုးကုတ်မြို့ လယ်အင်း(မုံကွင်း) စီမံကိန်းအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ရွှေဖုံး)
(ပြန်/ဆက်)




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တံတားဖွင့်ပွဲသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်း-ရွှေဖုံး)
(သတင်းစဉ်)

# ငွေကျပ် ၂၀၀ တန်ထီ နိုဝင်ဘာ ၁ ရက်ဖွင့်မည်

**ရန်ကုန်　　အောက်တိုဘာ　၂၂**

(၃၂၂)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄)မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နိုဝင်ဘာ ၁ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ စတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ ထီဖွင့်ပွဲတွင် ဆုကြီးတစ်ဆုချင်းစနစ်အရ ကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ နှစ်ဆု၊ ကျပ်သိန်း ၅၀၀ ငါးဆု၊ ကျပ်သိန်း ၃၀၀ ခြောက်ဆု၊ကျပ်သိန်း ၂၀၀ ခုနစ်ဆု၊ ကျပ်သိန်း ၁၀၀(၁၈)ဆု၊ ကျပ်သိန်း ၅၀ ၂၀ ဆု၊ ကျပ် ၂၅ သိန်း ၂၀ ဆု၊ ကျပ် ၁၀ သိန်း ၃၀ ဆု၊ ကျပ်ငါးသိန်း ၃၄ ဆု၊ ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်များမှ အက္ခရာနှင့်ရှေ့ဂဏန်းငါးလုံးတူ (၁၀)ယူနစ်အတွက် ကျပ်သုံးသိန်း ၁၀၀ ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်းလေးလုံးတူ(၁၀)ယူနစ်အတွက် ကျပ်နှစ်သိန်း ၁၀၀၀ ဆု၊ အက္ခရာနှင့်ရှေ့ဂဏန်းသုံးလုံးတူ(၉)ယူနစ်အတွက် ကျပ်တစ်သိန်း ၉၀၀၀ ဆုနှင့် အက္ခရာနှင့် ရှေ့ဂဏန်းနှစ်လုံးတူ (၃)ယူနစ်အတွက် ကျပ်ငါးသောင်း ၃၀၀၀၀ ဆု အပါအဝင် ဆုမဲပေါင်း ၄၀၂၄၃ ဆု ခွဲဝေပေးမည်ဖြစ်သည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း ဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် အောက်တိုဘာ ၂၁ ရက်မှစတင်၍ သက်ဆိုင်ရာ နိုင်ငံ/မြို့နယ် အသီးသီးရှိ ကော်မရှင် အဖွဲ့ခွဲများထံမှ ရောက်ရှိလာသော အဝေးရောက်မဲဆန္ဒရှင်များ၏ ကြိုတင်မဲများကို ယင်းနေ့ ညနေ ၃ နာရီက မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် သီးသန့်ထားရှိမည့် ကြိုတင်မဲပုံးအတွင်းသို့ ကြိုတင်ဆန္ဒမဲ လက်မှတ်အိတ်များ ထည့်သွင်းနေစဉ်။
ကိုနေ(ကျောက်ပန်းတောင်း)



# ပင်းတယမြို့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးခြင်းကို ထောက်ခံ

**ပင်းတယ　　အောက်တိုဘာ　၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၌ အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့် အခမ်းအနားကျင်းပခဲ့သည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်နှင့် ဓနုဒေသခံ တိုင်းရင်းသားပြည်သူလူထုအင်အား ၈၀၀ ခန့်ဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမှူးပြုသော နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့မှ ခေါင်းဆောင်များ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်လက်မှတ်ရေးထိုးခြင်းကို ဂုဏ်ပြုကြေညာခြင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် စာချုပ်လက်မှတ်ရေးထိုးပွဲအား ထောက်ခံအပ်ပါသည်ဆိုသည့် ဗီနိုင်းပိုစတာများ၊ လက်ကိုင်ပိုစတာများ ကိုင်ဆောင်၍ ကြွေးကြော်သံများဖြင့် ပင်းတယမြို့ ဓမ္မာရုံ၊ မြို့မဈေး၊ မြို့နယ်အားကစားခန်းမသို့ တက်ရောက်ကြသည်။

ထို့နောက် ပင်းတယမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏသိန်းက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်လက်မှတ်ရေးထိုးခြင်းကို ထောက်ခံကြောင်း အဆိုအားတင်သွင်းရာ ဓနုပညာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးစန်းမောင်က ထောက်ခံကြောင်း ဆွေးနွေးပြောကြားသွားပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးခြင်းပေါ် ထောက်ခံကြိုဆိုခြင်း အဆိုတင်သွင်းပြီးနောက် သဘာပတိ ဦးထူးကိုကိုက တက်ရောက်လာသူများ၏ ထောက်ခံသဘောတူညီခြင်းကို ရယူတောင်းခံခဲ့ရာ တက်ရောက်လာသော ဒေသခံတိုင်းရင်းသားများက တစ်ခဲနက်ထောက်ခံခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမိ ဧရာဝတီ၊ ထီးချိုင့်တံတားနှင့် မြသိန်းတန်စေတီ

သဘာဝသယံဇာတအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်း၊ အင်းအိုင်နှင့် တောတောင်ရေမြေတို့သည် အဆိုပါနိုင်ငံရှိ ပြည်သူများအတွက် တန်ဖိုးမဖြတ်နိုင်သော သဘာဝကပေးသည့် ရတနာများဖြစ်သကဲ့သို့ တစ်ခါတစ်ရံတွင်လည်း အဆိုပါအရင်းအမြစ်များသည် တည်မှီရာဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကန့်သတ်ချက်လည်း ဖြစ်တည်နေတတ်သည်။

အဆိုပါကန့်သတ်ချက်များကို ကျော်လွှားနိုင်ရန်ဆိုလျှင် **"မြစ်ကိုမြင်လျှင် တံတားဆင်၊ ပြည်ခွင်သာဖို့ လမ်းခင်းစို့"** ဆိုသည့် စကားအတိုင်း တောင်များကိုကျော်၊ မြစ်များကိုဖြတ်၊ တံတားများဆောက်၊ လမ်းများဖောက်လုပ်ကြရမည်ဖြစ်သည်။

သို့ဖြစ်၍ ခေတ်အဆက်ဆက်သောအစိုးရတို့သည် တာဝန်ယူစဉ်ကာလအတွင်း တတ်စွမ်းသမျှ လမ်းများဖောက်၊ တံတားများဆောက်လုပ်ခဲ့ကြပေသည်။ လက်ရှိအစိုးရအဖွဲ့အနေဖြင့်လည်း ပြည်သူများဒေသအနှံ့အပြားသို့ လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်ရေးအတွက် ဧရာဝတီမြစ်ပေါ် ဖြတ်သန်းဆောက်လုပ်ထားသည့် (၁၅)စင်းမြောက်တံတားဖြစ်သော ဧရာဝတီတံတား(ထီးချိုင့်)ကို တည်ဆောက်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် တစ်နိုင်ငံလုံး လမ်းကွန်ရက်စီမံကိန်းကို ရေးဆွဲချမှတ်ထားပြီး ဖြစ်သည်။

"ကျွန်တော်တို့ ထီးချိုင့်မြို့နယ်ဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့ ဆုံရာမှာဖြစ်ပေမယ့် လမ်းပန်းဆက်သွယ်ရေးမှာဆိုရင် ရေလမ်းတစ်ခုတည်းအပေါ်မှာ အားကိုးအားထားပြုပြီး သွားလာရတယ်။ ဒါကြောင့် ကျွန်တော်တို့ဒေသကို ဝေးလံတဲ့ဒေသလို့ပြောကြတယ်။ မန္တလေး-ဗန်းမော်ကားလမ်းရှိပေမယ့် မြတောင်ဒေသကို ဇက်နဲ့ပဲကူးရတဲ့အတွက် အခက်အခဲကြုံရတယ်။ အခုလို တံတားတည်ဆောက်ပေးတဲ့အတွက် သွားလာရေးဟာ တော်တော်လေးအဆင်ပြေသွားတယ်။ နောင်ဒီဒေသမှာရှိတဲ့ ပြည်သူတွေအတွက် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးတွေ ကောင်းလာတော့မှာဖြစ်ပါတယ်"ဟု မြို့ခံ ဦးမြင့်ဌေးက ပြောသည်။

**အရင်က တစ်နေရာသွားမယ်ဆိုရင် မြစ်ကူးဖို့ ဇက်တို့၊ မော်တော်တို့ စောင့်ရတာမျိုးရှိတယ်။ စောင့်နေရတဲ့အတွက် အချိန်ကုန်တယ်။ ခရီးထောက်တယ်။ အခုတော့ လွယ်လင့်တကူသွားလို့ရပြီး ရေလမ်းကနေသွားတဲ့အချိန်ထက် အများကြီး အချိန်ကုန်သက်သာတယ်။ စီးပွားရေးအတွက် ရောင်းမယ်၊ ဝယ်မယ်ဆိုရင်လည်း ခရီးမဖင့်တော့ဘူး။ လမ်းမထောက်တော့ အားလုံးအဆင်ပြေသွားတာပေါ့။**

ဧရာဝတီမြစ်ကြီးဖြတ်သန်းစီးဆင်းမှုအနေအထားကြောင့် မြေသယံဇာတ၊ ရေသယံဇာတများ ပြည့်စုံမှုတူညီကြသော်လည်း မြစ်အနောက်ဘက်ခြမ်းရှိဒေသများနှင့် အရှေ့ဘက်ကမ်းရှိဒေသများကို လေ့လာကြည့်လျှင် မြစ်အနောက်ဘက်ခြမ်းရှိဒေသများသည် ဖွံ့ဖြိုးမှု၌ နောက်ကျကျန်ခဲ့သည်ကို နှိုင်းယှဉ်တွေ့ရပေလိမ့်မည်။

ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်ကိုကြည့်ပါက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်လိုအပ်မှုကို တွေ့ရှိရမည်ဖြစ်သည်။ ထို့ပြင် ဈေးကွက်တည်ရှိရာ အခြားအရပ်ဒေသများသို့ လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မှုနည်းပါးခြင်းကြောင့်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနောက်ကျရခြင်းဖြစ်သည်။

"ဟိုတုန်းက ကားလမ်းတွေ အခုလို မဖွံ့ဖြိုးသေးတော့ သင်္ဘောကို အားထားပြီး သွားရတယ်။ မြတောင်ကနေ မန္တလေးကိုသွားမယ်ဆိုရင် ရေကြောင်းကျပ်တဲ့အခါ နှစ်ညအိပ်သုံးရက်လောက်ကြာတယ်။ မကျပ်ရင် တစ်ညအိပ်နှစ်ရက်ကြာတယ်။ တံတားမဆောက်ခင်ကဆိုရင် သွားဖို့လာဖို့ ဇက်ကိုစောင့်ရတယ်။ ဇက်ကလည်း တစ်နေ့ကို နှစ်ကြိမ်ပဲထွက်တယ်။ အဲဒါကြောင့် အကြာကြီး စောင့်နေရတာမျိုးရှိတယ်။

"အခုလို တံတားဆောက်လိုက်တဲ့အတွက် ကားတွေက အချိန်ပြည့်သွားလာနိုင်တယ်။ သွားရေးလာရေးက ကောင်းသွားသလို ကျန်းမာရေးအပိုင်းမှာဆိုရင်လည်း မန္တလေးကို နေ့ညမရွေးသွားလာလို့ရတယ်" ဟု အဆိုပါဒေသမှ ဒေသခံတစ်ဦးဖြစ်သူ ဒေါ်လှဲလှဲခိုင်က ပြောသည်။



ဧရာဝတီတံတား(ထီးချိုင့်)ကို တွေ့ရစဉ်။

"အရင်က တစ်နေရာသွားမယ်ဆိုရင် မြစ်ကူးဖို့ ဇက်တို့၊ မော်တော်တို့ စောင့်ရတာမျိုးရှိတယ်။ စောင့်နေရတဲ့အတွက် အချိန်ကုန်တယ်။ ခရီးထောက်တယ်။ အခုတော့ လွယ်လင့်တကူသွားလို့ရပြီး ရေလမ်းကနေသွားတဲ့အချိန်ထက် အများကြီး အချိန်ကုန်သက်သာတယ်။ စီးပွားရေးအတွက် ရောင်းမယ်၊ ဝယ်မယ်ဆိုရင်လည်း ခရီးမဖင့်တော့ဘူး။ လမ်းမထောက်တော့ အားလုံးအဆင်ပြေသွားတာပေါ့"ဟု မြတောင်ဘက်ကမ်းနေ ဒေသခံ ဦးဝင်းအေးက ပြောသည်။

ဧရာဝတီတံတား(ထီးချိုင့်) မတည်ဆောက်မီကာလတွင် ကသာခရိုင် ထီးချိုင့်မြို့နယ် မြတောင်ရွာနှင့် ထီးချိုင့်မြို့တို့ကို ဇက်ရေယာဉ်၊ ကူးတို့ယာဉ်များဖြင့်သာ ဖြတ်ကူးသွားလာရပြီး ဇက်ရေယာဉ်ဖြတ်သန်းမောင်းနှင်ချိန် နာရီဝက်ကျော် ကြာမြင့်သည်။

ဇက်ရေယာဉ်မှာ တစ်နေ့လျှင် မနက် ၆ နာရီတစ်ကြိမ်နှင့် ညနေ ၅ နာရီတစ်ကြိမ်သာ ထွက်ရှိသည့်အတွက် ကုန်စည်စီးဆင်းမှု နှောင့်နှေးခဲ့ရပြီး ဖြတ်သန်းသွားလာရာတွင်လည်း အချိန်အကန့်အသတ်ဖြင့်သာ သွားလာခဲ့ရသည်။

"ကျွန်မက ထီးချိုင့်တစ်ဖက်က အုတ်ဆုံရွာ အလယ်တန်းကျောင်းမှာ တာဝန်ကျတဲ့ ဆရာမတစ်ဦးပါ။ ကျွန်မအိမ်ရှိတဲ့ ထီးချိုင့်ဘက်ကနေ မနက်သွား၊ ညနေပြန်တက်တာ ပင်ပန်းလွန်းတော့ တာဝန်ကျတဲ့အုတ်ဆုံရွာမှာ ညအိပ်ပြီးပဲစာသင်တော့တယ်။ ပင်ပန်းတယ်ဆိုတာလည်း စာသင်လို့ မဟုတ်ပါဘူး။ မနက်သွားရင် မော်တော်မီဖို့၊ ညနေပြန်ရင် မော်တော်မီဖို့ သွားရလာရတာကြောင့်ပါ။ အခုတံတားပြီးသွားတော့ အဆင်ပြေသွားပြီး ဒီလိုနေ့ရက်မျိုးကို ကျွန်မတို့ဝန်ထမ်းတွေ စောင့်မျှော်နေကြတာပါ" ဟု ဆရာမဒေါ်ပန်းအိဖြူက ပြောသည်။

ယခုတံတားကြီးဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် အချိန်ကန့်သတ်မှုများကို ဖယ်ရှားနိုင်ခဲ့ပြီး နာရီဝက်ကျော်ကြာ သွားလာခဲ့ရသည့်ခရီးကို မိနစ်အနည်းငယ်ဖြင့်သွားလာနိုင်တော့မည်ဖြစ်ရာ ကုန်စည်စီးဆင်းမှုမြန်ဆန်လာပြီး ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း ယခင်ကထက် ပိုမိုရရှိလာတော့မည်ဖြစ်သည်။

ထို့ပြင် ထီးချိုင့်မြို့နယ်၏ ပင်မစီးပွားရေးလုပ်ငန်းဖြစ်သည့် လယ်ယာထွက်ကုန်များသည် နိုင်ငံတော်၏ဈေးကွက်စီးပွားရေးတွင် လည်ပတ်စီးဝင်နိုင်မည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး စသည့်လူမှုရေးကဏ္ဍများတွင်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် ဧရာဝတီတံတား(ထီးချိုင့်)သည် ဧရာဝတီမြစ်အရှေ့ဘက်နှင့် အနောက်ဘက်ရှိလမ်းကွန်ရက်များကို ဆက်သွယ်ပေးသည့် တံတားဖြစ်ပြီး ကသာ-ထီးချိုင့်မြို့နယ်ချင်းဆက်လမ်း ပြီးစီးသွားပါက ကသာခရိုင်ရှိ မြို့နယ်များသာမက ချင်းပြည်နယ် မြစ်ကြီးနားနှင့် ဗန်းမော်ကားလမ်းသွားလာသူများအတွက်ပါ လွယ်ကူမြန်ဆန်စွာ သွားလာနိုင်မည်ဖြစ်သည်။ တစ်ချိန်က ဧရာဝတီမြစ်ကူးတံတားဆောက်လုပ်နိုင်မှု အရေအတွက် နည်းပါးခဲ့ခြင်းကြောင့် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းဒေသနှင့် အနောက်ဘက်ခြမ်းဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုမှာ များစွာကွာခြားမှုဖြစ်ခဲ့ရသည်။

ယင်းကွာဟမှုများကို ကျဉ်းမြောင်းစေပြီး ဟန်ချက်ညီညီ တိုးတက်နိုင်စေရန် ကချင်ပြည်နယ်တွင် ဧရာဝတီမြစ်ကူးတံတား(ဗလမင်းထင်)၊ ဧရာဝတီတံတား(စင်းခန်း)၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရတနာသိင်္ခတံတား၊ ဧရာဝတီတံတား(ရတနာပုံ)၊ အင်းဝတံတား၊ မကွေးတိုင်းဒေသကြီးတွင် ဧရာဝတီတံတား(ပခုက္ကူ)၊ အနော်ရထာတံတား(ချောက်)၊ ဧရာဝတီတံတား(မကွေး)၊ ဧရာဝတီတံတား(မလွန်)၊ ပဲခူးတိုင်းဒေသကြီးတွင် နဝဒေးတံတား(ပြည်)၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဧရာဝတီတံတား (ညောင်တုန်း)၊ ဗိုလ်မြတ်ထွန်းတံတား၊ မအူပင်တံတားနှင့် ဒေးဒရဲတံတား စုစုပေါင်း ဧရာဝတီမြစ်ကူးတံတား ၁၄ စင်းကို တည်ဆောက်ထားရှိပြီးဖြစ်သည်။

ယခုတံတားမှာ လက်ရှိအစိုးရအဖွဲ့တာဝန်ယူစဉ် တည်ဆောက်ပေးခဲ့သည့် ပေ (၁၈၀)အထက် တံတားများအနက် (၉၁) စင်းမြောက် တံတားဖြစ်ပြီး လွန်တူးပိုင် သံကူကွန်ကရစ်၊ သံမဏိသံပေါင် တံတားအမျိုးအစားဖြစ်သည်။ ပင်မတံတားအရှည်ပေ ၅၉၃၀ နှင့် ချဉ်းကပ်တံတားနှစ်ဖက်၏ အရှည်ပေ ၁၈၀၀ ရှိသည့်အတွက် စုစုပေါင်း တံတားအရှည် ပေ ၇၇၃၀ ရှိပြီး ရေလမ်းကင်းလွတ်အမြင့် ၄၇ ပေနှင့် ရေလမ်းကင်းလွတ်အကျယ် ၃၆၂ ပေရှိသည်။ ယာဉ်သွားလမ်း ၂၈ ပေနှင့် လူသွားလမ်းတစ်ဖက် သုံးပေစီပါရှိပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်သည်။ ယင်းတံတားကို ၂၀၁၄ ခုနှစ် မေ ၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ကျပ်သန်း ၅၈၁၅၀ ကုန်ကျခဲ့သည်။

"တံတားကြီးကို သက်တမ်း ၇၅ နှစ် ခံနိုင်ရည်ရှိအောင် တည်ဆောက်ထားပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရန်ပုံငွေ ၅၈ ဒသမ ၁၅ ဘီလီယံနဲ့ တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ တံတားတည်ဆောက်ချိန်က ငါးလကြာမြင့်ခဲ့ပါတယ်။ အချိန်တိုအတွင်း တည်ဆောက်ခဲ့နိုင်တာက နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်မှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံချက်များ စနစ်တကျရေးဆွဲပြီးတော့ လာရောက်ကြီးကြပ်ပံ့ပိုးကူညီပေးမှုတွေနဲ့ လိုအပ်တဲ့ စက်ယာဉ်ယန္တရားတွေကို ဦးစားပေးစီစဉ်ပေးခဲ့တာကြောင့်ပါ။ ပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေရဲ့ ပေါင်းစပ်ကူညီပေးမှုတွေကြောင့်လည်း ဖြစ်ပါတယ်။

"အခုလို တံတားကြီးပြီးသွားတဲ့အတွက် အချိန်တိုအတွင်း လမ်းပန်းဆက်သွယ်သွားလာနိုင်မယ်။ ကုန်စည်စီးဆင်းမှု မြန်ဆန်လာမယ်။ ဒေသခံတွေရဲ့ လူမှုစီးပွားဘဝတွေ ပိုမိုတိုးတက်ဖွံ့ဖြိုးလာတော့မှာဖြစ်ပါတယ်" ဟု တံတားတည်ဆောက်မှုတွင် ပါဝင်ခဲ့သည့် အင်ဂျင်နီယာချုပ် ဦးစိုးမင်းက ပြောကြားသည်။

တံတားများတည်ဆောက်ခြင်းသည် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ သွားလာရေး၊ ကုန်စည်စီးဆင်းမှုနှင့်ဒေသဖွံ့ဖြိုးရေးအတွက် ထိရောက်ကောင်းမွန်သည့် ရလဒ်ဖြစ်သကဲ့သို့ နိုင်ငံတာဝန်ထမ်းဆောင်နေသည့် အစိုးရအဖွဲ့၏ စွမ်းဆောင်နိုင်မှုပြယုဂ်လည်းဖြစ်သည်။

မေခနှင့် မလိခမြစ်တို့ ပေါင်းဆုံစီးဆင်းရာမှ ဖြစ်ပေါ်လာသည့် အမိဧရာဝတီ၊ ထီးချိုင့်မြို့၏ မြသိန်းတန်စေတီ၊ မြတောင်ဖောင်တော်ဦးစေတီနှင့် ထီးချိုင့်တံတားတို့မှာ တင့်တယ်လိုက်ဖက်စွာ တည်ရှိနေမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း ထီးချိုင့်တံတား၏ ထည်ဝါခံ့ညားမှုနှင့်အတူ အရှိန်အဟုန်ဖြင့် မြင့်မားတိုးတက်လာတော့မည်ကို ယုံကြည်မျှော်လင့်လျက် . . . ။

မျိုးနိုင်ဟာန်

# မဲဆန္ဒရှင် သက်သေခံလက်မှတ် ထုတ်ပေးမည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## မဲဆန္ဒရှင် သက်သေခံလက်မှတ် ထုတ်ပေးမည်ဖြစ်ကြောင်း
## ကြေညာချက်

**နေပြည်တော် အောက်တိုဘာ ၂၂**

၁။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား ဆန္ဒမဲပေးခွင့်မဆုံးရှုံးစေရန် မဲဆန္ဒရှင်သက်သေခံလက်မှတ် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၂။ မဲဆန္ဒရှင်သက်သေခံလက်မှတ်တွင် အောက်ပါအချက်အလက်များ ဖော်ပြပါမည် -

(က) မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု
(ခ) မဲရုံအမှတ်၊ မဲစာရင်းအမှတ်စဉ်
(ဂ) အမည်
(ဃ) ကျား/မ
(င) မွေးသက္ကရာဇ်
(စ) မှတ်ပုံတင်အမှတ်
(ဆ) အဖအမည်၊ အမိအမည်
(ဇ) နေရပ်လိပ်စာ

၃။ မဲဆန္ဒရှင်သက်သေခံလက်မှတ်အား အောက်ပါအတိုင်း ပြုစုဆောင်ရွက်ပါမည်-

(က) မဲဆန္ဒရှင်သက်သေခံလက်မှတ်အား မဲစာရင်းပါ အချက်အလက်များအတိုင်း သက်ဆိုင်ရာ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှပြုစုမည်။
(ခ) ဆန္ဒမဲပေးလိုသူများ လာရောက်ထုတ်ယူပါက ထုတ်ပေးမည်။
(ဂ) မဲဆန္ဒရှင်သက်သေခံလက်မှတ်များအား ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ စတင်၍ ၇ ရက်နေ့အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးတွင် ထုတ်ပေးမည်။

မှတ်ချက် ။ (၁) သက်သေခံလက်မှတ်ထုတ်ယူခြင်းမပြုဘဲ ပုံမှန်အတိုင်း မဲပေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်သည်။
(၂)သက်သေခံလက်မှတ် ပျောက်ဆုံးသွားကလည်း ပုံမှန်မဲပေးပုံစနစ်အတိုင်း မဲပေးနိုင်သည်။
(၃)ဆန္ဒမဲပေးပြီးပါက မဲဆန္ဒရှင်သက်သေခံလက်မှတ်အား ပြန်လည်အပ်နှံရမည်။

၄။ မဲဆန္ဒရှင်သက်သေခံလက်မှတ် ထုတ်ယူခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပါသဖြင့် ထုတ်ယူကြရန် တိုက်တွန်းအပ်ပါသည်-

(က) မဲစာရင်းပါကြောင်းနှင့် မဲပေးခွင့်ရရှိကြောင်း သေချာခိုင်လုံစေသည်။
(ခ) မည်သည့်မဲရုံတွင် မဲပေးရမည်ဖြစ်ကြောင်း သိရှိနိုင်မည်။
(ဂ) မဲစာရင်းအမှတ်စဉ်ဖော်ပြထားသဖြင့် မဲစာရင်းစိစစ် လက်မှတ်ရေးထိုးရာတွင်လည်းကောင်း၊ မဲလက်မှတ်ထုတ်ယူရာတွင်လည်းကောင်း လွယ်ကူမြန်ဆန်စေမည်။
(ဃ) စိစစ်ချိန်တွင် မှတ်ပုံတင်အစား ဤလက်မှတ်ဖြင့် အထောက်အထားပြသနိုင်မည်။
(င) မဲစာရင်းမှန်ကန်ရေး အထောက်အကူဖြစ်စေမည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တည်ငြိမ်အေးချမ်းသောရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြည်သူများ ပူးပေါင်းဆောင်ရွက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## ကြေညာချက်

**နေပြည်တော် အောက်တိုဘာ ၂၂**

၁။ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဥပဒေနှင့်အညီ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန်နှင့် နိုင်ငံတော်အတွက် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည့် မဲဆန္ဒရှင်ပြည်သူလူထုအား စိတ်အေးချမ်းသာစွာမဲပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကျင်းပမည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား နိုင်ငံတကာအသိုက်အဝန်းမှ စောင့်ကြည့်လျက်ရှိပြီး မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့်လည်း ရွေးကောက်ပွဲအား လွတ်လပ်တရားမျှတ၍တည်ငြိမ်အေးချမ်းအောင်မြင်သော ရွေးကောက်ပွဲဖြစ်စေရန်နှင့် နိုင်ငံတော်အတွက် လူထုကိုယ်စားလှယ်များရွေးကောက်တင်မြှောက်ရာတွင် စိတ်အေးချမ်းသာစွာဖြင့် ရွေးချယ်မဲပေးလိုသောဆန္ဒများ ရှိနေကြပါသည်။ ငြိမ်းချမ်းရေးအဖွဲ့များနှင့်တွေ့ဆုံရာ၌ မဲဆွယ်စည်းရုံးရာတွင်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပနေစဉ်တွင်လည်းကောင်း အေးချမ်းသာယာမှုရှိစေလိုပြီး လွတ်လပ်တရားမျှတသည့် အောင်မြင်သောရွေးကောက်ပွဲဖြစ်စေလိုကြောင်းကို ထည့်သွင်းဆွေးနွေးသွားပါသည်။

၃။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်ပြည်သူလူထုအား လွတ်လွတ်လပ်လပ်နှင့် စိတ်အေးချမ်းသာစွာ မဲပေးနိုင်ရေးနှင့် ဥပဒေနှင့်အညီလွတ်လပ်တရားမျှတ၍ တည်ငြိမ်အေးချမ်းသောရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသောအဖွဲ့အစည်းများနှင့် လုပ်သားပြည်သူများမှ ပူးပေါင်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ပရှိ မြန်မာသံရုံး၊မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် ပြည်ပရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရန်အတွက် မဲရုံများဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၂၁ရက်က မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး စုစုပေါင်းနှစ်ရုံးတွင် ၇၉၀ ကြိုတင်ဆန္ဒမဲပေးခဲ့ကြသည်။

အောက်တိုဘာ ၁၃ ရက်မှ ၂၁ ရက်အထိ ကြိုတင်ဆန္ဒမဲပေးသူ ၂၂၁၈၇ ဦး ရှိပြီ ဖြစ်ကြောင်းနှင့် ကြိုတင်ဆန္ဒမဲ လာရောက်ပေးကြသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေးအတွက် မြန်မာသံရုံး၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ အနေဖြင့် လိုအပ်သည်များ စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



ပြည်ပတွင် မြန်မာနိုင်ငံသားတစ်ဦး ကြိုတင်ဆန္ဒမဲပေးနေစဉ်။

# ခေတ်မီဘဏ်ဝန်ဆောင်မှု နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူလက်မှတ်ရေးထိုး

**ရန်ကုန် အောက်တိုဘာ ၂၂**

မိုဘိုင်းလုပ်ငန်းသုံး စီးပွားရေး ဝန်ဆောင်မှုများတွင် ဦးဆောင်လျက်ရှိသည့် အမေရိကန်အခြေစိုက် ကမ္ဘာ့ထိပ်တန်းနည်းပညာ ကုမ္ပဏီ VMware မှ AYA Bank နှင့် ခေတ်မီဘဏ်ဝန်ဆောင်မှုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူလက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက NOVOTEL Yangon Max Hotel ၌ ကျင်းပခဲ့သည်။

VMware ၏ Virtualization နည်းပညာဖြင့် ဧရာဝတီဘဏ်၏ Network Infrastructure နှင့် Data Centre တို့ တည်ဆောက်မှုများတွင် virtual နည်းပညာများ ပြောင်းလဲတပ်ဆင်သွားမည်ဖြစ်ရာ ဧရာဝတီဘဏ်မှ အားပေးသုံးစွဲသူ မိတ်ဆွေများအား ဝန်ဆောင်မှုပေးရာတွင် အချက်အလက်များ လုံခြုံစိတ်ချရပြီး မြန်ဆန်ထိရောက်၍ အဆင်ပြေချောမွေ့သော ဝန်ဆောင်မှုများကို ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။




AYA Bank မှ မန်နေဂျင်းဒါရိုက်တာ ဦးဖြိုးအောင်က "ဧရာဝတီဘဏ်အနေနဲ့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ရုံးခွဲ ၁၂၄ ခုမှာ VMware ၏ နည်းပညာကို အသုံးပြုပြီး ဘဏ်လုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ငွေပေးချေရေးလုပ်ငန်းစဉ်တွေမှာ မြန်ဆန်စိတ်ချရတဲ့ ဝန်ဆောင်မှုတွေ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါအခမ်းအနားသို့ AYA Bank ၊VMwareနှင့်NEX4 ICT Solution မှ အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော မြန်မာနိုင်ငံရှိ အမေရိကန်သံရုံးမှ Senior Commercial Officer ဖြစ်သူ Mr. Manoj Desai နှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**(သီသီမင်း)**

# ဇလွန်မြို့နယ်၌ အထူးရဲသင်တန်းဖွင့်

**ဇလွန် အောက်တိုဘာ ၂၂**

ဇလွန်မြို့နယ်၌ အထွေထွေရွေးကောက်ပွဲကာလမဲရုံများတွင် လုံခြုံရေးတာဝန်ဆောင်ရွက်မည့် အထူးရဲတပ်ဖွဲ့ဝင်များ သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေး၊ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးလှမင်းသူတို့က အမှာစကား ပြောကြားကြသည်။ သင်တန်း၌ ဇလွန်မြို့နယ်မှ အထူးရဲတပ်ဖွဲ့ဝင် ၁၄၅ ဦးအား ၁၀ ရက်ကြာ သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ငွေသန်း (ပြန်/ဆက်)**

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကသာမြို့ ကမ်းနားလမ်းကျောက်စီမြေထိန်းနံရံ ဆောင်ရွက်ထားရှိမှုများစစ်ဆေး၊ ဒေသဖွံ့ဖြိုးရေးမှာကြား

**နေပြည်တော် အောက်တိုဘာ ၂၂**

ကသာမြို့တွင် ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကသာမြို့ကမ်းနားလမ်း ရေတိုက်စားမှုမှကာကွယ်ရန် ကျောက်စီမြေထိန်းနံရံဆောင်ရွက်ထားရှိမှု၊ ကမ်းနားလမ်းနှင့် လမ်းမတော်လမ်းတစ်လျှောက် သာယာလှပရေး ဆောင်ရွက်ထားမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ကသာမြို့ ဓမ္မပါလပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိကြပြီး ဘဒ္ဒန္တပညာဇောတ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအားဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကသာမြို့ ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များနှင့် အဆိုပါကျောင်းတိုက်တွင် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားခဲ့သည်။**(အောက်ပုံ)**

**(သတင်းစဉ်)**



# (NCA)စာချုပ်လက်မှတ်ရေးထိုးခြင်း ထောက်ခံသည့်အခမ်းအနား ကျောက်တံခါးမြို့တွင်ကျင်းပ

**ကျောက်တံခါး အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့မအားကစားကွင်း၌ အောက်တိုဘာ ၂၂ ရက်က မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကြား ချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို ထောက်ခံသည့်အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကရင်တိုင်းရင်းသားဦးစောမောင်ဖိုးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ သဘောတူလက်မှတ်ရေးထိုးသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)အကြောင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေပြီး အခမ်းအနားသို့ ဖဒို၊ ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ အောင်မြင်ကျေးရွာတို့မှ ကရင်၊ ပအိုဝ်း၊ ရှမ်းတိုင်းရင်းသားညီအစ်ကိုများ၊ ပြည်သူများ၊ မီဒီယာများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ အင်အား ၃၀၀၀ ကျော်ခန့်တက်ရောက်ကြသည်။ ထို့နောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို ကရင် တိုင်းရင်းသားရပ်မိရပ်ဖ ဦးစောမဲမယ်က အဆိုတင်သွင်းပြီး ရပ်မိရပ်ဖ ဦးအောင်ဆွေက အဆိုကိုထောက်ခံကြောင်းနှင့် သဘာပတိက တက်ရောက် လာသူများကို ထောက်ခံသဘောတူကြောင်းရယူဆောင်ရွက်ပြီး နိုင်ငံတော်သီချင်းဖြင့် အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မျိုးဦး(ကျောက်တံခါး)**

# ဇီဝလုံခြုံမှုရှိစေရေး လားရှိုး၌ ပညာပေးဟောပြော

**လားရှိုး အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး နေပြည်တော်၏ (၁၆-၁၀-၂၀၁၅)ညွှန်ကြားချက်အရ လားရှိုးမြို့နယ်အတွင်း မွေးမြူထားသော ဥစားကြက်၊ အသားစားကြက်၊ မွေးမြူရေးလုပ်ငန်းများတွင် ဇီဝလုံခြုံမှုမြှင့်တင်နိုင်ရေး၊ ယင်ကောင်ပေါက်ပွားမှုလျော့ကျစေရေး၊ ပတ်ဝန်းကျင်သို့ ထိခိုက်စေနိုင်သည့် အနံ့အသက်များ ကင်းစင်ရေးအတွက် အောက်တိုဘာ ၂၀ရက်နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူး ဒေါက်တာမြင့်ဝင်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာ စိုးနိုင်ဝင်းတို့က မြို့ပေါ်ရှိ ကြက်မွေးမြူရေးသမား ၁၅ဦးအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးတွင် ပညာပေးဟောပြောခြင်း၊ စကားဝိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါက်တာ စိုးနိုင်ဝင်းနှင့် ရုံးဝန်ထမ်းအဖွဲ့သည် လားရှိုးမြို့ အထက်မန်အိုင်ကျေးရွာရှိ ဧက ၂၀အတွင်း ၁၆နှစ်တိတိ ဥစားကြက်တစ်သိန်းကျော် မွေးမြူထားသော ဦးအိုက်စံ၏ ကြက်မွေးမြူရေးခြံသို့ ကွင်းဆင်း၍ လက်တွေ့ပိုးသတ်ဆေးဖျန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**

# တရုတ်-မြန်မာ နှစ်နိုင်ငံ ကုန်ထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် တရုတ်-မြန်မာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်တွင် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များက ကုန်ထုတ်စက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ စားသောက်ကုန်နှင့် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်း၊ ရေအားလျှပ်စစ်ဆိုင်ရာ လုပ်ငန်း၊ အကြီးစားဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း၊ ဆိပ်ကမ်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းအပါအဝင် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က "မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစာရင်းကို လေ့လာကြည့်တဲ့အခါ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုပမာဏ အများဆုံးဖြစ်ပါတယ်။ UMFCCI နဲ့ တရုတ်နိုင်ငံရှိစီးပွားရေးအဖွဲ့အစည်းတွေ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) ၁၈ ခု ရေးထိုးခဲ့တယ်"ဟု ပြောသည်။

တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ စိတ်ချလက်ချ လုပ်ကိုင်နိုင်ရန် ၂၀၁၅ ခုနှစ်အတွင်း တရုတ်နိုင်ငံမှ Industrial and Commerce Bank of China နှင့် Oversea Chinese Banking Corporation(OCBC)တို့ကို မြန်မာနိုင်ငံတွင် ဖွင့်လှစ်ခွင့်ပြုထားပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နှစ်နိုင်ငံ စီးပွားကုန်သွယ်မှု ပူးပေါင်းရေးသည် အပြန်အလှန် အားဖြည့်ပေးခြင်းဖြစ်ပြီး လက်တွေ့ပူးပေါင်းဆောင်ရွက်ရေးကိုစဉ်ဆက်မပြတ် တွန်းအားပေးစေခြင်းဖြစ်ကြောင်း တရုတ်-မြန်မာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်အတွင်းရေးမှူးချုပ် မစ္စ ရန်ရှို့ဖိန်က ပြောသည်။

မြန်မာနိုင်ငံအစိုးရသည် နိုင်ငံရေး၊စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက် လျက်ရှိရာ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ လာရောက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၄ ခုနှစ်အတွင်း တရုတ်-မြန်မာ နှစ်နိုင်ငံ အပြန်အလှန် သွားရောက်သည့် ခရီးသွားဧည့်သည် ဦးရေမှာ ယခုနှစ် ဇွန်လအထိ ၄၂၀၀၀ ရှိကြောင်း သိရသည်။

**(မြတ်စန္ဒီ)**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

**တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။**

# ငါ့သရောက်မြို့နယ်တွင် ပင်ထောင်ခရမ်းချဉ် စီးပွားဖြစ်စိုက်ပျိုးအောင်မြင်



**ငါ့သရောက် အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများသည် မြေယာလုပ်ငန်းဖြင့် စီးပွားရေးကို အဓိကလုပ်ကိုင်ကြကြောင်းနှင့် မြေယာလုပ်ငန်းဖြင့် တောင်သူများ ပင်ထောင်ခရမ်းချဉ်ကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရပြီး ယခုနှစ်တွင် ငါ့သရောက်မြို့နယ်၌ နောက်ပိုင်း မိုးကောင်းမွန်မှုကြောင့် တောင်သူများ စိုက်ပျိုးထားသော ပင်ထောင်ခရမ်းချဉ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာမှ တောင်သူများထံမှ သိရသည်။

ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာမှ ကျေးလက်နေပြည်သူများသည် မြေယာလုပ်ငန်းဖြင့် နှမ်း၊ မြေပဲ၊ ပဲစင်းငုံ၊ ပဲပိစပ်နှင့် အခြားသီးညှပ်သီးနှံများကို အများဆုံး စိုက်ပျိုးကြသည့်အပြင် ပင်ထောင် ခရမ်းချဉ်ကိုလည်း ဝင်ငွေတိုးလုပ်ငန်းတစ်ခုအနေဖြင့် စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

ထိုသို့ စီးပွားဖြစ်စိုက်ပျိုးထားသော ပင်ထောင်ခရမ်းချဉ်ကို ဖြူကြီးကျေးရွာမှ တောင်သူများသည် နှစ်စဉ်စိုက်ပျိုးခါနီးအချိန်ဖြစ်သည့် ဝါဆို၊ ဝါခေါင်လတို့တွင် မိမိတို့၏ အိမ်ခြံဝင်းများ၌ မြေဆွေးဖြင့် ခရမ်းချဉ်ပျိုးခုံများ ပြုလုပ်ထားရှိကာ ပျိုးပင်ခုံများဖြင့် စိုက်ပျိုးကြကြောင်းနှင့် ယခုနှစ် ငါ့သရောက်မြို့နယ်တွင် နောက်ပိုင်းမိုးကောင်းခဲ့မှုကြောင့် ဖြူကြီးကျေးရွာမှ တောင်သူများ စိုက်ပျိုးထားသော ပင်ထောင်ခရမ်းချဉ်စိုက်ခင်းများသည် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ရွာမှ တောင်သူတိုင်း ပင်ထောင်ခရမ်းချဉ်ကို ဝင်ငွေတိုးလုပ်ငန်းတစ်ခုအနေဖြင့် စီးပွားဖြစ် စိုက်ပျိုးကြတာပါ။ ပင်ထောင်ခရမ်းချဉ်က စိုက်ပျိုးစအချိန်မှာ မြေဩဇာကျွေးခြင်း၊ ပေါင်းထိုးပေါင်းနုတ်ခြင်းတွေကို အပင်ဖြစ်ထွန်းအောင်မြင်ဖို့ ပြုလုပ်ပေးရပြီး စိုက်ပျိုးပြီး နှစ်လခန့်အကြာမှာ အသီးအပွင့်တွေ ဝေဆာနေပါပြီ။ အဲဒီအချိန်မှာလည်း အပွင့်တင်ဆေးနဲ့ အသီးအားပေးဆေးတွေ ပက်ဖျန်းပေးရပါတယ်။ စိုက်ပျိုးချိန် သုံးလပြည့်တဲ့အချိန်မှာတော့ ပင်ထောင်ခရမ်းချဉ်သီးတွေ ဆွတ်ခူးရောင်းချလို့ရနေပါပြီဗျ။ ဒီနှစ်က ကျွန်တော်တို့ရွာမှာ နောက်ပိုင်း မိုးကလည်းကောင်းတော့ စိုက်ပျိုးထားတဲ့ ပင်ထောင်ခရမ်းချဉ်စိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ ဒါ့ကြောင့် ဒီနှစ် ခရမ်းချဉ်သီးဈေးနှုန်းကောင်းဖို့ ကျွန်တော်တို့ရွာကတောင်သူတွေ မျှော်လင့်နေကြပါတယ်"ဟု ငါ့သရောက် မြို့နယ်ဖြူကြီးကျေးရွာမှ ဒေသခံတောင်သူဦးမျိုးညွန့်က ပြောသည်။

**ရဲဝင်းနိုင် (IPRD)**

❐❐

**ပြည်တွင်းရေးရာ**

# စစ်တောင်းအမှတ်(၃)မြစ်ကူးတံတားကြောင့် ပြည်သူများ သွားလာရေးအဆင်ပြေ

**ထန်းတပင်　　အောက်တိုဘာ ၂၂**

မြောက်မှတောင်သို့ ရှည်လျားစွာ စီးဆင်းလျက်ရှိသော စစ်တောင်းမြစ်တစ်လျှောက်နေထိုင်ကြသူများသည် အရှေ့နှင့် အနောက်မြစ်ကိုကူး၍ သွားလာကြသည့်အခါ ငွေကြေးကုန်ကျခြင်း၊ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းကြရခြင်းတို့ကြောင့် များစွာအခက်အခဲများဖြစ်ပေါ်ခဲ့ကြရသည်။

တောင်ငူခရိုင် ထန်းတပင်မြို့နယ်သည် တောင်ငူမြို့ အရှေ့တောင်ဘက်ခြောက်မိုင်ခန့်တွင်တည်ရှိပြီး ထန်းတပင်-မြင်းစုလမ်းပိုင်း၊ ထန်းတပင်-ဒိုးသောင်-(၄)မိုင်-တောင်ငူလမ်းပိုင်းများမှ တစ်ဆင့် တောင်ငူမြို့သို့သွားကြရသည်ကို တွေ့ရှိရသည်။ လမ်းပန်းဆက်သွယ်မှုခက်ခဲကာ နယ်မြေဒေသငြိမ်းချမ်းမှုမရှိခဲ့သော အဆိုပါဒေသများတွင် လက်နက်ကိုင်အဖွဲ့အစည်းများက အပစ်အခတ်ရပ်စဲခဲ့ပြီး ငြိမ်းချမ်းစွာနေထိုင်လာသည်နှင့်အမျှ ဒေသတစ်ခွင်တွင် တိုးတက်ဖွံ့ဖြိုးရေးအတွက် အချိန်တိုအတွင်းသိသာစွာ ပြောင်းလဲလာခဲ့ပြီး စစ်တောင်းမြစ်တစ်ဖက်ကမ်းရှိ ထန်းတပင်မြို့နယ်နှင့် အနောက်ဘက်ကမ်းဒေသရှိ အုတ်တွင်းမြို့နယ် လေးအိမ်စုကျေးရွာအနီးတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးတည်ဆောက်ရေးအဖွဲ့(၄)မှ တာဝန်ယူ၍ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်တွင် အရှည်ပေ ၁၂၀၀၊ အကျယ် ၂၄ ပေ၊ သံကူကွန်ကရစ်၊ တန်ချိန် ၆၀ အထိ ခံနိုင်ဝန်ရှိသော စစ်တောင်းတံတားအမှတ်(၃)ကို စတင်တည်ဆောက်ခဲ့သည်။

အဆိုပါ တံတားကြီးမှာ ချဉ်းကပ်လမ်းများဖောက်လုပ်ခြင်းနှင့်အတူ တံတားအပေါ်ပိုင်းကြမ်းခင်းများ အချောသပ်ရန် ကျန်နေသေးသော်လည်း ဒေသခံပြည်သူများ၏လိုအပ်ချက်အရ လွန်ခဲ့သောသုံးလခန့်ကတည်းက ဖြတ်သန်းသွားလာခွင့်ပြုခဲ့သည့်အတွက် ခရီးသွားလာရေးတွင် ကောင်းမွန်သော ကဏ္ဍတစ်ရပ်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

"ကျွန်တော်တို့ ဘိုးဘွားတွေ အဆက်ဆက်ကတည်းက ကူးတို့ကူးလှေတွေနဲ့ပဲသွားလာကြရတာ လမ်းပန်းဆက်သွယ်မှု မကောင်းတော့ ဒေသလည်းဖွံ့ဖြိုးတိုးတက်မှုမရှိခဲ့ဘူး။ အခုတော့ ကျွန်တော်တို့ဒေသမှာ ငြိမ်းချမ်းနေပြီး တစ်နိုင်ငံလုံးလည်း အပစ်အခတ်ရပ်စဲရေးအတွက် လက်မှတ်ထိုးနိုင်ပြီဆိုတော့ ဝမ်းသာပါတယ်။ ပြည်သူတွေအားလုံးကြိုဆိုပါတယ်"ဟု ထန်းတပင်မြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

အမှတ်(၃)စစ်တောင်းမြစ်ကူးတံတားကြီး တည်ဆောက်ပြီးစီးသွားခဲ့ပြီဖြစ်သည့်အတွက် ဇရပ်ကြီးဒေသမှ ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းများသည် အချိန်တိုအတွင်း ထန်းတပင်-မြင်းစု-ကျောင်းရှစ်ဆယ်ကျေးရွာမှတစ်ဆင့် ရန်ကုန်-မန္တလေးကားလမ်းနှင့် တောင်ငူမြို့သို့ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်၍ များစွာ အဆင်ပြေသွားပြီဖြစ်သည်။

**ကိုလွင်(ဆွာ)**



**ငွေကျပ် ခြောက်ဘီလီယံမှ**

အခက်အခဲရှိမယ် မရှိဘူးမသိရသေးပါဘူး။ အဓိကတော့ ဒီတံတားမှာသင်္ဘောတွေပါ သွားလာရလွယ်ကူအောင် ရေလယ်ခန်းဖွင့်အကျယ်ကို မီတာ ၂၀ ဆောင်ရွက်လို့ရပေမယ့် မီတာ ၆၀ ပုံစံ ဒီဇိုင်းဆွဲပြီး တည်ဆောက်ဆောင်ရွက်သွားမှာပါ။ ဒါကြောင့် Cross beam ကိုလည်း အကြီးကြီးလုပ်ရတယ်ဆိုတာကလည်း ပုံမှန်နည်းပညာမဟုတ်ပါဘူး။ နည်းပညာအသစ်သုံးရတယ်ဆိုတာကလည်း ဒီခန်းဖွင့်ကကျယ်နေလို့ပါ။ ပြီးတော့ဒီလိုနည်းပညာမျိုးကိုလည်းမြန်မာနိုင်ငံမှာ ပြန့်ပွားစေချင်ပါတယ်။ ပြီးတော့ မြောက်ဒဂုံမြို့နယ်ကပြည်သူတွေက မြောက်ဥက္ကလာပစက်မှုဇုန်ဘက် အလုပ်သွားလုပ်ကြတာကို နေ့စဉ်နှင့်အမျှ ထောင်ချီမြင်တွေ့နေရပါတယ်။ ကြိုးတံတားလေးကိုပဲ အသုံးပြုပြီး စက်ဘီး၊ ဆိုက်ကားများနဲ့ ခက်ခဲသွားလာနေကြရတာပါ။ ဒီတံတားသစ်ပြီးစီးသွားရင်တော့ ကား၊ ဆိုင်ကယ်၊ ဆိုက်ကားတွေ မောင်းနှင်နိုင်ကြပြီဆိုတော့ သူတို့အတွက် အများကြီးအကျိုးရှိလာတော့မှာပါ"ဟု ရှင်းပြသည်။

လက်ရှိအနေအထားအရ မြောက်ဥက္ကလာပဘက်ခြမ်းနှင့် မြောက်ဒဂုံဘက်ခြမ်းတို့ရှိ ကုန်းပေါ်၌ဆောင်ရွက်နေသော ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး လုပ်ငန်းပြီးစီးမှု ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။ ရေလယ်တိုင်နှစ်တိုင်ဆောင်ရွက်ရန်အတွက် တစ်ဖက်တစ်ချက်စီ၌ ယာယီ Jetty ထိုးနေပြီးဘိုးပိုင်လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်သည်။ ရေလမ်းကင်းလွတ်အမြင့် ငါးမီတာ ဆောင်ရွက်မည်ဖြစ်ပြီး ရေလယ်တိုင် လေးတိုင်အတွက် ကြိုတင်အားဖြည့်ကွန်ကရစ်ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ကမ်းကပ်ခန်းဖွင့်အကျယ်အတွက် တစ်ဖက်တစ်ချက်စီ၌ ၁၀ မီတာစီဆောင်ရွက်ထားပြီး ရေလယ်တိုင် တစ်ဖက်တစ်ချက်စီအတွက် ၄၈ မီတာစီနှင့် အလယ်ရေလယ်တိုင်နှစ်တိုင်ကြားအတွက် ခန်းဖွင့်အကျယ် မီတာ ၆၀ ဆောင်ရွက်ထားရှိသည်။ လောလောဆယ် တံတားသစ်စီမံကိန်းအတွက် နေ့၊ ည လုပ်ငန်းဝင်နေကြသော ထိုင်းနိုင်ငံသားအင်ဂျင်နီယာ ၁၀ ဦး၊ မြန်မာအင်ဂျင်နီယာ ၁၀ ဦးရှိပြီး နေ့၊ ည အလုပ်လုပ်ကိုင်နေကြသော လုပ်သား ၁၅၀ရှိသည်။

မြောက်ဒဂုံမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဇော်ကလည်း "မြောက်ဒဂုံဘက်ခြမ်းက ရပ်ကွက်တော်တော်များများက ကြိုးတံတားကနေ ဖြတ်သန်းသွားလာနေကြရတာဆိုတော့ ညနေပိုင်းဆို ကျပ်နေပါတယ်။ မြောက်ဒဂုံမြို့သစ်စတည်ကတည်းက ကြိုးတံတားကလည်းရှိခဲ့တာဆိုတော့ ကြိုးတံတားသက်တမ်းက ကြာလာပြီလေ။ အဲဒီတော့ ပြည်သူတွေဖြတ်သန်းသွားလာနေရတဲ့အတွက် လွန်စွာအန္တရာယ်လည်းရှိပါတယ်။ ဒီနှစ်လမ်းသွားတံတားသစ်ကြီးတည်ဆောက်ပြီးစီးသွားပြီဆိုရင်တော့ ပြည်သူတွေအတွက် အကျိုးကျေးဇူးကောင်းကောင်းရမှာပါ။ အိမ်ခြံမြေဈေးနှုန်းကောင်းလာနိုင်ပြီး ဆန်ဈေးနှုန်းလည်း ကောင်းလာနိုင်တော့ ဒီဘက်ကပြည်သူတွေဘဝဖွံ့ဖြိုးတိုးတက်လာတော့မှာပါ။ ယာဉ်မောင်းတွေကလည်း ဗထူးတံတားမှာလာမပြုံတော့ဘဲ မြောက်ဥက္ကလာဘက်ကနေ မြို့ထဲကိုတိုက်ရိုက်ဖြတ်သန်းသွားလာရတာ လွယ်ကူသွားပါလိမ့်မယ်"ဟု ပြောကြားသည်။

ငမိုးရိပ်(သုနန္ဒာ)တံတားသစ် တည်ဆောက်ရေးစီမံကိန်းအား ဩဂုတ်လလယ်ကစတင်ခဲ့ခြင်းဖြစ်ပြီး တံတားအကြိုအင်ဂျင်နီယာလုပ်ငန်းများ စတင်ခဲ့ကာ ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများကို စက်တင်ဘာ ၉ ရက်က စတင်ခဲ့ကြောင်းနှင့် ၂၀၁၆ ခုနှစ်မတ်လမတိုင်မီအပြီးသတ်နိုင်မည်ဖြစ်ကြောင်း ငမိုးရိပ်(သုနန္ဒာ) တံတားသစ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်မှ စုံစမ်းသိရသည်။

## ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော်　　အောက်တိုဘာ ၂၂**

၂၀၁၅ ခုနှစ် ဇွန်လမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံအနှံ့ဖြစ်ပွားခဲ့သော ရေကြီး၊ ရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် CATIC Co., Ltd in the Republic of China က ယွမ်ငါးသောင်းကို နေပြည်တော်(ရုံးချုပ်)သို့ လာရောက်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ ယနေ့အထိ အလှူရရှိငွေ စုစုပေါင်းမှာ ၈၀၉၈၇၅၈၉၆၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၃၃၆၉၄၄၈ ဒသမ ၇၃၊ ယူရို ၃၀၀နှင့် ယွမ် ၅၀၀၀၀ ဖြစ်သည်။ ယင်းလက်ခံရရှိသော အလှူပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိသည့်အပြင် အလှူငွေများကို ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကန်ဒေါ်လာ ၁၃ သန်းမှ**

မြန်မာနိုင်ငံရှိ လျှပ်စစ်ဓာတ်အားဈေးကွက်သို့ ဝင်ရောက်ရန် ခြေကုပ်တစ်ခုရရှိလိုက်ခြင်းပင် ဖြစ်ကြောင်း၊ ယင်းကန်ထရိုက်မှတစ်ဆင့် မြန်မာနိုင်ငံ၏ လျှင်မြန်စွာကြီးထွားလာသည့် ဓာတ်အားကြိုးဈေးကွက်ကို လက်ဦးမှုရယူနိုင်မှာဖြစ်ကြောင်း ကုမ္ပဏီဥက္ကဋ္ဌကင်ဆောင်ကွတ်က သတင်းထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။

ထို့အပြင် ကင်ဆောင်ကွတ်က မိမိတို့ကုမ္ပဏီသည် တရုတ်၊ အင်ဒိုနီးရှား၊ မြန်မာနိုင်ငံတို့မှ ကုမ္ပဏီများနှင့် ယှဉ်ပြိုင်ခဲ့ပြီးနောက် ဤကန်ထရိုက်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ နည်းပညာအရရော ဈေးနှုန်းယှဉ်ပြိုင်မှုအရပါ အကောင်းဆုံးသတ်မှတ်ခံရသဖြင့် တစ်ဦးတည်းသော ကန်ထရိုက်တာအဖြစ် ရောက်ရှိလာဖွယ်ရှိကြောင်း ထပ်လောင်းပြောကြားသည်။

မြန်မာနိုင်ငံတွင် လျင်မြန်သောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာလည်း မြင့်တက်လာခဲ့ကြောင်း၊ ယင်းလျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အလို့ငှာ မြန်မာအစိုးရသည် ၎င်း၏ လျှပ်စစ်ဓာတ်ထုတ်လုပ်ဖြန့်ဖြူးရေး အခြေခံအဆောက်အအုံမြှင့်တင်ရန် ၂၀၀၁ ခုနှစ်ကတည်းက စီမံကိန်းရေးဆွဲခဲ့ပြီး အဆင့် ၆ ဆင့်ဖြင့် ၂၀၃၁ ခုနှစ်အထိ ကန်ဒေါ်လာကိုးဘီလီယံ ရင်းနှီးမြှုပ်နှံရန် လျာထားကြောင်း၊ နှစ်စဉ် ဓာတ်အားကြိုးဈေးကွက်မှာ ၂၀၁၃ ခုနှစ်တွင် ကန်ဒေါ်လာ သန်း ၂၄၀ မှ ၂၀၂၀ ခုနှစ်တွင် ကန်ဒေါ်လာ သန်း ၄၈၀ အထိ နှစ်ဆမြင့်တက်လာမည်ဟု မျှော်လင့်ရကြောင်း ကင်ဆောင်ကွတ်က ပြောကြားသည်။

**(ကျော်သဲအိမ်)**

**ဂျပန်နိုင်ငံမှ**

" မနေ့က RBE ရထားတွဲခြောက်တွဲ ရောက်ပါတယ်။ ပြင်ဆင်မှုတွေလုပ်ပြီးတာနဲ့ မြို့ပတ်ရထားလမ်းကြောင်းမှာ ပြေးဆွဲမှာပါ။ တွဲဆိုင်းအဟောင်းတွေနေရာမှာ RBE တွဲတွေနဲ့ အစားထိုး ပြေးဆွဲသွားမှာ ဖြစ်ပါတယ်" ဟု ဦးထွန်းအောင်သင်းက ပြောသည်။

ရန်ကုန်မြို့ပတ်ရထား ခရီးစဉ်များတွင် တွဲဆိုင်း ၂၄ ဆိုင်းဖြင့် နေ့စဉ် အခေါက်ရေ ၂၀၀ ကျော် ပြေးဆွဲပေးလျက်ရှိပြီး နေ့စဉ်ရထားစီးခရီးသည် တစ်သိန်းဝန်းကျင်ခန့် သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ မြို့ပြယာဉ်ကြောများပိတ်ဆို့ခြင်းနှင့် ယာဉ်အန္တရာယ်များကြောင့် ရထားပို့ဆောင်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရန် စီမံကိန်း ရေးဆွဲဆောင်ရွက်လျက်ရှိရာတွင် ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ နည်းပညာပူးပေါင်းဆောင်ရွက်ခြင်းနှင့် သင်တန်းများပေးအပ်ခြင်းများ၊ ချေးငွေနှင့် ထောက်ပံ့ကူညီ ပေးအပ်မှုများကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA မှ အကူအညီများ ပေးအပ်လျက်ရှိသည်ဟု သိရသည်။

ရန်ကုန်မြို့ပတ်ရထားများ အဆင့်မြင့် ပြေးဆွဲနိုင်ရေးအတွက် RBE ရထားတွဲများကို ဂျပန်နိုင်ငံမှ ပေးအပ်လှူဒါန်းခြင်းအပြင် မြန်မာ့မီးရထားက ဝယ်ယူအသုံးပြုလျက်ရှိရာတွင် RBE တွဲဆိုင်း ငါးဆိုင်း ထည့်သွင်းပြေးဆွဲနိုင်ခဲ့ပြီး ဩဂုတ် ၁၆ ရက်တွင် လေအေးပေးစက်ပါ RBE တွဲဆိုင်းနှစ်ဆိုင်း၊ RBT တွဲဆိုင်း သုံးဆိုင်း တစ်ပြိုင်တည်း ထပ်မံတိုးချဲ့ပြေးဆွဲပေးနိုင်ခဲ့သည်။ ဆက်လက်၍ လေအေးပေးစက်ပါ RBE တွဲများဖြင့် မြို့ပတ်ရထားခရီးစဉ်များကို ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ယခုထပ်မံရောက်ရှိလာသော RBE တွဲများကိုလည်း ပြင်ဆင်မှုများပြုလုပ်ကာ ရန်ကုန်မြို့ပတ်ခရီးစဉ်များတွင် ထည့်သွင်းပြေးဆွဲသွားမည်ဟု သိရသည်။

RBE တွဲဆိုင်းများဖြင့် အဆင့်မြင့်ပြေးဆွဲမှုများရှိသော်လည်း ဂျပန်နိုင်ငံမှ တွဲဆိုင်းများသည် ရန်ကုန်မြို့ပတ်ဘူတာ စင်္ကြံများပေါ်မှ ရထားပေါ်သို့ တက်ရောက်ရာတွင် အခက်အခဲများရှိပြီး သက်ကြီးရွယ်အိုများအတွက် အတက်အဆင်းခက်ခဲမှုများရှိသည်ဟု သိရသည်။ RBE တွဲဆိုင်းများ ထည့်သွင်းပြေးဆွဲခြင်းနှင့်အတူ အခြေခံလူတန်းစားများအားထားစီးနင်းနေသော ကျပ် ၅၀ တန် ခရီးစဉ်များကိုလည်း ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(၀၀၁)**

## အထူးရဲသင်တန်းဖွင့်ပွဲအခမ်းအနား မြန်အောင်၌ ကျင်းပ

**မြန်အောင်　　အောက်တိုဘာ ၂၂**

မြန်အောင်မြို့နယ်တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ မဲရုံလုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက်က မြို့မရဲစခန်းဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဖေက ရှင်းလင်းပြောကြားသည်။

မြန်အောင်မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု ၆၉ အုပ်စုရှိ မဲရုံပေါင်း ၂၁၉ ရုံတွင် အထူးရဲတပ်ဖွဲ့ ၂၁၉ ဦး ခန့်အပ်တာဝန်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဗိုလ်(မြို့နယ်ပြန်/ဆက်)**

# ဖန်းမောက်မြို့နယ်အတွင်း တရားမဝင် ရွှေတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်



**ဖန်းမောက် အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ် နန့်စင်းလုံရွာ၊ စီးမော်ရွာ၊ သောင်ကြီးကျေးရွာတို့အနီးတစ်ဝိုက် မံလုံချောင်းနှင့် တောင်ချောင်းပေါက်ချောင်းကမ်းဘေးအနီးတို့တွင် တရားမဝင် ရွှေသတ္တုများတူးဖော်လျက်ရှိကြောင်း သိရသည်။

"ရွှေတူးဖော်ခြင်း လုပ်ကိုင်ကြသူတွေက ကျွန်မတို့ကျေးရွာတွေကိုလာပြီး ချောင်းကမ်းဘေးရွှေတူးဖော်နိုင်တဲ့ နွားစားကျက်မြေ၊ ယာမြေအချို့ကို တစ်ဧက ကျပ်သိန်း ၁၀၀ ဝန်းကျင်အထိ ပေးဝယ်လာကြတဲ့အတွက် ယာမြေအချို့နဲ့ နွားစားကျက်မြေတွေ ပျက်စီးဆုံးရှုံးလာပါတယ်" ဟု စီးမော်ကျေးရွာမှ အမျိုးသမီးတစ်ဦးက ပြောသည်။

ရွှေတူးဖော်ရာမှ ထွက်ရှိသော နွံအနှစ်များက မဲဇာမြစ်အတွင်း စီးဝင်ကြမည့် ချောင်းလက်တက်များအတိုင်း စီးဆင်းသွားခြင်းကြောင့် မဲဇာမြစ်မှာ လွန်ခဲ့သော ၁၅ နှစ်ကထက် ရေထုညစ်ညမ်းမှုများ တစ်နေ့တခြား ပိုမိုကြီးထွားလျက်ရှိပြီး နွံသဲများကြောင့် မဲဇာမြစ်အတွင်း သောင်ထွန်းခြင်း၊ ရေလမ်းကြောင်းများ ပြောင်းလဲစီးဆင်းလျက်ရှိကြောင်း အဆိုပါ အမျိုးသမီးကပြောသည်။

"မဲဇာမြစ်ဟာ တစ်နေ့တခြား ရေထုညစ်ညမ်းလာတယ်။ မြစ်ကြောင်းတိမ်လာတယ်။ မြစ်ကမ်းပါးပြိုကျမှုတွေ တစ်နှစ်ထက်တစ်နှစ်ပိုဆိုးလာပါတယ်။ တစ်နှစ်ပတ်လုံးရေဝါတွေချည်း စီးဆင်းနေတဲ့အတွက် လူ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်တွေ သောက်သုံးရေအဖြစ် အသုံးပြုလို့မရတော့ပါဘူး။ မိုးရွာတာနဲ့ မြစ်ရေကမ်းလျှံလာတယ်။ မြစ်ကမ်းပါး ပြိုကျမှုတွေကြောင့် ကျွန်တော်တို့ရွာကို ရေတိုက်စားလာတယ်။ ရေကာတွေလုပ်ဆောင်ကြရပါတယ်"ဟု အင်းတော်မြို့နယ် ဝါးဖြူထောင်ရွာက ဦးသိန်းက ပြောကြားသည်။

အဆိုပါ ရွှေတူးဖော်ရာတွင် ၂၅ ကောင်၊ ၂၈ ကောင်၊ နှစ်လုံးထိုး၊ လေးလုံးထိုး တရုတ်အင်ဂျင်စက်ကြီးများအပြင် ဘက်ဟိုးများနှင့် ဝါရွှေများ တူးဖော်လျက်ရှိကြောင်း သိရသည်။

**(မောင်ချစ်လင်း)**

၀၀၀

# ကွန်တိန်နာကားခေါင်မိုးပေါ် သစ်ပင်ပြိုလဲကျမှုဖြစ်ပွား

**ချောက် အောက်တိုဘာ ၂၂**

ချောက်မြို့နယ် အမှတ်(၁)ရပ်ကွက် ညောင်ဦးမြို့နယ် လမ်းပိုင်းတွင် ရန်ကုန်မှညောင်ဦးသို့ စက်ပစ္စည်းများ ပို့ဆောင်ရာမှ ရန်ကုန်သို့ပြန်လည်ထွက်ခွာလာသော ယာဉ်မောင်း ဦးဝေလင်းအောင် မောင်းနှင်သည့် (၁၈)ဘီး ကွန်တိန်နာ(အစိမ်းရောင်)၏ ခေါင်းပိုင်းအား လုံးပတ် ငါးပေခန့်ရှိ သက်တမ်းနှစ် ၄၀ ခန့်တမာပင်၏ အောက်ခြေမှဆွေးမြည့်ပြိုကျမှု ယနေ့ မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့သည်။

အဆိုပါ ကွန်တိန်နာကားတွင် ယာဉ်မောင်းသူနှင့်အတူ ယာဉ်နောက်လိုက် ဦးကျော်လှပါလာပြီး သစ်ပင်ပိကျစဉ်တွင် ယာဉ်နောက်လိုက် ဦးကျော်လှမှာ ကားရပ်နား၍ အောက်သို့ဆင်းနေစဉ် ယာဉ်မောင်းတစ်ဦးသာ ကျန်ရှိခဲ့သော်လည်း ထိခိုက်မှုမရှိကြောင်း သိရသည်။




ထိုသို့သစ်ပင်ပိကျနေစဉ် လမ်းအနည်းငယ် ပိတ်ဆို့မှုဖြစ်ပွားခဲ့ပြီး ချောက်မြို့နယ် မီးသတ်တပ်ဖွဲ့နှင့် အနီးရှိပြည်သူများ ရှင်းလင်းဆောင်ရွက်ခဲ့ရာ ယခုအခါ မော်တော်ယာဉ်များ ပုံမှန်သွားလာနိုင်ကြောင်းနှင့် သစ်ပင်ပိကျမှုတွင် လူ၊ တိရစ္ဆာန်တို့ ထိခိုက်မှုမရှိကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

# (NCA)လက်မှတ်ရေးထိုးခြင်းကို ညောင်လေးပင်မြို့၌ ထောက်ခံ

**ညောင်လေးပင် အောက်တိုဘာ ၂၂**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့်အခမ်းအနားအား အောက်တိုဘာ ၂၂ ရက် နံနက် ၈ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဘုရားကြီးကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောလင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဇော်ကံက အဖွင့်အမှာစကားပြောကြားပြီး ဦးအောင်ဇော်မိုး၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းအဆိုကို ဦးစောသိန်းကျော်နှင့် တက်ရောက်လာကြသော တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ပြည်သူများက ထောက်ခံကြသည်။ အခမ်းအနားကို ကရင်ရိုးရာတေးသီချင်းများ၊ ဒိုးယိမ်းအကများဖြင့် စည်ကားသိုက်မြိုက်စွာ ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# လက်ပံတန်း-ကြည့်မြင်တိုင် လူစီးရထားစက်ခေါင်းတွဲအတွင်း ဝါယာရှော့ခ်ဖြစ်မီးလောင်၊ ခရီးသည်နှင့်ဝန်ထမ်းများထိခိုက်မှုမရှိ

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာ့မီးရထား တိုင်းအမှတ် (၇) ရန်ကုန်နယ်မြေ ကမာရွတ်ဘူတာနှင့် လှည်းတန်းဘူတာကြားတွင် အောက်တိုဘာ ၂၀ ရက် ည ၁၀ နာရီ မိနစ် ၂၀ က လက်ပံတန်း-ကြည့်မြင်တိုင် လူစီးရထားစက်ခေါင်း အမှတ် DF 1248 ၏ စက်ခန်းအတွင်း ဝါယာရှော့ခ်ဖြစ်ကာ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ရထားပေါ်တွင် လိုက်ပါလာသော ခရီးသည်နှင့် မြန်မာ့မီးရထားဝန်ထမ်းများ ထိခိုက်ဒဏ်ရာရမှု မရှိခဲ့ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

ရန်ကုန်မြို့ ကမာရွတ်ဘူတာနှင့် လှည်းတန်းဘူတာအကြား မိုင်တိုင်အမှတ် (၄/၂၂-၂၃ )နေရာအရောက် လက်ပံတန်း-ကြည့်မြင်တိုင် လူစီးရထားစက်ခေါင်းအတွင်းရှိ Main Switch Wire သည် Pannel Board ဖရိန်တန်းနှင့် ပွန်းစား၍ Insuiation ပေါက်ပြကာ ဝါယာရှော့ခ်ဖြစ်ပြီး Electronic Main Pannel ရှိ ဝါယာများနှင့် လျှပ်စစ်ပစ္စည်းများ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့မီးရထားမှသိရသည်။




စက်ခေါင်းအတွင်း ဝါယာရှော့ခ်ဖြစ်ပွားမှုအား စက်ခေါင်းတွင်ပါရှိသည့် မီးသတ်ဆေးဘူး ခုနစ်ဘူးနှင့် မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ပြီး ည ၁၀ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ရထားစက်ခေါင်း ဝါယာရှော့ခ်ဖြစ်ပွားမှုတွင် နောက်ပါ လူစီးတွဲများသို့ ကူးစက်ခဲ့မှုမရှိခဲ့ဘဲ ခရီးသည်များနှင့် ဝန်ထမ်းများလည်း ထိခိုက်မှုမရှိကြောင်း သိရသည်။ အဆိုပါ ရထားကို DF1251 စက်ခေါင်းဖြင့် တွန်း၍ ကြည့်မြင်တိုင်ဘူတာသို့ ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ရောက်ရှိခဲ့ပြီး ပုံမှန်ဆိုက်ရောက်ချိန်ထက် ၅၅ မိနစ် နောက်ကျခဲ့သည်ဟု သိရသည်။

**(၀၀၁)**

စာအုပ်စာပေ
လူ့မိတ်ဆွေ

# မြန်မာဂေါက်သီးရိုက်အသင်း ယူအေအီးနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၂**

အောက်တိုဘာ ၂၂ ရက်မှ ၂၅ ရက်အထိ ယူအေအီးနိုင်ငံ Yas Links Golf Club ၌ ကျင်းပမည့် (၂၇)ကြိမ်မြောက် "Nomura Cup 2015" ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အသင်းသည် အောက်တိုဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ယူအေအီးနိုင်ငံသို့ ထွက်ခွာသွားကြသည်။

မြန်မာဂေါက်သီးရိုက်အသင်းတွင် အမျိုးသားအားကစားသမားများအဖြစ် ကျော်သက်ဦး၊ စည်သူရဲရင့်၊ လှိုင်မင်းထက်နှင့် ဇင်အောင်မင်းတို့ လိုက်ပါသွားကြသည်။ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် မြန်မာဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေးအပြင် ဂေါက်သီးရိုက်ပြိုင်ပွဲအတွေ့အကြုံရရှိရေးကို ရည်ရွယ်လျက် ယခုပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**ညောင်လေးပင် အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဇီးကုန်းကြီးကျေးရွာအုပ်စု ကျွန်းချောင်းကျေးရွာတွင် အလှူရှင် ဦးအောင်ဝင်း-ဒေါ်ဆန်းငွေတို့ လှူဒါန်းသော "မိဘမေတ္တာဆရာ့ကျေးဇူးကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်" ဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဇီးကုန်းကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်ရွှင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှဌေးက စာကြည့်တိုက်ပေါ်ပေါက်လာခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးများနှင့် စာများများဖတ်ကြရန် ဟောပြောခဲ့သည်။

ယင်းနောက် မြို့နယ်ပြန်/ဆက်ဌာနနှင့် အလှူရှင်များက သုတ/ရသ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ အဆိုပါ စာကြည့်တိုက်သည် အလျား ၂၃ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၀ ပေရှိ အုပ်တိုက်တစ်ထပ်အမျိုးအစားဖြစ်ပြီး ငွေကျပ် ၂၄ သိန်းကျော် ကုန်ကျကြောင်း သိရသည်။

**နီနီဝင်း(IPRD)**

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခြင်းသည် မျိုးဆက်သစ်အနာဂတ်အတွက် လက်ဆောင်ပေးခြင်းဖြစ်

**ငြိမ်းချမ်းရေးတံခါးကြီးဖွင့်လှစ်နိုင်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီးက ယနေ့သည် မြန်မာနိုင်ငံအတွက် အရေးပါသော သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်သလို နိုင်ငံတော်၏ ငြိမ်းချမ်းရေးအနာဂတ်အတွက် လမ်းသစ်တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသော အဖွဲ့တွေပါဝင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားမှာဖြစ်၍ တံခါးဖွင့်ထားလျက်ရှိကြောင်း ပြောကြားခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကိုယ်စား ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဦးစောမူတူးစေးဖိုးကလည်း နှစ်ရှည်လများဖြစ်ပွားနေသော တိုက်ပွဲတွေအဆုံးသတ်စေဖို့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို နှစ်နှစ်နီးပါး အချိန်ယူ၍ နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုများ၏ ရလဒ်အဖြစ် ယခုလို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး သမိုင်းစာမျက်နှာတစ်ခု ပေါ်ပေါက်စေခဲ့ကြောင်း ပြောကြားသွားခဲ့သည်။**

ထို့ပြင် အောက်တိုဘာ ၁၅ ရက်တွင် အောင်မြင်စွာကျင်းပခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် မန္တလေးပြည်သူတို့၏ အေးချမ်းပျော်ရွှင်စရာ ပီတိစကားသံလေးများကိုလည်း ဖော်ပြပေးလိုက်ပါသည်။

**ဦးလားလ်ဆွိဆုန်း(ချင်းတိုင်းရင်းသား)**

ငြိမ်းချမ်းရေး ရရှိတယ်ဆိုတာ အင်မတန်မင်္ဂလာရှိတဲ့ အလုပ်တစ်ခုပါပဲ။ အခုမှရတယ်ဆိုတာ နောက်တောင်ကျနေပါပြီ။ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့လည်း အမြန်ဆုံး အပစ်အခတ်ရပ်စဲနိုင်ပါစေလို့ ဆုတောင်းနေပါတယ်။ ကြိုဆိုပါတယ်။ ဝမ်းသာပါတယ်ခင်ဗျာ။ ကျန်တဲ့အဖွဲ့တွေလည်း ငြိမ်းချမ်းရေးအတွက် ပူးပေါင်းပြီး ဆောင်ရွက်ပေးကြဖို့ တောင်းဆိုပါတယ်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းပြီဆိုရင်တော့ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်သွားချင်တဲ့နေရာ သွားလို့ရမယ်။ ကိုယ့်မိသားစုအကျိုး၊ ဒေသအကျိုးတွေအတွက် ဆောင်ရွက်လို့ ရသွားမှာပါ။

လက်ရှိအခြေအနေမှာတောင် ကျွန်တော်တို့ ချင်းပြည်နယ်အတွက် ပညာရေးကို တိုးတက်အောင် လုပ်ပေးနေတာ။ နောင်ဆို ဒီထက်ပိုပြီး ပညာတတ်တွေ ပေါ်ထွက်လာတော့မယ်လို့ ယုံကြည်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးတွေလည်း ကောင်းပြီး လူမှုရေး၊ စီးပွားရေးတွေလည်း မြို့ကြီးတွေနဲ့တန်းတူ ဖွံ့ဖြိုးတိုးတက် ကောင်းမွန်လာမယ်လို့ မျှော်လင့်နေပါတယ်။ အခုလို ငြိမ်းချမ်းရေးတံခါးကြီးကို ဖွင့်ပေးကြတဲ့ နိုင်ငံတော်သမ္မတကြီးနဲ့အတူ တက်ကြွစွာ စေတနာထား ဆွေးနွေးပေးကြတဲ့ အဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**ဦးစောသက်ထွန်း (ကရင်တိုင်းရင်းသား)**

ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးနိုင်တာကို သာမန်ပြည်သူတစ်ယောက်အနေနဲ့ ကြိုဆိုဝမ်းသာပါတယ်။ ဒါပေမယ့် ၁၅ ဖွဲ့လုံးထိုးနိုင်ရင်တော့ ပိုပျော်ရမှာပေါ့ဗျာ။ ကျွန်တော်တို့ ပြည်နယ် ငြိမ်းချမ်းတယ်ဆိုရင်ကို အများကြီး ဝမ်းသာရမှာပါ။ ကျွန်တော်တို့ ကရင်ပြည်နယ်မှာ မြေအောက်သယံဇာတတွေ အများကြီးရှိပြီး စစ်ပွဲတွေရှိနေတဲ့အတွက် ဘာမှသုံးစားခံစားခွင့်မရှိဘူး။ နောက်ပြီး မြေမြှုပ်မိုင်းတွေကြောင့် ခြေပြတ်၊ လက်ပြတ်နဲ့ ဒုက္ခိတတွေ အများကြီးဖြစ်နေကြ



ဦးလားလ်ဆွိဆုန်း။

တယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝတွေ အများကြီးနိမ့်ကျနေတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးရပြီဆိုရင်တော့ ဒါတွေအားလုံး အဆင်ပြေသွားမယ်လို့ မျှော်လင့်ပါတယ်။ အခုလို ကရင်ပြည်နယ် ငြိမ်းချမ်းရေးအတွက် လက်မှတ်ရေးထိုးနိုင်သလို တစ်တိုင်းပြည်လုံးမှာရှိတဲ့အဖွဲ့အစည်းတွေအားလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် သဘောတူလက်မှတ်ရေးထိုးပေးနိုင်မယ်ဆိုရင်တော့ ပြည်သူတွေအားလုံး ပျော်ရွှင်ရမှာပေါ့ဗျာ။ လောလောဆယ်မှာတင် မတရားအသင်းကနေ ပယ်ဖျက်လိုက်တဲ့အတွက် အမျိုးတွေအချင်းချင်း ရဲရဲဝံ့ဝံ့ဆက်ဆံနိုင်ပြီး ဒေသဖွံ့ဖြိုးရေးအတွက်လည်း လက်တွဲလုပ်ကိုင်နိုင်မယ့် အခွင့်အရေးတွေ ရရှိလာပါပြီ။ ကျန်တဲ့အဖွဲ့တွေကလည်း လိုအပ်ချက်နဲ့ ခံစားချက်တွေ ပြေလည်အောင်ညှိနှိုင်းပြီး ငြိမ်းချမ်းရေးရအောင် လုပ်ကြပါလို့ ပြည်သူ တစ်ယောက်အနေနဲ့ တောင်းဆိုပါတယ်။ နှစ်ဦးနှစ်ဖက်စေတနာမှန်မှန်နဲ့ လုပ်ကြမယ်ဆိုရင် ငြိမ်းချမ်းရေးက မနက်ဖြန်ရမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ကမ္ဘာကျော် Imagine သီချင်းစာသားထဲကလို ကျည်ဆန်တွေကို ပြတိုက်မှာထားပြီး ပြသရတဲ့နေ့ကို ရောက်သွား



ဦးစောသက်ထွန်း။

ရင် တိုင်းပြည်ငြိမ်းချမ်းပြီး ပျော်ရွှင်စရာကောင်းတဲ့နေ့တွေ ဖြစ်လာမယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

**ဗိုလ်ကြီးအေးကို (ငြိမ်း)**

ကျွန်တော် တပ်မတော်မှာ ရဲဘော်ဘဝကနေ အရာရှိဖြစ်တဲ့အထိ တာဝန်ထမ်းဆောင်ခဲ့တဲ့ အတွေ့အကြုံအရ နယ်မြေမငြိမ်းချမ်းတဲ့အခါမှာ ဒေသခံပြည်သူတွေဟာ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေမှာ ဒုက္ခတွေနဲ့ ရင်ဆိုင်ရပါတယ်။ အများအားဖြင့် လူငယ်တွေမှာအရွယ်ရောက်ပြီဆိုတာနဲ့ ပညာရေး၊ စီးပွားရေးကို မလုပ်ကိုင်နိုင်ကြဘူး။ စစ်ဘေး၊ စစ်ဒဏ်သင့်တဲ့အတွက်ကြောင့် ရွာတွေမှာလည်း အခြေချမနေနိုင်ကြတော့ဘဲ ဖွံ့ဖြိုးမှုမလုပ်နိုင်ကြတဲ့အတွက် မြို့ကြီးတွေနဲ့ ယှဉ်တဲ့အခါမှာ ဖွံ့ဖြိုးမှုတွေ နိမ့်ကျနေခဲ့တာပါ။ အခုလို အောက်တိုဘာ ၁၅ ရက်နေ့မှာ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ခဲ့ကြတဲ့အတွက် ကြိုဆိုပါတယ်ဗျာ။ အားလုံးပါဝင်ပြီး လက်မှတ်ရေးထိုးဖြစ်သွားမယ်ဆိုရင်တော့ တစ်နိုင်ငံလုံး ငြိမ်းချမ်းပြီးပျော်စရာပေါ့ဗျာ။ အရင်က နယ်စပ်ဒေသတွေက ကလေးတွေဟာ မငြိမ်းချမ်းတဲ့အတွက် စာသင်ကြားပေးကြမယ့် ဆရာတွေမလာရဲကြတော့ ကလေးတွေ မြန်မာစာမတတ်ကြဘူး။ နီးစပ်ရာ ထိုင်းစာ၊ တရုတ်စာ



ဗိုလ်ကြီးအေးကို (ငြိမ်း)။

တွေပဲ တတ်ကြတယ်။ ဒါကြောင့် လူမှုရေး၊ စီးပွားရေးဘဝတွေ နိမ့်ကျသွားတာပါ။ အခုလို ငြိမ်းချမ်းရေးရသွားရင် လမ်းပန်းဆက်သွယ်ရေးသာမက ပညာရေးကိုပါ မြှင့်တင်ပေးနိုင်တော့မှာဖြစ်တဲ့အတွက် ပညာရေးကောင်းလာရင် လူမှုစီးပွားရေးဘဝပါ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာတော့မှာ ဖြစ်ပါတယ်။ လက်နက်ကိုင် တိုက်ပွဲဝင်သူအချင်းချင်းပြောရရင် စခန်းသိမ်းတိုက်ပွဲတွေမှာ နေ့ရောညပါ ရက်ပေါင်းအတော်ကြာကြာ တိုက်ရတော့ နှစ်ဖက်စလုံးမှာ စိုးရိမ်စိတ်တွေ အမြဲဖြစ်ပေါ်နေရပါတယ်။ ဘယ်အချိန်လာတိုက်မလဲ၊ ဘာတွေညွှန်ကြားမလဲဆိုတဲ့ ဖိအားတွေအပြင် ကိုယ့်အဖွဲ့အစည်း၊ ကိုယ့်နိုင်ငံကို ကာကွယ်ရင်း ဘယ်အချိန်မှာ အန္တရာယ်ကျရောက်မလဲဆိုတဲ့ စိတ်ဖိစီးမှုတွေအမြဲခံစားနေရပါတယ်။ ကိုယ့်အိမ်၊ ကိုယ့်မိသားစုကို ပြန်ရောက်နိုင်မလား၊ ခွဲခွာသွားရမလားဆိုတဲ့ အတွေးတွေလည်း အမြဲဝင်လာပါတယ်။ ဒါဟာ လက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံးမှာ ဖြစ်ပေါ်တတ်တဲ့ တူညီတဲ့ ခံစားမှုတွေပါပဲ။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလက်မှတ်ရေးထိုးပြီး ငြိမ်းချမ်းသွားကြရင် စိုးရိမ်စိတ်တွေလည်း ကင်းသွားမယ်။ ညဆိုရင်လည်း စိတ်အေးချမ်းစွာနဲ့ အိပ်လို့ရတဲ့အပြင်



ဦးစိုးဝင်းမြင့်။

မိသားစုအတွက်၊ ရပ်ရွာအကျိုးအတွက်လည်း အချိန်ပေးဆောင်ရွက်လို့ ရသွားနိုင်ပါပြီ။ အခုဆို အဖွဲ့တစ်ဝက်ကျော် လက်မှတ်ရေးထိုးကြတဲ့အတွက် ငြိမ်းချမ်းရေး ရောင်နီဦးကို မြင်နေရပြီ ဖြစ်ပါတယ်။ ဒါကြောင့် ကျန်နေသေးတဲ့အဖွဲ့တွေကလည်း တစ်တိုင်းပြည်လုံးငြိမ်းချမ်းပြီး ပန်းခင်းလမ်းကို လျှောက်လှမ်းနိုင်ဖို့ မဖြစ်မနေ လက်မှတ်ရေးထိုးပေးကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဦးစိုးဝင်းမြင့် (စီးပွားရေးလုပ်ငန်းရှင်)**

လူမှန်းသိတတ်စကတည်းက အခုအသက် (၆၀)ကျော်အထိ ပြည်တွင်းမှာ တိုက်ပွဲသတင်းတွေ ကြားနေခဲ့ရတယ်။ အခုလို နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင် ဦးဆောင်ကြိုးစားပြီး ဆောင်ရွက်မှုကြောင့် ငြိမ်းချမ်းရေးတံခါးကြီးပွင့်လာပြီလို့ ပြောလို့ရပါပြီ။ စီးပွားရေးတံခါးပေါက်တွေ ဖွင့်ထားပေမယ့် တစ်ဖက်က ရင်းနှီးမြှုပ်နှံမယ့် နိုင်ငံတကာအနေနဲ့က နိုင်ငံမငြိမ်းချမ်းရင် ရင်းနှီးမြှုပ်နှံဖို့ ချိန်ဆနေရတာပေါ့။ အခုလိုသတင်းကောင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဒလဟောဝင်လာမယ်လို့ မျှော်လင့်လို့ရပါပြီ။ ငြိမ်းချမ်းရေးအသီးအပွင့်ကို တိုင်းရင်းသားအားလုံး သာတူညီမျှ ခံစားစေချင်ပါတယ်။ ဘေးပြောတာကို မယုံဘဲ၊ အချင်းချင်းယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့တဲ့အတွက် လက်တွေ့ယနေ့မှာ (NCA)ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့တာ သက်သေပါ။ ကျန်တဲ့အဖွဲ့တွေကိုလည်း နိုင်ငံတော်က သဘောထားကြီးစွာ စောင့်ကြိုနေလိမ့်မယ်လို့ ယုံကြည်ပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို ကျန်အဖွဲ့တွေအားလုံး လက်မှတ်ထိုးနိုင်ကြပါစေလို့ တိုက်တွန်းပါရစေ။ တိုင်းပြည်အေးချမ်းမှ နိုင်ငံတကာနဲ့ ချိတ်ဆက်ထားတဲ့လမ်းတွေမှာ လွတ်လပ်ပျော်ရွှင်စွာသွားလာနိုင်ကြပြီး မြေပေါ်မြေအောက် သံယဇာတအခြေခံတဲ့ နယ်စပ်ဒေသတွေမှာ စက်ရုံ၊ အလုပ်ရုံကြီးတွေ၊ ကုမ္ပဏီကြီးတွေ ပေါ်ပေါက်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်ပေါ်လာတော့မှာပါ။ ကျွန်တော်တို့ လူမျိုး တိုင်းရင်းသားတွေ တိုင်းတစ်ပါးကို အားကိုးပြီး မျက်နှာငယ်စွာနဲ့ သွားရောက်လုပ်ကိုင်ဖို့မလိုတော့အောင် အခွင့်အလမ်းကောင်းတွေ ပေါ်ပေါက်လာတော့မှာဖြစ်လို့ ကျွန်တော်တော့ တွေးတွေးပြီး ဝမ်းသာပျော်ရွှင်နေမိပါတယ်ဗျာ။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မုံရွာမြို့နယ် မော်တော်ယာဉ်များစနစ်တကျပြေးဆွဲရေးကော်မတီမှ ယာဉ်မောင်းမိသားစုများအား ထောက်ပံ့

**မုံရွာ အောက်တိုဘာ ၂၂**

မုံရွာမြို့အခြေစိုက်၍နယ်အသီးသီးသို့ပြေးဆွဲနေကြသော ခရီးသည်တင်ယာဉ်နှင့်ကုန်တင်ယာဉ်တို့၏ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များနှင့် မိသားစုဝင်များအဆင်ပြေမှုရှိစေရန်အတွက် မုံရွာမြို့နယ် မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲစေရေး ဆပ်ကော်မတီအနေဖြင့် အမြဲစောင့်ကြည့်ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၆ ရက်က ယာဉ်တိုက်မိမှုကြောင့် ဖမ်းဆီးခံ ယာဉ်မောင်းတို့၏မိသားစုဝင်များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့အပြင် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ကုန်တင်ယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ ယာဉ်မောင်းသေဆုံးသွားခြင်းကြောင့် မိသားစုအား ငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ ဩဂုတ်လက ကလေး-ဂန့်ဂေါလမ်းတွင် ဘရိတ်ပေါက်ကာ တိမ်းမှောက်၍ ခရီးသည်တစ်ဦး သေဆုံးခဲ့သော ရွှေပြည်သာခရီးသည်တင်မှန်လုံယာဉ် ယာဉ်မောင်း၏ မိသားစုဝင်များနှင့် စက်တင်ဘာလက မုံရွာ- ဟုမ္မလင်း ပြေးဆွဲသော ရွှေပြည်တော်ပါဂျဲရိုး ယာဉ်နှင့် ဆိုင်ကယ်တို့ မုံရွာမြို့ အောင်မင်္ဂလာအဝိုင်းတွင် တိုက်မိမှုဖြစ်ပွားရာ ဆိုင်ကယ်မောင်းသူ သေဆုံးသွား၍ ယာဉ်မောင်းသူမှာ အမှုရင်ဆိုင်နေရသောကြောင့် ၎င်းတို့၏ မိသားစုဝင်များ စားသောက်ရေး အဆင်ပြေစေရန် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းခွဲဖြင့် နှစ်ဦး ငွေကျပ်သုံးသိန်းကို ကော်မတီမှ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

"ကော်မတီအနေနဲ့ မုံရွာကားလေးကွင်းအတွင်း ကွန်ကရစ်ခင်းရန် ငွေကျပ်သိန်း ၂၀၀ ထည့်ဝင်ပေးအပ်ခဲ့သလို မုံရွာမြို့ ထန်းတောရပ်ကွက် မူလတန်းကျောင်းမှာ ငွေကျပ် ၂၉၈ သိန်းတန်ဖိုးရှိ ကျောင်းဆောင်ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။

ဒါ့အပြင် အလုံမူလတန်းကျောင်းအတွက် ငွေကျပ်သိန်း ၅၀ပေးအပ်လှူဒါန်းခဲ့သလို ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များရဲ့ သားသမီးများ ပညာရည်ချွန်ထောက်ပံ့ပေးအပ်ပွဲကို နှစ်စဉ်ကျင်းပနေပါတယ်။ ပြီးခဲ့တဲ့ ရေဘေးကယ်ဆယ်ရေးအတွက် သယ်ယူပို့ဆောင်တဲ့ ယာဉ်တွေအပြင် စက်သုံးဆီတွေကိုပါ လှူဒါန်းခွင့်ရခဲ့ပါတယ်"ဟု ကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမင်းက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်

**ဝေါ အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်အတွင်း၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဝေါမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျိုက်လှရွာ၊ ရှမ်းစုရွာ၊ဇီးဖြူကုန်းကျေးရွာများသို့ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးရန်နောင်ဝင်းနှင့်အဖွဲ့၊ ဝေါမြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်ဦးစီးမှူး ဦးခင်မောင်အေးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက လုပ်ငန်းအခြေအနေများ၊ ငွေစာရင်းပုံစံခုနစ်မျိုးနှင့် စာရင်းပြုစုထားရှိမှုများအား အောက်တိုဘာ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအဖွဲ့ဝင်များ၏ လုပ်ငန်းအမျိုးအစားအလိုက် ဆောင်ရွက်ထားရှိမှုများကို ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**




## တရုတ်ဒရမ်မာဇာတ်လမ်းတွဲမှာ ဝင်ရောက်သရုပ်ဆောင်မယ့် ဂျန်အီဝူ

ကိုရီးယားထိပ်တန်းမင်းသား ဂျန်အီဝူက သူ့အနေနဲ့ တရုတ်ရုပ်သံဇာတ်လမ်းတွဲယူနန်တီဗွီမှ ထုတ်လွှင့်မည့် Beautiful Women မှာ ပါဝင်သရုပ်ဆောင်မှာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ မင်းသားအနေနဲ့ တရုတ်ပရိသတ်အင်အား ပိုမိုတိုးပွားလာစေရန် ရည်ရွယ်ချက်ဖြင့် ယင်းဇာတ်လမ်းတွဲတွင် ဝင်ရောက်သရုပ်ဆောင်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဇာတ်လမ်းအကျဉ်းမှာ စားသောက်ကုန်လုပ်ငန်းစုကြီးနှစ်ခုကြား ပြိုင်ဆိုင်ရင်း ညီအစ်မသုံးဦး၏ ချစ်ခြင်းမေတ္တာ အလှည့်အပြောင်း၊ ဘဝ၏ အနိမ့်အမြင့်အတက်အကျများအား ဇာတ်လမ်းဆင်ကာ ရိုက်ကူးထားသော မေတ္တာဖွဲ့ဇာတ်လမ်းတွဲဖြစ်သည်။ ဂျန်အီဝူက ယခုဇာတ်လမ်းတွဲမှာ သူ့အတွက် ပထမဆုံး ရိုက်ကူးမည့် တရုတ်ဇာတ်လမ်းတွဲဖြစ်၍ အနည်းငယ်စိုးရိမ်ပူပန်မိကြောင်း၊ သို့သော် ကောင်းမွန်သည့်ရလဒ်တစ်ခုရရှိအောင် အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

## သာမန်လူငယ်တစ်ယောက်လိုပဲ ဘဝကိုဖြတ်သန်းခွင့်ရခဲ့သူ ဒန်နီယယ်ရက်ဖ်ကလစ်ဖ်



ဟယ်ရီပေါ်တာမင်းသား ဒန်နီယယ်ရက်ဖ်ကလစ်ဖ်က သူဟာအခြားလူငယ်တွေလိုပဲ ဆယ်ကျော်သက်ဘဝကို ဖြတ်ကျော်ခွင့်ရခဲ့ပေမယ့် အောင်မြင်မှုကြောင့် ချစ်သူရည်းစားထားတဲ့ ကိစ္စရပ်မှာတော့အနည်းငယ်ခက်ခဲခဲ့တယ်လို့ ဆိုလိုက်ပါတယ်။ မင်းသားက သူဟာ အရွယ်ရောက်လာချိန်မှာ တခြားဆယ်ကျော်သက်ယောကျ်ားလေးတွေလို အမျိုးသမီးငယ်လေးတွေနဲ့အတူ နေထိုင်သွားလာချင်ခဲ့ပေမယ့် ရိုက်ကူးရေးကိစ္စတွေနဲ့သာ အချိန်ကုန်ဆုံးနေရတာကြောင့် တစ်ကိုယ်တည်းသာ အချိန်ကုန်ဆုံးခဲ့တာများခဲ့တယ်လို့ ပလေးဘွိုင်မဂ္ဂဇင်းနဲ့ အင်တာဗျူးပြုလုပ်စဉ်မှာ ဖွင့်ဟခဲ့ပါတယ်။ ဒယ်နီယယ်က အခုအချိန်မှာအသက်(၂၆)နှစ်အရွယ်ကိုရောက်ရှိနေပြီး ရင့်ကျက်မှုတွေနဲ့သာ ဘဝကိုဖြတ်ကျော်ဖို့ အားထုတ်နေရတယ်လို့လည်း ပြောခဲ့ပါတယ်။

ဒန်နီယယ်က အသက်(၁၁)နှစ်အရွယ်ကတည်းက ဟယ်ရီပေါ်တာရုပ်ရှင်ဇာတ်ကားမှာ အဓိကသရုပ်ဆောင်အဖြစ် ဝင်ရောက်သရုပ်ဆောင်ခွင့်ရခဲ့ပြီး အကျော်ကြားဆုံးဆယ်ကျော်သက်ကြယ်ပွင့်ဘဝကို ရောက်ရှိခဲ့သူပါ။ ဒါပေမယ့်လည်း မူးယစ်ဆေးဝါးစိုက်ပျိုးမှု၊ ရောင်းဝယ်မှုတွေအပြင် အခြားလိင်ပိုင်းဆိုင်ရာကိစ္စရပ်တွေကြောင့် နောက်ပိုင်းမှာ အောင်မြင်မှုနှောင့်နှေးခဲ့ရပါတယ်။

ဒါပေမယ့် ဒန်နီယယ်က“ ကျွန်တော်ဟာအသက် (၁၁)နှစ်အရွယ်လောက်မှာကတည်းက လိင်ကိစ္စကို စိတ်ဝင်စားခဲ့ပေမယ့် ကျွန်တော်ရဲ့ အောင်မြင်မှုက ဒီကိစ္စရပ်တွေနဲ့ ဝေးကွာစေခဲ့ပါတယ်။ ဒါကြောင့်လည်း အယ်ရင်ဒါ့ခ်နဲ့ ချစ်ခန်းတွေ သရုပ်ဆောင်ရချိန်မှာ ကျွန်တော့်ဘက်က ဘယ်လိုမှ အဆင်မပြေခဲ့ဘူး။ သူက လှလွန်း၊ စမတ်ကျလွန်းတာကြောင့် ကျွန်တော့်အနေနဲ့ သရုပ်ဆောင်နေတယ်ဆိုတဲ့ ခံစားချက်ကို အတင်းထည့်ပြီး ဇာတ်ကောင်စရိုက်ကို စီးမျောအောင် အားထုတ်ခဲ့ရပါတယ်” လို့ ဒန်နီယယ်ရက်ကလစ်ဖ်က ဆိုခဲ့ပါတယ်။

**မေလဲ့သင်း**

## ခေတ်မီပစ္စည်းတွေကြောင့် မင်္ဂလာဦးခန်းဝင်ပစ္စည်းတွေအတွက် ရွေးချယ်စရာများလာ



မြန်မာ့ရိုးရာမင်္ဂလာဆောင်များတွင် မပါမဖြစ်အနေနဲ့က မင်္ဂလာခန်းဝင်ပစ္စည်းဖြစ်ပါတယ်။ မိန်းကလေးရှင်များဘက်ကတော့ မင်္ဂလာခန်းဝင်ပစ္စည်းတွေကို ဂုဏ်တစ်ခုအနေနဲ့ မက်မောကြပြီး ပစ္စည်းများရင်များလာသလို ဂုဏ်ယူလေ့ရှိကြပါတယ်။ ဒါကြောင့် မင်္ဂလာအခမ်းအနားပြင်ဆင်ရာမှာ ခန်းဝင်ပစ္စည်းကလည်း အလေးထားစဉ်းစားရမယ့်အချက်ထဲမှာ ပါဝင်ပါတယ်။

မင်္ဂလာဆောင်အတွက် ကိုယ်သုံးမယ့်ငွေပမာဏအပေါ်မူတည်ပြီး ခန်းဝင်ပစ္စည်းအသုံးပြုမှုက ခြားနားနိုင်ပါတယ်။ အများစုစဉ်းစားကြတာက ခုတင်၊ မွေ့ရာ၊ ဗီရို၊ မှန်တင်ခုံ၊ ဆက်တီခုံတို့ပဲဖြစ်ပါတယ်။ ငွေကြေးတတ်နိုင်တဲ့သူများကတော့ ထပ်ပြီးဖြည့်ကြပါတယ်။ ဘုရားစင်၊ ပန်းကန်စင်၊ ဖိနပ်စင်တို့ အခြား အိမ်သုံးပစ္စည်းများကို ထပ်ခါထပ်ခါ ဖြည့်ဆည်းကြပါတယ်။

အခုခေတ်မှာ ခန်းဝင်ပစ္စည်းတွေဖြစ်တဲ့ အိမ်သုံးပစ္စည်းတွေကို ပြည်တွင်းရော ပြည်ပကပါ တင်သွင်းလာကြပါတယ်။ အခု ဝါကျွတ်အမီ မင်္ဂလာဆောင်မယ့် သတို့သား သတို့သမီးများအနေနဲ့ ရွေးချယ်စရာများလို့ ခေါင်းရှုပ်ကြပါလိမ့်မယ်။

မြို့ကြီး ပြကြီးတွေမှာ နေထိုင်သူတွေကတော့ ပြည်ပက တင်သွင်းလာတဲ့ပစ္စည်းတွေကို ကြိုက်နှစ်သက်မှုများပြီး နယ်မြို့တွေမှာ နေထိုင်သူတွေက မင်္ဂလာဦးခန်းဝင်ပစ္စည်းများအဖြစ် တစ်သက်လုံးအမှတ်တရ ဂုဏ်ယူချင်တဲ့အနေနဲ့ သစ်သားနဲ့ ပြုလုပ်ထားတဲ့ ပစ္စည်းတွေကို ကြိုက်နှစ်သက်ကြပါတယ်။

အခုလာမယ့် ဝါကျွတ်ကာလမှာ မင်္ဂလာဆောင်ရန် ရည်ရွယ်ထားတဲ့ မမိုးသူက “ကျွန်မအနေနဲ့က သံထည်ပစ္စည်းတွေထက် သစ်သားပစ္စည်းတွေကို ပိုပြီးသဘောကျတယ်။ ဒါတွေက မိန်းကလေးတစ်ယောက်အတွက် တစ်သက်မှာတစ်ခါ မင်္ဂလာဆောင်ရတဲ့ ဒီခန်းဝင်ပစ္စည်းတွေကို သားသမီးတွေအထိ လက်ဆင့်ကမ်းချင်တယ်လေ။ ဒါကြောင့် ရေရှည်ခံမယ့် သစ်သားပစ္စည်းတွေကို ပိုသဘောကျပါတယ်။ သံထည်တွေကတော့ အလှပဲလေ။ ဈေးကလည်း အသင့်အတင့်ပဲရှိပါတယ်။ ကျွန်မက ရေရှည်သုံးဖို့အတွက်ပါ။ ကျွန်မတို့အိမ်မှာ အဘိုးအဘွားတွေလက်ထက်ကတည်းက သစ်သားခုတင်တွေ ရှိသေးတယ်။ ဒါကို အားကျတယ်လေ”လို့ သူ့ရဲ့အမြင်ကို ပြောပြပါတယ်။

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ ကိုလင်း(ပရိဘောဂ) ဆိုင်မှ ကိုလင်းသူက သူ့ရဲ့ဆိုင်မှာ မင်္ဂလာမောင်နှံတွေအတွက် မင်္ဂလာဦးခန်းဝင်ပစ္စည်း တစ်စုံလုံးစာဝယ်ယူရင် ပန်းကန်စင်တို့၊ ဖိနပ်စင်တို့လို ပစ္စည်းလေးတွေကို အမှတ်တရလက်ဖွဲ့အနေနဲ့ လက်ဖွဲ့ပေးတယ်လို့ ပြောပြပါတယ်။

“ခန်းဝင်တွေဖြစ်တဲ့ ခုတင်၊ ဗီရို၊ မှန်တင်ခုံတွေက ဈေးနှုန်းအနေနဲ့ တစ်ခုကို ကျပ်နှစ်သိန်းကျော်ဝန်းကျင်ရှိပါတယ်။ ဆက်တီခုံတွေနဲ့ ဘုရားစင်လည်း ကျပ်နှစ်သိန်းကျော်ဝန်းကျင်ရှိပါတယ်။ တကယ်လို့ ခန်းဝင်ပစ္စည်းတစ်စုံလုံး ဝယ်ယူမယ်ဆိုရင် အနည်းဆုံးနှစ်ပတ်လောက် အချိန်ယူမှရမှာပါ”လို့ ပြောပါတယ်။

လူအမျိုးမျိုး၊ အဆင့်အတန်းအမျိုးမျိုးရှိတာကြောင့် မင်္ဂလာဆောင်ရာမှာ တချို့မင်္ဂလာမောင်မယ်တွေက ပြည်ပထုတ်ကုန်ပစ္စည်းတွေသာ နှစ်သက်တတ်တဲ့ သူတွေလည်းရှိပါတယ်။ ဘဝပဲဖြစ်ဖြစ် တစ်သက်မှာတစ်ခါ ဆောင်ရတဲ့ မင်္ဂလာပွဲဖြစ်တာမို့ ကြီးကျယ်ခမ်းနားချင်တဲ့သူတွေအတွက် အမေရိကန်နိုင်ငံက ထုတ်လုပ်တဲ့ မွေ့ရာ၊ ခုတင်တွေကို မှာယူတဲ့သူတွေ ရှိပါတယ်။ ထိုသူတွေအတွက် ဆီွတီးဟုမ်း(မန္တလေးဆိုင်ခွဲ)က ကိုဇော်ဝင်းနိုင်က အမေရိကန်ထုတ်ပစ္စည်းတွေလည်း သူတို့ဆိုင်မှာ ဝယ်ယူနိုင်ပါတယ်လို့ ပြောပြပါတယ်။

“ကျွန်တော်တို့ဆိုင်မှာ ပြည်တွင်းကော ပြည်ပထုတ်တွေပါ အကုန်ရှိပါတယ်။ စပရိန်မွေ့ရာအပါအဝင် အိပ်ခန်းသုံးပစ္စည်းအစုံလိုက် ပြည်တွင်းထုတ်ဆိုရင် တစ်ခုံလုံးစာအနည်းဆုံး ကျပ် ၁၀ သိန်းဝန်းကျင်လောက်ရှိပါတယ်။ တစ်ခုချင်းစီ လိုက်ဝယ်မနေရတော့ဘူးပေါ့။ တစ်ခုချင်းစီပဲဝယ်မယ်ဆိုလည်း ရပါတယ်။ တံဆိပ်အမျိုးမျိုးနဲ့ ဈေးနှုန်းလေးတွေ ကွာခြားသွားပါတယ်။ နာမည်ကြီးတံဆိပ်တွေလည်းရှိပါတယ်”လို့ ပြောပြပါတယ်။

မင်္ဂလာမောင်နှံတွေအတွက် တစ်သက်မှာတစ်ခါဆောင်ရတဲ့ မင်္ဂလာပွဲမှာ မင်္ဂလာဦးခန်းဝင်ပစ္စည်းတွေအတွက် သစ်သားထည်နဲ့ သံထည်တွေကို ကိုယ်သုံးမယ့် ငွေကြေးပမာဏပေါ်မူတည်ပြီးတော့ မိမိတို့အကြိုက်ရွေးချယ်ဖို့အကြံပေးလိုက်ပြီနော်။

**(ရှင်မင်းနွယ်၊ မျိုးစန္ဒာမောင်)**

## ရုပ်မြင်သံကြားအစီအစဉ်များ

**၂၃ - ၁၀ -၂၀၁၅ (သောကြာနေ့)**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | | | |
|---|---|---|---|
| ၆း၀၀ | အဖွင့် -ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ ဂီတရိပ်သာ | ၈း၃၅ | “ဂိုး” (အပိုင်း-၁) |
| ၆း၂၀ | “ဒီမိုကရေစိတ်တံတား”(အပိုင်း-၄) | ၈း၅၅ | မြန်မာဗီဒီယိုဇာတ်လမ်း “ရင်ဝယ်ထားသားလည်းမဟုတ်” (ဇာတ်သိမ်း)(နေယံ၊ မို့မို့မြင့်အောင်၊ မေသက်ခိုင်) (ဒါရိုက်တာ-ဇော်မြင့်ဦး) |
| ၆း၄၅ | “အမျိုးသားရေးတာဝန်ကျေပွန်ဖို့ ဆန္ဒမဲတွေပေးကြစို့” | ၉း၅၅ | ASEAN China Cultural Show |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “မြစိမ်းရောင်သံစဉ်” (အပိုင်း-၈) | ၁၀း၀၀ | မြန်မာဗီဒီယိုဇာတ်လမ်း “မျှော်လင့်ခြင်းကမ်းပါးမှာ တစ်တောလုံးပန်းတွေဝေခဲ့ပေါ့” |
| ၇း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “မင်္ဂလာပါဂင်ချီ” (အပိုင်း-၂၀) | ၁၂း၀၀ | အစီအစဉ်ပြီး၏။ |

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | | | |
|---|---|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် | ၄း၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ) |
| ၆း၂၅ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ | ၅း၁၅ | “ခေါင်းကောင်းကောင်းနဲ့ ရွေးကြစို့” |
| ၆း၄၅ | “တန်ခိုးတော်ထင်ရှားကျိုက္ခမီ ဆုတောင်းပြည့်ရေလယ်ဘုရား” | ၇း၁၅ | Channel'0' (အပိုင်း-၉) (ပထမပိုင်း) |
| ၇း၀၀ | နံနက်ခင်းသတင်း မိုးလေဝသအခြေအနေ | ၇း၃၅ | Channel'0' (အပိုင်း-၉) (ဇာတ်သိမ်း) |
| ၇း၃၀ | Head Line NEWS | ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၇း၅၀ | “သီတင်းကျွတ်လ” | ၈း၃၅ | ဆန္ဒတူညီမဲပေးကြမည် |
| ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း | ၉း၀၀ | ပြည်တွင်းသတင်း နိုင်ငံခြားဇာတ်လမ်းတွဲ “တောင်းတဲ့ဆု”(အပိုင်း-၁၀) ချစ်သော၏ကမ္ဘာမြေ ပြည်သူ့နီတိ “ဒူလာချစ်ဖေ” (ဂွမ်းပုံကြီး၊ ညီညီမင်း၊ ကျော်ဇေသော်၊ဦးမင်းခိုင်) (ဒါရိုက်တာ-မိုးဇော်ကို) |
| ၉း၃၅ | အနုပညာသတင်းအစီအစဉ် | | |
| ၁၁း၃၅ | သိပ္ပံနှင့် နည်းပညာအစီအစဉ် | | |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “တောင်းတဲ့ဆု” (အပိုင်း-၉) | | |
| ၁း၂၀ | Channel'0'(အပိုင်း-၈) | | |
| ၁း၅၅ | မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၁) | | |
| ၂း၃၅ | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ | | |
| ၃း၃၅ | ဉာဏ်ရည်ချင်းယှဉ်ပြိုင် ဘယ်သူနိုင် | | |
| ၄း၁၅ | “စည်းကမ်းလိုက်နာတက်ခြင်းနှင့် ခရီးအရွေ့” | | |

### MRTV - 4

| | | | |
|---|---|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်၊ အာဋ္ဌာနာဋိယသုတ် | ၈း၂၀ | ရသစုံညွန်းတမ်းများ |
| ၁၀း၀၅ | ခေတ်သစ်ပျိုမေ | ၈း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မျဉ်းပြိုင်ကြားကမေတ္တာများ” (အပိုင်း-၁၃) |
| ၁၀း၅၅ | Food & Decor | | |
| ၁၂း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း” (အပိုင်း-၇၈) | ၉း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း” (အပိုင်း-၇၉) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterflies" | ၁၀း၁၅ | Movie Talk [(ဂီတလောကမှ ရုပ်ရှင်လောကသို့ကူးပြောင်းလာသော ပညာရှင်များ(အပိုင်း-၁၄)] |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ” (အပိုင်း-၉၁) | ၁၀း၄၀ | MRTV-4 Stage |
| | | ၁၁း၁၀ | World Of Knowledge (Is It Real : Ancient Astronauts) |
| ၃း၄၅ | ရန်ကုန်မြင်ကွင်းကျယ် | ၁၂း၀၀ | “သောကကင်းဝေးနေနိုင်ရေး” တရားတော်(ဆရာတော် အရှင်ဝိမလာစာရ) |
| ၄း၀၅ | Cartoon Series (English Play ground) | | |
| ၆း၀၀ | MRTV-4 သတင်း | | |
| ၆း၁၀ | Health Fix | ၃း၄၀ | နယဉ်ဆန်းထွင်ပန်းအလှဆင် |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ” (အပိုင်း-၉၂) | ၄း၄၅ | တန်ခိုးကြီးမားဘုရား စေတီပုထိုးများ (သထုံမြို့ ရွှေစာရံဘုရား) |

### မြဝတီ

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၁၆ | မေတ္တာပို့ | ၅း၂၀ | လည်မယ် . . . စားမယ်ကမ္ဘာတစ်ခွင်ဝယ် |
| ၆း၂၀ | ဓမ္မပူဇာတေး | | |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၆း၃၀ | “ရွာ”ဟာသဇာတ်လမ်းတွဲ အပိုင်း (၃၂၃) (ဒါရိုက်တာ မိုးဇော်ကို) |
| ၆း၅၀ | မြန်မာသံစဉ်ချိုနားဝင် | | |
| ၇း၂၀ | မြန်မာပြည်တွင် ထုတ်လုပ်သည် | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သီးခြားချစ်လိပ်ပြာ (အပိုင်း-၃၀) -VOA အင်္ဂလိပ်စာသင်ခန်းစာ -သံစဉ်များနှင့်ကမ္ဘာ -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - Lucky Door |
| ၈း၁၀ | စိုက်ပျိုးသုတ | | |
| ၈း၂၅ | DVD Hits | | |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ | | |
| ၉း၂၀ | သူနှင့်သူ၏သီချင်းများ | | |
| ၄း၄၀ | ဇာတ်လမ်းတို | | |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း | | |

**အားကစား**

# ကျဆင်းလာသော စီရိုနယ်လ်ဒို၏ အလွတ်တည်ကန်ဘောစွမ်းရည်

စီရိုနယ်လ်ဒိုက ရီးယဲလ်နဲ့ ပီအက်စ်ဂျီတို့ရင်ဆိုင်ရတဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ အလွတ်တည်ကန်ဘော ကန်သွင်းခွင့်နှစ်ကြိမ် ထက်မနည်းရရှိခဲ့ပေမယ့် ဂိုးရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့တာကြောင့် ပရိသတ်တွေက ဒီကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ်သူရဲ့ အလွတ်တည်ကန်ဘောဂိုးသွင်းစွမ်းရည်အပေါ် မေးခွန်းထုတ်လာကြပါပြီ။ စီရိုနယ်လ်ဒိုဟာ အလွတ်တည်ကန်ဘော ကန်သွင်းရာမှာပြိုင်ဘက်ဂိုးသမားရဲ့ မှန်းဆကာကွယ်ချက်ကို လှည့်ဖြားနိုင်ခြင်းမရှိသလို အရှိန်ပြင်းလွန်းတာ၊ လူတံတိုင်းနံရံကိုထိပြီး ထွက်တာမျိုးတွေသာများနေပြီး နောက်ဆုံးကန်သွင်းခဲ့တဲ့ (၈၈)ကြိမ်မှာ နှစ်ကြိမ်ပဲ ဂိုးရခဲ့တဲ့ အနေအထားကတော့ စိုးရိမ်စရာပါ။

စီရိုနယ်လ်ဒိုရဲ့ အလွတ်တည်ကန်ဘောစွမ်းရည်က ဘော့စနီးယား တိုက်စစ်မှူး မေရာလင်ပီရာနေ့ရဲ့ လေးပွဲမှာနှစ်ဂိုးသွင်းယူနိုင်တဲ့ စွမ်းရည် ၅၀ရာခိုင်နှုန်းနဲ့ စပါးကစားသမား အီရစ်ဆင်တို့ရဲ့ ဂိုးသွင်းစွမ်းရည်ကို မမီဘူးဖြစ်နေပါတယ်။ ဒီပေါ်တူဂီကြယ်ပွင့်ကစားသမားရဲ့ အလွတ်တည်ကန်ဘောကရတဲ့သွင်းဂိုးက ၂ ဒသမ ၂ ရာခိုင်နှုန်းသာ ရှိခဲ့တာကြောင့် ရီးယဲလ်ရဲ့ အလွတ်တည်ကန်ဘောတွေကို ဂါရတ်ဘေးလ်နဲ့ ခရူးစ်တို့ကိုသာ ကန်ခိုင်းရင် ရီးယဲလ်အနေနဲ့ ဂိုးရနိုင်ခြေပိုပြီးများလာနိုင်တယ်ဆိုတဲ့ ဝေဖန်ချက်တွေ ထွက်လာပါတယ်။

စီရိုနယ်လ်ဒိုဟာ အရင်က အလွတ်တည်ကန်ဘောကန်သွင်းရာမှာ ကျွမ်းကျင်တဲ့ဂျူနင်ဟို၊ ဘက်ခမ်းနဲ့ ရောဘတ်တိုကားလို့စ်တို့ရဲ့ စွမ်းရည်ကိုမမီပါဘူး။ ဒါပေမယ့် အခုလို အလွတ်တည်ကန်ဘော ဂိုးသွင်းစွမ်းရည်ကျဆင်းလာနဲ့ ပတ်သက်ပြီးတော့ ဝေဖန်ခံရတာက စီရိုနယ်လ်ဒိုအတွက် ပထမဆုံးအကြိမ်မဟုတ်ဘဲ ပြီးခဲ့တဲ့ ဇန်နဝါရီလောက်ကလည်း ဝေဖန်သံတွေကျယ်လောင်ခဲ့ပေမယ့် အဲဒီတုန်းက ရီးယဲလ်နည်းပြဖြစ်တဲ့ အန်စလော့တီက သူ့အသင်းအတွက် စီရိုနယ်လ်ဒိုသာ နံပါတ်(၁) ဦးစားပေးအလွတ်တည်ကန်ဘော ကန်သွင်းသူပါလို့ တုံ့ပြန်ခဲ့ပါတယ်။ ဒါကြောင့် အလွတ်တည်ကန်ဘောကနေ ပြိုင်ဘက်ကို ခြိမ်းခြောက်မှုရာခိုင်နှုန်းကျဆင်းလာခဲ့တဲ့ စီရိုနယ်လ်ဒိုကိုသာ ဒီတာဝန်ကို ဆက်ပေးနေရင် ကျန်တဲ့အသင်းဖော်ကစားသမားတွေအတွက် မျှတတဲ့အဖြေ ဖြစ်ပါ့မလားဆိုတာ အဖြေရှာရင်း. .။

**ရှိုင်ယန်ဟေဒင်**



# တံကောက်ကြောဒဏ်ရာကြောင့် အာရွန်ရမ်ဆေး တစ်လကြာအနားယူရမည်

အာဆင်နယ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွင် အာဆင်နယ်ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးမှာ တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းကြောင့် အနည်းဆုံး တစ်လကြာ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ရမ်ဆေးသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါ ချန်ပီယံလိဂ်ပွဲစဉ်၏ ဒုတိယပိုင်းအစတွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ယင်းဒဏ်ရာပြဿနာကြောင့် အဲဗာတန်အသင်း၊ ရှက်ဖီးဝင့်စ်ဒေး စသည့်အသင်းများနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲစဉ်များတွင် လွဲချော်လိမ့်မည် ဖြစ်သည်။

ထို့ကြောင့် နည်းပြအာစင်ဝင်းဂါး အနေဖြင့် ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးနေရာတွင် ချန်ဘာလိန်ကို အစားထိုးကစားစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ လက်ရှိတွင် ကွင်းလယ်ကစားသမား ရမ်ဆေးသည် ဆေးဝါးကုသမှုခံယူလျက်ရှိပြီး ဆွမ်ဆီးအသင်း၊ စပါးအသင်းတို့နှင့် ကစားမည့်ပွဲစဉ်များတွင်လည်း လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ကွင်းလယ်ကစားသမား ရမ်ဆေး ဒဏ်ရာရရှိထားသည့်အပြင် ဝီရှိုင်းယား၊ ရိုဆစ်စကီး၊ ဒန်နီဝဲလ်ဘတ်တို့သည်လည်း ဒဏ်ရာပြဿနာများကြောင့် ဒီဇင်ဘာလကုန်အထိ အသင်းနှင့်အတူ ပါဝင်လာမည်မဟုတ်ကြောင်း သိရသည်။ သို့ရာတွင် အာဆင်နယ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ချန်ပီယံလိဂ် နောက်တစ်ဆင့်အတွက် မျှော်လင့်ချက်ပြန်လည်ရှင်သန်လာခဲ့သည်။

**(ငွေကြယ်)**

**အောက်တိုဘာ ၂၂ ရက်(ကြာသပတေးနေ့) ချန်ပီယံလိဂ် အနိုင်/အရှုံးရလဒ်များ**

| | | |
|---|---|---|
| မယ်လ်မို | ၁ - ၀ | ရှက်တာဒိုးနက် |
| ပီအက်စ်ဂျီ | ၀ - ၀ | ရီးယဲလ်မက်ဒရစ် |
| စီအက်စ်ကေအေ | ၁ - ၁ | မန်ယူ |
| ဝုဖ်ဘတ် | ၂ - ၀ | အိုင်ဟိုဗင် |
| အက်သလက် | ၄ - ၀ | အက်စတာနာ |
| ဂါလာတာစာရေး | ၂ - ၁ | ဘင်ဖီကာ |
| ဂျူဗင်တပ် | ၀ - ၀ | ဂလာဘတ်ချ် |
| မန်စီးတီး | ၂ - ၁ | ဆီဗီလာ |

**(မောင်မောင်ဇော်)**

# မာရှယ်လ်၏ လက်ထိဘောမှာ အလွန်မိုက်မဲဟုဗန်ဟားလ်ပြစ်တင်

စီအက်စ်ကေအေမော်စကိုနှင့် ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်၌ ပင်နယ်တီဧရိယာအတွင်း လက်ဖြင့်တားခဲ့သော တိုက်စစ်မှူး မာရှယ်လ်၏ လုပ်ရပ်မှာ အင်မတန်မိုက်မဲသည်ဟု မန်ယူနည်းပြ ဗန်ဟားလ်က ပြစ်တင်ဝေဖန်လိုက်သည်။ မာရှယ်လ်လက်ဖြင့်တားခဲ့သဖြင့် စီအက်စ်ကေအေအသင်းက ပင်နယ်တီရခဲ့ပြီး မန်ယူအား တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန်၆၅မိနစ်၌ မာရှယ်လ်က ချေပဂိုးတစ်ဂိုး ပြန်သွင်းပေးခဲ့သောကြောင့် ပွဲအပြီးတွင် တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်လာခဲ့သည်။

ဗန်ဟားလ်က မာရှယ်လ်မှာ မန်ယူအတွက် ချေပဂိုး သွင်းယူပေးခဲ့သော်လည်း ပင်နယ်တီဧရိယာအတွင်း လက်ဖြင့်တားခဲ့သည့်ကိစ္စရပ်ကြောင့် မလိုအပ်ဘဲ ပေးဂိုးတစ်ဂိုးပေးခဲ့ရသဖြင့် ကောင်းမွန်သည့် စွမ်းဆောင်ချက်အဖြစ် အသိအမှတ်မပြုနိုင်ကြောင်း ဆိုခဲ့သည်။

"အန်ထော်နီ(မာရှယ်လ်)ရဲ့ မိုက်မဲမှုကြောင့် မလိုအပ်ဘဲ ပေးဂိုးတစ်ဂိုးပေးခဲ့ရတယ်။ တကယ်ဆို ဒါက လူကျွံဘောဖြစ်မယ့် အနေအထားရှိနေတာပါ။ မြင်ကွင်းက ကျွန်တော်နဲ့ နီးနီးလေးပဲရှိနေတာကြောင့် ဒါက လူကျွံဘောဖြစ်မယ်ဆိုတာ သေချာပါတယ်။ ဒါပေမယ့် ဒါကလည်း သူ့အတွက် ပထမဆုံးအမှားဆိုတော့ ကျွန်တော် အပြစ်မတင်လိုပါဘူး။ တကယ်ဆို ပွဲကို ကျွန်တော်တို့အသင်းကသာ ထိန်းချုပ်ကစားနိုင်ခဲ့တာပါ။ မန်ယူသာ အနိုင်ရသင့်ပါတယ်။ ဒီဂိုးသာမပေးခဲ့ရရင်ပေါ့လေဗျာ" ဟု ဗန်ဟားလ်က ပွဲအပြီးတွင် ရှင်းလင်းပြောကြားခဲ့သည်။ **မေလွဲ့သင်း**

# စီးရီးအေရင်ခုန်သံ-၉

**အီတလီစီးရီးအေပြိုင်ပွဲရဲ့ပွဲစဉ် ၉ ကို လာမယ့် အောက်တိုဘာလ ၂၄၊ ၂၅၊ ၂၆ ရက်နေ့တွေမှာ ကျင်းပသွားဖို့ ရှိနေပါတယ်။ ဒီပွဲစဉ်မှာ ပွဲစဉ် ၈ တုန်းက အမ်ပိုလီကို ဂိုးပြတ်အနိုင်ရခဲ့တဲ့ ရိုးမား၊ ဖီအိုရင်တီနားနဲ့ ဆုံတွေ့ရဖို့ ရှိနေပါတယ်။ အဲဒီပွဲက ဖီအိုရင်တီနားရဲ့ကွင်းလည်းဖြစ်လို့ ရိုးမား နိုင်ပွဲဆက်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။**


ရှိုင်းမင်းမင်း

**အမ်ပိုလီ-ဂျိနိုအာ** ည ၇း၃၀(၂၄-၁၀-၁၅)

အမ်ပိုလီဟာ ရိုးမားကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရပြီး နောက်ဆုံးလေးပွဲမှာ တစ်ပွဲသာနိုင်တဲ့အထိ ခြေစွမ်းပိုင်းအားနည်းနေပါတယ်။ ဂျိနိုအာကတော့ အခုနောက်ပိုင်းမှာ ကစားပုံမဆိုးဘူးဆိုပေမယ့် တိုက်စစ်ပိုင်းက အဆုံးသတ်အားနည်းလွန်းပါတယ်။ ဒ့ါအပြင် ဂျိနိုအာဟာ အဝေးကွင်းပွဲစဉ်တွေမှာလည်း နိုင်ပွဲမရသေးပါဘူး။ သရေကျဖို့များပါတယ်။

**ကာပီ-ဘိုလော့နာ** ည ၁၀း၃၀(၂၄-၁၀-၁၅)

ဘိုလော့နာက အဝေးကွင်းခြေစွမ်းပိုင်းအားနည်းလွန်းပါတယ်။ ကစားပြီးခဲ့တဲ့ အဝေးကွင်းလေးပွဲမှာ လေးပွဲစလုံး ရှုံးနိမ့်ခဲ့ရပြီး တိုက်စစ်ကလည်း နှစ်ဂိုးသာသွင်းယူနိုင်ခဲ့ပါတယ်။ ကာပီကလည်း ခြေစွမ်းသာမန်သာ ရှိတယ်ဆိုပေမယ့် အိမ်ကွင်းအားနဲ့ ဖိအားပေးကစားသွားမှာပါ။ ကာပီတို့အနိမ့်ဆုံး သရေကစားနိုင်ပါလိမ့်မယ်။

**ပါလာမို-အင်တာမီလန်** နံနက် ၁း၁၅ (၂၅-၁၀-၁၅)

ဒီရာသီမှာ အင်တာမီလန်ရဲ့ ခြေစွမ်းပိုင်းမဆိုးဘူးလို့ ပြောနိုင်ပေမယ့် တိုက်စစ်ပိုင်းက အဆုံးသတ် မသေချာမှုကိုတော့ အခုအချိန်အထိ မပြုပြင်နိုင်သေးပါဘူး။ ဒါပေမယ့် သတိပြုရမှာက အင်တာမီလန်ရဲ့ခံစစ်ကစားပုံကောင်းလွန်းနေသလို ပါလာမိုရဲ့ ခြေစွမ်းကလည်း မတည်ငြိမ်ပါဘူး။ ဒါကြောင့် ဒီပွဲမှာ အင်တာကသာ နိုင်ပွဲထပ်ရသွားမှာပါ။

**ဆမ်ဒိုးရီးယား-ဗီရိုနာ** ည ၆း၀၀(၂၅-၁၀-၁၅)

ဆမ်ဒိုးရီးယားဟာ ဒီရာသီမှာ ခြေစွမ်းပိုင်းမတည်ငြိမ်ဘူးဆိုပေမယ့် အိမ်ကွင်းပွဲတွေမှာတော့ ရလဒ်ကောင်းအောင် ကစားနိုင်ပါတယ်။ ဆမ်ဒိုးရီးယားအနေနဲ့ ကစားပြီးသမျှ အိမ်ကွင်းပွဲတွေမှာ သုံးပွဲအနိုင်ရထားသလို ရှုံးပွဲမရှိသေးတဲ့အပြင် ခံစစ်ကစားပုံလည်း ကောင်းမွန်တာကြောင့် ခြေစွမ်းအားနည်းတဲ့ ဗီရိုနာကိုအနိုင်ယူဖို့ မခက်ပါဘူး။

**ဂျူဗင်တပ်-အတ္တလန္တာ** ည ၈း၃၀ (၂၅-၁၀-၁၅)

ဂျူဗင်တပ်က ချန်ပီယံလိဂ်အပါအဝင် ပွဲဆက်တွေများနေပေမယ့် အခုနောက်ပိုင်း ကစားပုံအနည်းငယ်ပြန်တည်ငြိမ်လာပါတယ်။ ဒ့ါအပြင် အိမ်ကွင်းလည်းဖြစ်တဲ့အတွက် အဝေးကွင်းမှာ တိုက်စစ်ကစားပုံက အားနည်းတတ်တဲ့ အတ္တလန္တာကို ဖိအားပေးကစားသွားဖို့ မခက်ပါဘူး။ ဂျူဗင်တပ်သာ နိုင်ပွဲရသွားမှာပါ။

**အေစီမီလန်-ဆာစူအိုလို** ည ၈း၃၀ (၂၅-၁၀-၁၅)

အေစီမီလန်ဟာ နောက်ဆုံးပွဲစဉ်မှာ တိုရီနိုကို သရေသာကစားနိုင်ခဲ့ပြီး နောက်ဆုံးသုံးပွဲဆက် အနိုင်ပျောက်ခဲ့ရပါတယ်။ အထူးသဖြင့် အေစီမီလန်ရဲ့ အသင်းလိုက်ကစားပုံက တည်ငြိမ်မှုလုံးဝမရှိပါဘူး။ ဆာစူအိုလိုက ခြေသာမန်သာရှိပေမယ့် အေစီမီလန်ရဲ့ ပင်ကိုအားနည်းမှုကြောင့် သရေကျသွားမယ်လို့သာ ယူဆမိပါတယ်။

**အူဒီးနီးစ်-ဖရိုစီနိုနီ** ည ၈း၃၀ (၂၅-၁၀-၁၅)

အူဒီးနီးစ်ဟာ အိမ်ကွင်းပွဲစဉ်တွေမှာ အံ့အားသင့်စရာကောင်းလောက်အောင် နိုင်ပွဲတစ်ပွဲမှ မရသေးပါဘူး။ အိမ်ကွင်းလေးပွဲမှာ တစ်ပွဲသာ သရေကစားနိုင်ခဲ့ပြီး သုံးပွဲတိတိရှုံးနိမ့်ခဲ့ရပါတယ်။ ဒါပေမယ့် ဖရိုစီနိုနီရဲ့ ခြေစွမ်းက အားနည်းလွန်းပြီး တိုက်စစ်ပိုင်းကလည်း အဆုံးသတ်မသေချာပါဘူး။ အူဒီးနီးစ်တို့ ပထမဆုံးအိမ်ကွင်းနိုင်ပွဲရသွားမှာပါ။

**ဖီအိုရင်တီနား-ရိုးမား** ည ၁၁း၃၀(၂၅-၁၀-၁၅)

ဖီအိုရင်တီနားခြေက အကောင်းဆုံးပုံစံမှာရှိပါတယ်။ အထူးသဖြင့် အဝေးကွင်းပွဲစဉ်တွေမှာရော အိမ်ကွင်းပွဲစဉ်တွေမှာ ခြေတည်ငြိမ်နေပြီး ခံစစ်က အိမ်ကွင်းမှာပေးဂိုးလုံးဝမရှိသေးပါဘူး။ ဒါကြောင့် ရိုးမားတို့ ခြေစွမ်းပိုင်းကောင်းမွန်တယ်ဆိုပေမယ့်လည်း ဖီအိုရင်တီနားကိုတော့ အသာရဖို့ ခက်ခဲနေပါတယ်။ ရိုးမားအတွက် အမြင့်ဆုံး သရေပဲရမှာပါ။

**လာဇီယို-တိုရီနို** ည ၁၁း၃၀(၂၅-၁၀-၁၅)

လာဇီယိုက ဒီရာသီမှာ ခြေစွမ်းပိုင်းထင်သလောက်မတည်ငြိမ်ဘူးဆိုပေမယ့် အိမ်ကွင်းပွဲစဉ်တွေမှာတော့ ပွဲတိုင်းအနိုင်ရထားသလို ခံစစ်ကလည်း တစ်ဂိုးသာပေးထားရတာ တွေ့ရပါတယ်။ တိုရီနိုကတော့ အဝေးကွင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းကျဆင်းတတ်ပြီး ခံစစ်ကလည်း ကျစ်လျစ်မှုသိပ်မရှိပါဘူး။ လာဇီယိုပဲ ထပ်နိုင်ဖို့ရှိပါတယ်။

**ချီယေဗို-နာပိုလီ** နံနက် ၂း၁၅(၂၆-၁၀-၁၅)

ချီယေဗိုက အိမ်ကွင်းပွဲစဉ်တွေမှာ ခံစစ်က ကစားပုံပိုမိုကျစ်လျစ်တတ်ပြီး အသင်းလိုက်ကစားပုံလည်း ကောင်းမွန်မှုရှိပါတယ်။ နာပိုလီကတော့ ခြေစွမ်းမဆိုးပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာ ကစားအားအနည်းငယ်ကျဆင်းတတ်တာ သတိပြုရမှာပါ။ နာပိုလီအနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့ ခက်မယ်။

# မြဝတီ-ကော့ကရိတ် အာရှလမ်းသစ်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**ကော့ကရိတ် အောက်တိုဘာ၂၂**

မြဝတီ-ကော့ကရိတ် အာရှလမ်းသစ်တွင် အောက်တိုဘာ၂၀ရက် ညနေ ၃နာရီခန့်က ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြဝတီမှ ကော့ကရိတ်သို့ ယာဉ်မောင်း ကျော်မင်းဦး(၄၀)နှစ် မောင်းနှင်လာသော ၃ဃ/----- ၁၂ဘီး ကုန်တင်ယာဉ်သည် မြဝတီမြို့မှ ကော့ကရိတ်မြို့သို့ ကုန်ပစ္စည်းများတင်ဆောင် မောင်းနှင်လာစဉ် ချောင်းမပူး တံတား (၅)တန်အနီးတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်တောင်နံရံအား ဝင်တိုက်မိပြီး တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ကျော်မင်းဦးတွင် ဒဏ်ရာများရရှိခဲ့ပြီး ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံသို့ တင်ပို့ပေးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ကျော်မင်းဦးအား ကော့ကရိတ်မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(တင်ဝင်းလှိုင်)**



# စိတ်ကြွဆေးပြားများနှင့် ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

မူးယစ်တပ်ဖွဲ့စု(၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် အောက်တိုဘာ ၂၀ ရက်က ပင်လောင်းမြို့နယ် လိန်းလီတံတား အနီးတွင် ပင်လောင်းမှ နေပြည်တော်



သို့ မောင်ထွန်း မောင်းနှင်ပြီး ဆန်းမောင် လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း ၄ ဒသမ ၂ ကီလို သိမ်းဆည်းရမိခဲ့သည်။ **(ဓါပုံ)**

အလားတူ အောက်တိုဘာ ၁၆ ရက်က နမ့်ခမ်းမြို့ အမှတ် (၁၄) ရပ်ကွက်နေ မကျိန်ချမ်း(ခ)ခင်စန်းရီ၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ စိုင်းနောင့်(ခ)လှအောင်အား တွေ့ရပြီး စိုင်းနောင့်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ယာဉ်တိမ်းမှောက်ကာ လမ်းဘေးတဲများအား ဆက်လက်တိုက်မိ

**နေပြည်တော် အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး ကိုးပင်-သာဂရကားလမ်း မိုင်တိုင်(၆၁/၀-၁)ကြားတွင် အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ သာဂရမှ ကိုးပင်သို့ တောင်တွင်းကြီးမြို့ တောင်ပြင်(၁) ရပ်ကွက်နေ အောင်သန်းဇော်(၃၄)နှစ် မောင်းနှင်ပြီး ဝါးများတင်ဆောင်လာသည့် နစ်ဆန်း ခြောက်ဘီးယာဉ်သည် ယင်းနေရာအရောက် လမ်းဝဲဘက်သို့ချိုးကွေ့စဉ် တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုအရှိန်ကြောင့် ဘန်းကုန်းသစ်ထုတ်လုပ်ရေးဆင်စခန်းအနီး ဝါးခုတ်ရန် တဲတွင်နေထိုင်သည့် တောင်တွင်းကြီးမြို့နယ် စည်ပင်ခုံကျေးရွာနေ ကိုမျိုးဝင်း(၂၄)နှစ်အား ဝင်ရောက်တိုက်မိပြီး အနီးရှိ ကိုတင်မြင့်နှင့် ကိုကျင်သိန်းတို့၏ တဲများကိုဆက်လက်တိုက်မိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ကိုကျင်သိန်း၏ ဈေးဆိုင်တဲရှေ့တွင်ရပ်နေသော ဘန်းကုန်းကျေးရွာနေ ကိုသန်းနိုင်ဦး(ခ)တက်ပု(၁၉)နှစ်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး မထက်ထက်ဝေ(၁၄)နှစ်နှင့် ဈေးလာဝယ်သည့် မအေးအေးမြင့်(၂၇)နှစ်ပါ သုံးဦး၊ ကိုတင်မြင့် တဲအတွင်းရှိ တောင်တွင်းကြီးမြို့နယ် ချင်းသပြေပင်ကျေးရွာနေ မမြစံပယ်(၁၅)နှစ်၊ ယာဉ်မောင်း အောင်သန်းဇော်နှင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် တောင်တွင်းကြီးမြို့နယ် ရွာသာရွာကျေးရွာနေ အောင်အောင်(၃၂)နှစ်ပါ ငါးဦး၊ ကိုမျိုးဝင်းတို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဆိုင်ကယ်ခိုးယူသူအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် အောက်တိုဘာ ၂၂**

အောက်တိုဘာ ၂၁ ရက်နေ့ မွန်းတည့် ၁၂ နာရီ ၁၀ မိနစ်က မကွေးတိုင်းဒေသကြီး ပေါက်မြို့ အောင်တံခွန်ရပ်ကွက်နေ ဦးသက်နိုင်ဦး (၃၇)နှစ်သည် အောင်ချမ်းသာရပ်ကွက်ရှိ ၎င်း၏ “ရွှေမင်းသား” စတိုးဆိုင်(၁)ရှေ့တွင် ၃၆ယ/. . . . DAYANG- 125 အပြာရောင် ဆိုင်ကယ်အား လမ်း၏ဝဲဘက်ခြမ်းတွင် သော့ခတ်ရပ်ထားခဲ့ပြီး “ရွှေမင်းသား” စတိုးဆိုင်(၂)သို့ ပြန်သွားရန် ဆိုင်ကယ်အားကြည့်ရာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရ၍ ပေါက်မြို့မရဲစခန်းသို့ ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားလာခဲ့သည်။ သတင်းရလျှင်ရချင်း ပေါက်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက နယ်မြေအတွင်း လိုက်လံစုံစမ်းရှာဖွေနေစဉ် အကျီအဝါကျားဝတ်ဆင်ထားသော လူတစ်ဦးက အဆိုပါ ဆိုင်ကယ်အားတွန်းလာကြောင်း သိရ၍ ဆက်လက်ရှာဖွေရာ “ပွင့်သစ်” လက်ဖက်ရည်ဆိုင်ရှေ့တွင် အောင်တံခွန်ရပ်ကွက်နေ ဖိုးလုံး(၄၇)နှစ်အား ပျောက်ဆုံးသွားသည့် ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ပေါက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# မီးသတ်ကန်အတွင်း ကလေးငယ်တစ်ဦး ရေနစ်သေဆုံး

ဆင်ဖြူကျွန်း အောက်တိုဘာ ၂၂။ ။ ဆင်ဖြူကျွန်းမြို့ လွတ်လပ်ရေး ပန်းခြံအနီးရှိ မီးသတ်ရေကန်အတွင်း ကလေးငယ်တစ်ဦးရေနစ်သေဆုံးနေကြောင်း အောက်တိုဘာ ၁၉ရက် ည ၉နာရီ ၄၅မိနစ်က ဆင်ဖြူကျွန်း(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်၏ သတင်းပေးချက်အရ ဆင်ဖြူကျွန်းနယ်မြေရဲစခန်းမှ ရဲအုပ်သိန်းဇော်ဝင်းက သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးရာ သေဆုံးသူမှာ ဇော်ထူးအောင် (၆)နှစ်သည် ရွှေပုဇွန်ဖိနပ်လုပ်ငန်းတွင်အလုပ်လုပ်နေသည့် ဖခင် ဦးအောင်သောင်းထံလိုက်လာစဉ် ပိုးအနောက်ရပ်ကွက် လွတ်လပ်ရေးပန်းခြံအတွင်းရှိ ဝါးကြမ်းဖြင့်ဖုံးအုပ်ထားသော မီးသတ်ရေကန်အတွင်းကျကာ ရေနစ်သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ **(ကျော်ဇေယျ)**


## ကျေးဇူးအထူးတင်ရှိခြင်း

Pacific Glory International Co.,Ltd ၏ Maritime Training Center (PGI) မှ ၁၁-၁၀-၂၀၁၅ရက်တွင် CHATRIUM HOTEL ၌ ကျင်းပပြုလုပ်ခဲ့သော Deck Officer Calss III (Officer In Charge of a Navigational Watch)သင်တန်းသားများအတွက် Certificate Of Honour and Prize Awarding အခမ်းအနားအား အောင်မြင်ပြီးမြောက်အောင် ကျင်းပနိုင်ခဲ့သောကြောင့် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့ကြသော ဌာနဆိုင်ရာဂုဏ်သရေရှိလူကြီးမင်းများ၊ သဘောသားဝန်ဆောင်မှု ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ သင်တန်းသားများ၏ မိသားစုဝင်များ၊ ဟိုတယ်မန်နေဂျာနှင့် ဝန်ထမ်းများ၊ သတင်းမှတ်တမ်းဗီဒီယိုနှင့် ဓာတ်ပုံမှတ်တမ်းများ ရိုက်ကူးပေးကြသော MRTV/ MRTV-4/ CHANNEL 7 အဖွဲ့သားများနှင့် မီဒီယာအဖွဲ့သားများအားလုံးကို လှိုက်လှိုက်လှဲလှဲ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

**Board Of Management**
**Maritime Training Center (PGI)**



## ပျောက်ဆုံးကြောင်း

ကျွန်မ မသင်းသင်းထွန်း[၇/ကကန(နိုင်)၀၇၈၄၂၆]၏ နိုင်ငံကူးလက်မှတ်အမှတ် (MB 078903)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၆၄၄၇၉၆၉**

## အမည်မှန်

ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ အထကကျောင်း ဒသမတန်းတွင် ပညာသင်ကြားနေသော (အဖ)ဦးအောင်ဇော်မြင့်[၁၄/ဘကလ(နိုင်)၀၄၈၁၁၀]၏ သမီး မသဲစုကျော်၏ အမည်မှန်မှာ မသဲစုဇော်ဖြစ်ပါကြောင်း။

**မသဲစုဇော်**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ အမှတ်(၆)အထက(မြို့လှ)ဒသမတန်း(ခ)တွင် ပညာသင်ကြားနေသော မလပြည့်ဝန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ဆယ်[၉/ရမသ(နိုင်)၁၄၀၈၈၃]ဖြစ်ပါကြောင်း။

**ဦးမောင်ဆယ်[၉/ရမသ(နိုင်)၁၄၀၈၈၃]**






(၂၃-၁၀-၂၀၁၅ ထွက်ပြီ)

- မြန်မာငွေတန်ဖိုးတက်ဖို့ နိုင်ငံခြားသုံးငွေများ လက်ခံကိုင်ဆောင်ခွင့် လိုင်စင်ရုပ်သိမ်းတာဆိုရင် လျော့ညီတဲ့ ပေါ်လစီလမ်းကြောင်း ချမှတ်သင့်
- ဖေ့စ်ဘုတ်ခ်ပေါ်မှာ ဘယ်သူအနိုင်ရနေသလဲ
- အလုပ်အကိုင်နဲ့ပတ်သက်ပြီး တာချီလိတ်ဒေသခံတွေက ဒေါ်အောင်ဆန်းစုကြည် ကိုမေး
- သမ္မတလောင်းများ အမတ်လောင်းများ မပြောတဲ့ ၂၀၁၅ အစိုးရအတွက် ကြီးမားတဲ့စိန်ခေါ်မှု
- ဈေးတွေကတက်လိုက်တာ ဘာမှလည်း မချက်ချင်တော့ဘူး



# နန့်စီးအောင် – ပေကုန်းရွာ တံတားပြီးစီး၍ ဒေသခံများသွားလာရေးအဆင်ပြေ

**အင်းတော် အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မံဟဲကျေးရွာအုပ်စု နန့်စီးအောင်ပေကုန်းကျေးရွာ အောင်မင်္ဂလာတံတားကိုအသစ် ပြန်လည်တည်ဆောက်ခဲ့ရာ အောက်တိုဘာ ၂၀ ရက်က ပြီးစီးခဲ့သဖြင့် ဒေသခံများအတွက် ဆက်သွယ်သွားလာရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စက်တင်ဘာနှင့်ဩဂုတ်အတွင်း မိုးသည်းထန်စွာရွာခဲ့ပြီး ရေကြီးရေလျှံမှုဖြစ်စဉ်များ၊ မြေပြိုခြင်း၊ လမ်းတံတားများ ပျက်စီးခြင်းနှင့် လယ်ယာမြေများ ရေနစ်ဖုံးလွှမ်း ပျက်စီးဆုံးရှုံးမှုများကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိကြောင်း အောင်မင်္ဂလာရပ်ကွက်နေထိုင်သူ ရပ်မိရပ်ဖဦးစံအောင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ အင်းတော်မြို့နယ်အထောက်အကူပြုကော်မတီမှ ပံ့ပိုးမှု၊ မံဟဲကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဦးသောင်းရွှေ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် အောင်မင်္ဂလာတံတားကို အောက်တိုဘာ ၂ ရက်က နေ့စဉ်လုပ်သားအင်အား ၅၀ ခန့်ဖြင့် စတင်တည်ဆောက်ရာ အောက်တိုဘာ ၂၀ရက်တွင် တံတားတည်ဆောက်မှု ပြီးစီးခဲ့သဖြင့် ဒေသခံများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည်။

ယင်းတံတားအကျယ်မှာ အရှည်ပေ ၁၇၀၊ အကျယ်ပေ ကိုးပေ၊ အောက်ခံရေလယ်တိုင် ကွန်ကရစ်အုတ်ခုံနှစ်တိုင်၊ ကမ်းကပ်ခုံကွန်ကရစ်အုတ်ခုံနှစ်တိုင် သစ်သားရက်မ၊ သစ်သားကြမ်းခင်းများကို အသုံးပြုကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီတံတားအသစ် ပြန်လည်တည်ဆောက်နိုင်ဖို့အတွက် မြို့နယ်အထောက်အကူပြုကော်မတီက ကျပ် ၁၀ သိန်း၊ ကျေးရွာလူထုအင်အားက ကူညီပံ့ပိုးငွေကျပ်သိန်း ၂၀ ပေါင်း ကျပ်သိန်း ၃၀ တည်ဆောက်လုပ်ခဲ့တာပါ။ နေ့စဉ်လုပ်သားအင်အား ၅၀ ကိုလည်း နံနက်စာထမင်း၊ ဟင်းလျာတည်ခင်းဧည့်ခံပြီး အလှူရှင် အသီးသီးနဲ့ မတည်ဆောက်လာခဲ့တာပါ။ အားလုံးပေါင်းကုန်ကျစရိတ် ကျပ်သိန်း ၁၀၀ နီးပါးခန့်ထိ ကုန်ကျခဲ့ပါတယ် " ဟု ရပ်မိရပ်ဖ ဦးစံအောင်က ပြောသည်။



အဆိုပါတံတား တည်ဆောက်ပြီးစီးခဲ့သဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်နှင့် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်များသို့ ဖြတ်လမ်းမှတစ်ဆင့် အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **နီတိုး**

# ထားဝယ်ခရိုင်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်

**ထားဝယ် အောက်တိုဘာ ၂၂**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျေးလက်နေပြည်သူများ အလုပ်အကိုင်ရရှိရေး ၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်များကို ကိုယ်တိုင် ဖြေရှင်းဆောင်ရွက်နိုင်ရေး အတွက် ပညာပေးသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ပြင်းဖြူကြီးကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးပညာပေးသင်တန်း ဖွင့်လှစ်ခဲ့သည်။

၂၀၁၅ -၂၀၁၆ခု ဘဏ္ဍာရေးနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်း ထားဝယ်မြို့နယ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၄ သန်း၊ ရေဖြူမြို့နယ်တွင် ငွေကျပ် ၁၃ သန်း၊ လောင်းလုံးမြို့နယ်တွင် ငွေကျပ် ၁၃ သန်း၊ သရက်ချောင်းမြို့နယ်တွင် ငွေကျပ် ကိုးသန်း စုစုပေါင်း ငွေကျပ် ၄၉ သန်း ခွင့်ပြုခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေး ပညာပေးသင်တန်းများကို စုစုပေါင်း(၁၂)ကြိမ်၊ သင်တန်းသား ၆၆၄ ဦး၊ လက်သမား၊ ပန်းရန်သင်တန်းလေးကြိမ်၊ သင်တန်းသား ၂၄၀၊ သံချည်၊ သံကွေးသင်တန်းတစ်ကြိမ်၊ သင်တန်းသား ၂၀၊ အပ်ချုပ်စက်သင်တန်း တစ်ကြိမ်၊ သင်တန်းသူ ၁၅ ဦးတို့အား ကျေးရွာ ၁၈ ရွာတွင် သင်ကြားပေးပြီးဖြစ်ကြောင်းနှင့် သင်တန်းဆက်လက် ဖွင့်လှစ်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ထားဝယ်ခရိုင်(ပြန်/ဆက်)**

# နတ်မောက်တွင် ဝါးအခြေခံလက်မှုထည်လုပ်ငန်းသင်တန်းဖွင့်

**နတ်မောက် အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ကျေးရွာများ၏ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝါးအခြေခံလက်မှုထည်လုပ်ငန်း သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၀ နံနက် ၉ နာရီက ကပေါင်းကုန်းကြီးကျေးရွာရှိ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါဖွင့်ပွဲသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူးက ဝါးဖြင့်ပြုလုပ်သည့် ထရံ၊ တောင်း၊ ကုလားထိုင်နှင့် ဖျာများအကြောင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြု ကော်မတီများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြပြီး သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ၁၀ ရက် ဖြစ်ကြောင်း သိရသည်။ **လှဝင်း**

# ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးဖောင်ဒေးရှင်းသင်တန်းဖွင့်

**ကော့သောင်း အောက်တိုဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့ မြို့နယ်လုံးဆိုင်ရာ(၁၂)ကျောင်းမြောက် ဓမ္မစကူးဖောင်ဒေးရှင်းသင်တန်းကျောင်း ဖွင့်ပွဲအား အောက်တိုဘာ ၂၀ ရက် မွန်းလွဲပိုင်းက အေးရိပ်ငြိမ်ရပ်ကွက် ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်တွင် ကျင်းပရာ ဆရာတော်သံဃာတော်ကြီးများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ပြည်သူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဓမ္မစကူးသင်တန်းသား ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေပြည်သာကျောင်းတိုက်ဆရာတော်က ဩဝါဒကထာချီးမြှင့်ပြီး နိဗ္ဗာန်အေးကျောင်းတိုက်ဆရာတော်က ဓမ္မစကူးဖောင်ဒေးရှင်းသင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းမိန့်ကြားခဲ့သည်။

အဆိုပါ ဓမ္မစကူးဖောင်ဒေးရှင်းသင်တန်းတွင် တက်ရောက်မည့် သင်တန်းသား ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များအား လေ့ကျင့်သင်ကြားပေးထားသည့် သင်တန်းဆရာများမှ အခန်းပေါင်း ၄၀ ကျော်ပါဝင်သည့် သင်ခန်းစာများအား ရက်သတ္တတစ်ပတ်လျှင် သင်ခန်းစာနှစ်ခန်း တာဝန်ယူသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း ပြန်/ဆက်)**


**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
2003 Toyota Crown Premium, 3000CC
2003 Toyota Mark III, ပုလဲ, TV, 2500CC
2010 Probox Van, ဖြူ , TV, 1300CC
2012 Probox Van, ခဲ, GL, 1300CC,
**Ph: 09-259507075**

**ရွှေနဂါး**
**ကျိုက်ထီးရိုး(နေ့စဉ်)**
**ချောင်းသာ (နေ့စဉ်)**
**ကားမျိုးစုံ စီးလုံးငှားသည်။**
**Ph: 209077, 209388**

**JES Driver Academy**
ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနားလည်ပြီးကျွမ်းကျင်စွာယာဉ်မောင်းတတ်လိုသူများအတွက်၊(က.ည.န)အငြိမ်းစားများဦးစီးသော **JES Driver Academy** သင်တန်း အမှတ်စဉ် (၁၀/၁၅)ဖွင့်ပါပြီ။ နိုဝင်ဘာလ(၃)ရက်နေ့ (၃.၁၁.၂၀၁၅) အင်္ဂါနေ့ တွင်သင်တန်းစတင်ပါမည်။ သင်တန်းကြေးမှာ အမောင်းသင်-၇၀၀၀၀/-နှင့်အတတ်သင်-၁၄၀၀၀၀/-ဖြစ်ပါသည်။ အောက်ပါနေရာနှင့်တယ်လီဖုန်းနံပါတ်များတွင်စုံစမ်းစာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်းအသိပေးအပ်ပါသည်။
*အမှတ်(၆)၊ပထမထပ်၊(၁၂)လမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ 09 8581144, 09 32173735, 09 263145979, 09 421033567, 09 263464993, 09 32250319*
*www.facebook.com/jesdriveracademy*

**COHABO**
**ချောင်းသာ/ငွေဆောင်**
**ဝရိတ်ငြိမ်း-80000**
No-၁၁/၁၃၊၃ ဗျားငွေလမ်းဒုံလ်ကထေဘင်း
Ph-09 731 61773
09 516 1773

**Trumpet** ကားမျိုးစုံငှားသည်
Ph : 01 536975,
01 532238, 09 43089536
ခရီးစဉ်မျိုးစုံအတွက်(၄၅၊ ၃၃၊၂၄၊ ၁၈၊ ၁၄၊ ၁၇) ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ (ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။)

**ဖခင်အမည်မှန်**
ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အထက(၁)၊ ဒသမတန်းတွင် ပညာသင်ကြားနေသော မအိမ့်ရတီစိမ်း၏ဖခင်အမည်မှန်မှာ ဦးနန္ဒကျော်[၁၂/ကမရ (နိုင်)၀၄၇၀၅၄] ဖြစ်ပါကြောင်း။
**ဦးနန္ဒကျော်**

**မိခင်အမည်မှန်**
ဝါးခယ်မမြို့၊ အထက(ကနစိုးကုန်း) ဒသမတန်း(ဂ)မှ နမ့်နှင်းဝေဝေချစ်၏ မိခင်အမည်မှန်မှာ ဒေါ်တင်ဝေဦး[၁၄/ကပန(နိုင်)၀၁၀၃၇၂]ဖြစ်ပါ ကြောင်း။
**နမ့်နှင်းဝေဝေချစ်**

**ကိုသန့်ဇင်**
**CAR RENTAL**
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
**Ph:09-43117680, 09-5059821**

**မိဘအမည်မှန်**
ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အထက(ခွဲ)ရွှေတော၊ ဒသမတန်းမှ နန်းမုဟိဖောင်၏ မိဘအမည်မှန်မှာ ဦးအကြီး[၃/ဘအန(နိုင်)၃၆၄၄၄၀]နှင့် ဒေါ်နန်းမိခင်[၃/ဘအန(နိုင်)၀၅၆၆၆၄]တို့ဖြစ်ပါကြောင်း။

**မိခင်အမည်မှန်**
ဝါးခယ်မမြို့၊ အထက(ကနစိုးကုန်း) ဒသမတန်း(ပြင်ပဖြေ)မှ မောင်ရဲဇင်ဦး၏ မိခင်အမည်မှန်မှာ ဒေါ်ဇင်မာအေး[၁၄/ဝခမ(နိုင်)၁၇၅၂၁၆] ဖြစ်ပါကြောင်း။
**မောင်ရဲဇင်ဦး**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ကျော့မောင်မောင်ထွန်း [၇/ညလပ(နိုင်)၁၀၉၁၀၄] ၏ BL No. SINOUA23KBY20011 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၀၃၉၉၄၀**

**သွေးသည်အသက်**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ဒီ၊ မြေကွက်အမှတ်-၄၇ဒီ/၁၊ ၄၇ဒီ/၁အေ ၁၊ မြေကွက်တည်နေရာအမှတ်-၁၆၊ ဆရာစံလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ် (J.W Darwood)၊ အမည်ပေါက်မြေပိုင်မြေအား ၁၆-၉-၂၀၁၃ရက်စွဲပါ ပြည်ထဲရေးဝန်ကြီးဌာန မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေဆိုင်ရာ စိစစ်ရေးအဖွဲ့၏ ၂၉-၇-၂၀၁၃ရက်က ကျင်းပသော စိစစ်ရေးအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကိုကန့်သတ်သည့်ဥပဒေနှင့် အကျုံးဝင်ခြင်းမရှိကြောင်း ဦးဟန်ထွန်းမောင်[၁၂/ဗဟန(နိုင်)၀၆၈၈၂၆]ထံ အကြောင်းကြားစာ ၇-၅-၂၀၁၄ ရက် ဦးဟန်ထွန်းမောင်၏ သေစာရင်း၊ ဒေါ်ကျင်မှဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျိမ်းကျိန်လွှာနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၃/၂၀၁၅အရ အချင်းဖြစ်မြေကွက်နှင့် နေအိမ်အား ဒေါ်ကျင်ကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာသည့် ၂၃-၆-၂၀၁၅ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီတို့ကိုတင်ပြပြီး ဒေါ်ကျင်[၁၂/ဗဟန(နိုင်)၀၆၈၅၅၀]မှ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**မိခင်အမည်မှန်**
ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အထက(ခွဲ)ရွှေတော၊ ဒသမတန်းမှစောစိုးလင်းအောင်၏မိခင် အမည်မှန်မှာ ဒေါ်ရင်သန်း[၃/ဘအန(နိုင်)၁၁၅၂၁၂] ဖြစ်ပါကြောင်း။

**SEVEN ၀ံ**
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
ဆဲဗင်းလ် ၀ံ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံးဝ မယူပါ"
Ph: 09 - 33 333 511
09 - 33 333 514
09 - 33 333 644

CNG Taxi **အိမ်ပေးငှားမည်**
Toyota ဖင်ကောက်၊ အင်ဂျင်ပါဝါ 1.5, AA/----, CNG-70L ပြင်ဆင်စရိတ် ငြိမ်း၊ အိမ်ပေးမည်။ စပေါ် ၃ သိန်း၊ အုံနာခ-၁၇၀၀၀/-
ဖုန်း- ၀၉-၅၀၂၀၃၈၀၊ ၀၁-၅၆၁၉၇၀

**" ကန့်ကွက်နိုင်ပါသည် "**
ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ်-( ၈၃ )ဟုခေါ်တွင်သော ၆-ထပ်တိုက်မှ (ဝဲဘက်ခန်း) အကျယ်-( ၂၀-ပေ×၆၀-ပေ ) တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူ **ဒေါက်တာဦးကျော်စိုးမိုး** (၁၂/လသန(နိုင်)၀၀၁၂၅၅) နှင့် **ဒေါက်တာဒေါ်ဥမ္မာအောင်** (၉/မထလ (နိုင်) ၀၀၀၁၀၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။
အဆိုပါ တိုက်ခန်း(၁)ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအိနုစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁)**
**YE NOOS & ASSOCIATES (Law Firm)**
အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၃၉၇၂၃၄ ၊ ၃၉၇၂၃၅၊ ၂၉၆၁၃၂ ။

**EAGLE GUEST HOUSE**
ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ
၁၉၂၊ အာသာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး
ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၁၄၄၇
၁၂၀၀၀ ကျပ်
၁၇၀၀၀ ကျပ်

## အခန်းဆက်ဆောင်းပါး

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

ကြေးသွန်းစု၊ ဇာတ်သဘင်စု၊ ထီးဖြူယမားစု၊ နေရာတော်စု၊ ပန်းပဲစု၊ ပွတ်စု၊ ရေပုံးခတ်စု၊ လက်သမားစု၊ ခဝါစု၊ အချုပ်ကုလားစု၊ အနှိပ်စု၊ လုပ်ငန်းအလိုက် စုကြမ်း၊ စုနု၊ စုသေးဟူ၍ ခွဲခြားသည်။ စုကြမ်းတွင် ခိုးသားပေါက်အစု၊ ဆိုင်းတီးအစု၊ ထောင်သားအမှုထမ်းအစု (ပါးကွက်သား လက်မထောင်နှင့် လက်မရွှံ့သား)၊ ဗိုင်းတာစု၊ လှေအမှုထမ်းတို့ ဖြစ်ကြ၏။ စုနုတွင် ကြယ်ခတ်၊ ဂုန္တန်ထိုး၊ ထီးတော်လုပ်၊ ရွှေချည်ထိုး၊ ရွှေမျက် ပါးခတ်သူများ၊ စုသေးတွင် ကသောင်းမြောင်တိုက်စောင့်၊ စမြောင်၊ တုရင်နေရာကချ၊ ရှေ့တော်ပြေးနှင့် ရွှေတိုက်စောင့်များ အသီးသီးပါဝင်ကြ၏။ ထိုအစုများတွင် စုကြမ်းသည် အနိမ့်ဆုံးဖြစ်၍ စုသေးမှာ အမြင့်ဆုံးလုပ်ငန်း အစုအနွယ်များဖြစ်သည်ဟု မှတ်ယူကြ၏။

မင်းတုန်းမင်းလက်ထက်တွင် အစု၊ အတန်း၊ ရပ်ကွက်ဝင်းများ လေးပြင်လေးရပ်၌ ချထားသည့်အနက် မင်းတုန်းမင်းတရားကြီး၏ ညီတော်အိမ်ရှေ့ ကနောင်မင်းသားသည် အမြော်အမြင် ကြီးမားစွာဖြင့် ရွှေမြို့တော် လူနေမှုစနစ် တိုးတက်ဖွံ့ဖြိုးရေးအတွက် စက်ရုံများလည်း တည်ခဲ့၏။ လက်နက်စက်ရုံ၊ ဒင်္ဂါးစက်ရုံများလည်း ပါဝင်၏။ ရတနာပုံခေတ်၌ စက်ရုံပေါင်း (၅၀)ကျော်ရှိသည်ဟု မှတ်သားရ၏။

**ဝင်းရုံးများ**

မြန်မာမင်းလက်ထက် ဝင်းရုံးဆိုသည်မှာ ဝင်းမှူးများရုံးထိုင်၍ အမှုဆုံးဖြတ်သောနေရာကို ဆိုလိုသည်။ ထိုကဲ့သို့ ရုံးမှာလည်း လေးရုံး ထားသည်။ ရှေ့ဝင်း၊ တောင်ဝင်း၊ နောက်ဝင်း၊ မြောက်ဝင်းများဟူ၍ တစ်လုံးစီထားရှိသည်။ မြန်မာမင်းလက်ထက်၌ အရှေ့၊ အနောက်စသည့် ရုံးအမည်ကို ခေါ်ဝေါ်ရာတွင် (အ) ကိုဖြုတ်၍ ရှေ့ရုံး၊ နောက်ရုံးစသည်ဖြင့် ရေးသားခေါ်ဝေါ်ရသည်။ သို့ရာတွင် လူအမည် သီးခြားကွဲပြားအောင်ရေးသည့်အခါ အနောက်ဝန်၊ အနောက်ဝန်စာရေး စသည်ဖြင့် ရေးလေ့ရှိ၏။

'ဝင်းရိုး'များ တည်ထားသောနေရာကား နန်းတော်တံခါးပေါက် လေးမျက်တိုင်းလက်ယာဘက်က သစ်တပ်နှင့် အတွင်းအုတ်မြို့ရိုးအကြားတွင် ထားလေ့ရှိသည်။ ဝင်းဆိုသည်ကား ရှင်ဘုရင်နေထိုင်သော နန်းတော်ပတ်လည် အကာအရံကိုဆိုလိုသည်။ ဝင်းမှူးဟူသော ရာထူးသည် လက်ရုံး၊ နှလုံး ဖက်စပ်တတ်ကျွမ်း စွမ်းဆောင်နိုင်သူ၊ ကျေးဇူးသိတတ်သူ၊ ယုံကြည်စိတ်ချရသူများကို ရွေးချယ်ခန့်ထားလေ့ရှိသည်။ ဝင်းမှူးများ ရုံးတက်လျှင် ဓားနှင့်ယပ် ဖက်စပ်ဆွဲကိုင်ယူဆောင်ရုံးတက်ရသည်။ ဓားမှာလက်ရုံး၊ ယပ်မှာ နှလုံး သင်္ကေတ အထိမ်းအမှတ်သဘောဖြစ်သည်။

**သင်္ဘောစက်ရုံ**

ရတနာပုံရွှေမြို့တော် အနောက်မျက်နှာမြို့ကြီးပြင်ပန်းဆက်တံခါးအတွက် ဧရာဝတီမြစ် အရှေ့ဘက် ကမ်းနဖူးတွင် သင်္ဘောတော်များ တည်လုပ်ရန်၊ ပျက်လျှင်ပြင်ရန် ဌာနဖြစ်သော ဘွိုင်လာအိုး အကြီးအကျယ်နှင့် စက်ရုံတော်ကြီး တည်ဆောက်ခဲ့သည်။ ယင်းစက်ရုံတော်ကြီးတွင် လုပ်ကိုင်ထမ်းရွက်ရသည့် စက်ရုံအမှုထမ်း ၁၂၇ ဦးတို့မှာ တစ်လလျှင် စပါးတော် ၂၈၅၅ တင်းချီးမြှင့်ခံရသည်။ အင်္ဂလိပ်လက်ထက် စက်ရုံတော်ကြီးကို ဧရာဝတီ သင်္ဘောကုမ္ပဏီက ဝယ်ယူသည်။

**လွှစက်ရုံ**

ရွှေမြို့တော် အနောက်မျက်နှာ ပုဏ္ဏားကုန်းသုသာန် အနောက်မြောက်ယွန်း သင်္ဂဇာချောင်း အရှေ့ဘက်ကမ်းတွင် လွှစက်ရုံတော်ကြီး တည်လုပ်ထားသည်။ ယခု မီးခြစ်စက်ရုံအနီးဖြစ်သည်။ ကျွန်းသစ်သားများခွဲသည်။ ဗြိတိသျှလက်ထက်၌ ရှေးခေတ်လွှစက်ရုံလုပ်ငန်းကို လေလံတင်ပစ်သည်။ နောင်အခါတွင် ဥဒေါင်းလွှစက်အမည်ဖြင့် ကုန်သည်ကြီး ဦးရေပေါက ဆက်လက်လုပ်သည်။ မြန်မာမင်းလက်ထက်က အမှုထမ်း ၅ဦးတို့ စပါး ၅၅ တင်းချီးမြှင့်ခံရသည်။

**သကြားစက်ရုံ**

ပိုက်ကျုံးတံခါးအတွက် လက်ဝဲဘက်ရှိ ယခင်သစ်တောရုံးနေရာတွင် တည်ရှိသည်။ မင်းတုန်းမင်းလက်ထက် သကြားချက်လုပ်သည်။ အစောင့်အမှုထမ်း ၅ ဦးတို့ စပါးရိက္ခာ ၅၅ တင်းချီးမြှင့်ခံရသည်။

**သံစက်ရုံ**

ရွှေမြို့တော်အနောက် ပုဏ္ဏားကုန်းသုသာန် အနောက်မြောက်ယွန်း ယခုမီးခြစ်စက်ရုံနေရာဖြစ်သည်။ သံခွန်ထမ်းမြို့ ရွာများက ဆက်သွင်းသည့် သံကျောက်များကို အရည်ကျိုသံဖြစ်စေရန် သံချက်ဝန်ဆင့်ဆိုရာ နာခံ ဆောင်ရွက်ရသည်။

**အမြောက်စက်ရုံ**

ရတနာပုံခေတ် ရက်ကန်းစက်ရုံ(ယခု ဗျစ်စက်ရုံ) နေရာ အမရစံခေါင်ရပ် ရက်ကန်းစက်ရုံတော်၏ အရှေ့မြောက်ဘက်ကပ်လျက် အမြောက်လက်နက်စက်ရုံ တည်ဆောက်လုပ်ကိုင်ခဲ့သည်။ ကနောင်မင်းသားကြီးကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်ခဲ့သည်။ စက်ရုံအတွင်း မြေပုံလုပ်သည့်ဌာန၊ ပွတ်စပ်၊ ရွှေပေါ်စက်၊ ဘောက်စူးစက်အမျိုးမျိုး၊ သံရည်ကျိုစက်အပြည့် အစုံတည်ထားသည်။ ယမ်းတောင့်ထိုးအမြောက်အမျိုးမျိုး၊ ရေမြှုပ်ဗုံးအမျိုးမျိုးလုပ်ဆောင်နိုင်သည်။

အိမ်ရှေ့မင်း မရှိပြီးနောက် ဘုရင်နှင့်မှူးတော်၊ မတ်တော်တို့က ဂရုမစိုက်ကြသဖြင့် အကျိုးမများလှ။ အမြောက် စက်ရုံကြီးတွင် အမှုထမ်း ၁၂၅ ဦးရှိသည်။ စပါးရိက္ခာရရှိသည်။ သေနတ်ပြောင်းလုံး၊ သေနတ်အိမ်၊ ဗထက်ချိုင့်ခေါ် နောက်ထိုးသေနတ် (၅၀၀)ကျော်ကို သီပေါမင်းလက်ထက် လုပ်ကိုင်ခဲ့သည်။ ရက်တစ်ပတ်လျှင် သေနတ်(၂၀၀၀) ပြီးအောင်လုပ်နိုင်သော သေနတ်စက်ရုံကြီးဖြစ်သည်ဟု မှတ်သားရသည်။

၁၂၂၉ ခုနှစ်တွင် တော့ဖင်ဒလေကုမ္ပဏီမှ ဝန်ချီစက်၊ ရွှေပေါ်စက်၊ ပွတ်ခုံစက်၊ သံပြားကြိတ်စက်၊ မီးအားပေးစက်များ အဖိုးငွေ(၂)သိန်းကျော်နီးပါး ဝယ်ယူပေးသွင်းသည်။ ၁၂၃၃ ခုနှစ်တွင် ရန်ကုန်မြို့ရှိ အင်္ဂလိပ်ကုမ္ပဏီအမျိုးမျိုးနှင့် စာချုပ်ပြုလုပ်ကာ လက်နက်ပစ္စည်းများ၏ တန်ဖိုးကို ပေးဆပ်ရာတွင် ငွေသားသော်လည်းကောင်း၊ မြန်မာပြည်ထွက် သစ်၊ ဝါဂွမ်း၊ ကြက်ပေါင်စေး၊ ရှားစသောပစ္စည်းချင်း ဖလှယ်၍လည်းကောင်း၊ နိုင်ငံခြားသားများကို မြန်မာပြည်အတွင်း သစ်ခုတ်ခွင့်၊ ရေနံတူးခွင့်စသောအခွင့်အရေးများ ပေးခြင်းဖြင့်လည်းကောင်း ခုနှိမ်ပြေလည်စေခဲ့ခြင်း ဖြစ်သည်။

ကနောင်မင်းသား တည်ဆောက်သော ဒင်္ဂါးစက်၊ အထည်စက်၊ ဆန်စက်၊ ဆီစက်၊ ကျည်ဆန်စက်၊ မဲနယ်စက် စသည်ဖြင့် စက်ရုံ ၅၀ကျော်ရှိရာ စက်ရုံဆောက်လုပ်ရေး၊ အုပ်ချုပ်ရေးစသည်တို့ကို အောက်မြန်မာပြည်ရှိ ကျွမ်းကျင်သော နိုင်ငံခြားသားများကို ခေါ်ယူခန့်ထားသည်။ စက်ရုံတော်များကို ကနောင်မင်းသား၊ ယောအတွင်းဝန်၊ ဗန်းမော်ဝန်၊ မြတောင်ဝန်တို့ကြီးကြပ်အုပ်ချုပ်သည်။ နိုင်ငံခြားသားပညာရှင်များအား တစ်လ ၄၀၀ မှ ၆၀၀ အထိ လခအသားတင်ပေးသည်လည်း ရှိသည်ဟုမှတ်သားရသည်။

ကနောင်မင်းသားသည် မိမိနိုင်ငံအတွက် စက်မှုလက်မှုထွန်းကားရေး ကြိုးပမ်းတည်ထောင်ခဲ့ရာတွင် လက်နက်စက်ရုံမှ သင်္ဘောကြီးများ အောင်မြင်စွာတည်ဆောက်နိုင်အထိ စက်မှုတစ်ခေတ်အောင်မြင်မှုများ ဖန်တီးနိုင်ခဲ့သည်။ မန္တလေးသင်္ဘောကျင်းမှ သင်္ဘောများ ဆောက်လုပ်ပြီးစီး ချိန်တွင် အင်္ဂလန်တွင် ကျင်းပသကဲ့သို့ အခမ်းအနားနှင့် ဧည့်ပရိသတ်အစုံအလင် အခမ်းအနား ပြုလုပ်နိုင်ခဲ့သည်။

အလျားပေ ၁၆၅၊ အနံပေ ၂၈ ရှိတိုက်သင်္ဘောတစ်စင်းကို မန္တလေး၌ ဆရာရှမ်းက အလုပ်သမား ၂၀၀ နှင့် ငါးလအတွင်း အပြီးအစီးတည်ဆောက်နိုင်ခဲ့ကြောင်း မှတ်တမ်းရေးထိုးခဲ့သည်။ ထိုသူတို့မှာ မော်လမြိုင်မှ အလုပ်သမားများ ဖြစ်ကြသည်။ အင်္ဂလိပ်အရေးပိုင်က ချီးကျူးထောမနာပြုသည်။ ၁၈၇၅ ခုနှစ်တွင် ခရီးသွားသင်္ဘောတွင် မြန်မာတပ်မတော်အမြောက် ၁၂ လက် တပ်ဆင်ကာ စစ်ရေးလေ့ကျင့်ခဲ့သည်။ ဗန်းမော်အထိ ရေကြောင်းဆန်တက်ခဲ့သည်။ ၁၇၈၁ ခုနှစ်မှစ၍ သင်္ဘောရှစ်စင်း ဆောက်လုပ်ခဲ့သည်။

**မင်းတုန်းမင်းသချိုင်းတော်**

မြနန်းစံကျော် ရွှေနန်းတော်၏ အရှေ့မြောက်ဘက်တွင် မင်းတုန်းမင်းသင်္ချိုင်းတော်အုတ်ဂူပြာသာဒ်၊ ဆင်ဖြူမရှင် မိဖုရား(မင်းတုန်းမင်း မိဖုရား)အုတ်ဂူပြာသာဒ်၊ မယ်တော်ကြီး(ပုဂံမင်း၏မယ်တော်)အုတ်ဂူပြာသာဒ်၊ လောင်းရှည် မိဖုရားအုတ်ဂူပြာသာဒ်တို့ကို လေ့လာနိုင်သည်။ မင်းတုန်းမင်းသင်္ချိုင်းတော်မြောက်ဘက်တွင် ရတနာပုံဒင်္ဂါးစက်ရုံ တည်ရှိသည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**


သိုးရောင်စုံ ဓမ္မဒါန
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကက္ကူ
ထန်စန်း(ထမင်းကျွေး-၅၀၀၀ဝိ/-)
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ(ယှင်းကျွေး-၄၀၀၀ဝိ/-)
(၁၀)ဦးဆယ်လျှင် တစ်ဦးအခမဲ့
ကားအမျိုးမျိုးစင်းလုံးငှားသည်။
Oct 27,30
420144148, 421153797

ကား မျိုးစုံ
(Alphard/Crown/MarkII/အန်တတုံး/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောစျေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph: 09795549249, 095418126

Gallivant Travel Service
ပုဂံညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ - Oct 30
၃ စတားဟိုတယ် / Scania (2+1) ဖြင့် စီစဉ်ပါသည်။
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော - Nov 20
ကျိုက်ထီးရိုး၊နေ့ချင်းပြန် - Nov 14
ဆက်သွယ်ရန် - ၀၁ ၈၆၁၀၄၃၂၊ ၀၉ ၂၅၃၈၁၁၉၀၃


**ဖခင်အမည်မှန်**
ဝါးခယ်မမြို့၊ အ. ထ. က(ကနစိုးကုန်း) ဒသမတန်း(ခ)မှ နမ့်ခင်နှင်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးအန်ထော်နီ[၁၄/ဝခမ(နိုင်)၀၇၃၇၆၃]ဖြစ်ပါကြောင်း။
နမ့်ခင်နှင်းဖြူ

**ဖခင်အမည်မှန်**
ဝါးခယ်မမြို့၊ အ. ထ. က(ကနစိုးကုန်း) ဒသမတန်း(ဂ)မှ နန့်ဖြူဖြူလေး၏ ဖခင်အမည်မှန်မှာ မန်းဝင်းစာ [၁၄/ဝခမ(နိုင်)၀၃၉၆၀၄] ဖြစ်ပါကြောင်း။
နန့်ဖြူဖြူလေး


**ဝန်ထမ်းအလို့ရှိသည်။ (ပြည်တွင်း၌သာခန့်ထားရန်)**

၁။ Personal Assistant
(ဘွဲ့ရ ကွန်ပျူတာ/ကားမောင်းကျွမ်းကျင်ရမည်။) ကျား(၂)
၂။ Assistant Manager (ဘွဲ့ရ ကားမောင်းကျွမ်းကျင်) ကျား(၂)
၃။ စိုက်ကွင်းကြီးကြပ် (ဘွဲ့ရ နယ်တွင်နေနိုင်ရမည်။) ကျား(၃)၊မ(၂)
၄။ ရှေ့နေ
(ဘွဲ့ရ တရားလွှတ်တော်ရှေ့နေ၊ အတွေ့အကြုံ (၅)နှစ်အထက်) ကျား/မ(၂)

ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ(၂)ပုံ၊ ရဲစခန်းထောက်ခံချက်၊ ဘွဲ့လက်မှတ်မိတ္တူ နှင့် မူရင်းများကိုပါ သတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**အောင်ချစ်(ဒ်) ကုမ္ပဏီလီမိတက်**
အမှတ်(၇၀/one)၊ ရွှေဂုံတိုင်လမ်းမ၊ ဗဟန်း၊ ရန်ကုန်။(ရွှေဂုံတိုင်မီးပွိုင့်အနီး)
ဖုန်း - ၀၁ ၅၅၈ ၄၂၀ ၊ ၀၉ ၅၁၃ ၇၁၃၃

**ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း**
ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သင်္ဘောစီး၊
ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။
၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃
၁၀၀၀၀ ကျပ်
၁၄၀၀၀ ကျပ်


**အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ**
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)**
**မော်လမြိုင်မြို့နယ်တရားရုံး**
**၂၀၁၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁**

| | | |
|---|---|---|
| ၁။ ဦးကျော်ဆန်း | | ၁။ ဒေါ်သန်းရီ |
| ၂။ ဒေါ်နှင်းနွယ် | နှင့် | ၂။ ဦးသန်းအေး |
| ၃။ ဒေါ်စန်းစန်းနွယ် | | ၃။ ဒေါ်ခင်အုန်းမြင့် |
| (လျှောက်ထားသူများ) | | (လျှောက်ထားခံရသူများ) |

မြဝတီမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(စီ/၅)နေ (ယခုနေရပ်လိပ်စာမသိသူ) ဒေါ်ခင်အုန်းမြင့် သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူများက ဤရုံးသို့ သင့်အပေါ် မမှန်သက်သေခံမှု၊ မမှန်သက်သေခံဖန်တီးမှုဖြင့် အရေးယူ တရားစွဲဆိုပေးပါရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၄၇၆အရ လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၃ ရက် (၁၃၇၇ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သန်းအောင်)
မြို့နယ်တရားသူကြီး
မော်လမြိုင်မြို့နယ်တရားရုံး


**အ·မ·က(၁၀)လှိုင်ကျောင်းသား/ကျောင်းသူ၊ ဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ၂၀၁၅ အခမ်းအနားနှိုးဆော်ခြင်း**

အ·မ·က(၁၀)လှိုင်တွင် ကျောင်းတည်စမှ ၂၀၁၅ အထိ ပညာသင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများအား (၂၂·၁၁·၂၀၁၅)နေ့တွင် ပူဇော်ကန်တော့မည်ဖြစ်ပါ၍ တက်ရောက်ပညာသင်ကြားခဲ့သော ကျောင်းသား/ကျောင်းသူ ဟောင်းကြီးများအားလုံး ပူးပေါင်းပါဝင်လှူဒါန်းပေးပါရန် လေးစားစွာဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

KBZ Account No. : 0211220120670(ကမာရွတ်ဘဏ်)သို့ ငွေလွှဲပေးပို့လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်ရန် -
ကျောင်းအုပ်ဆရာမကြီး (အ·မ·က(၁၀)လှိုင်)

| | | | |
|---|---|---|---|
| ဆရာမဒေါ်ဆွေဆွေဝင်း | - ၀၉-၄၉၂၇၅၉၈၆ | ဒေါ်စိမ့်စမ်းအေး | - ၀၉-၄၃၁၄၃၃၇၉ |
| ဦးအောင်သန့်ဇင်ဦး | - ၀၉-၅၀၅၀၀၀၀ | ဒေါ်သီတာကျော် | - ၀၉-၅၀၆၇၇၃ |
| ဦးအေးခန့်မောင် | - ၀၉-၇၃၀၈၄၇၃၅ | မဇင်ဝေဖြိုး | - ၀၉-၇၃၁၆၄၁၆၉ |
| ဦးမိုးမြင့်အောင် | - ၀၉-၇၉၁၀၉၂၃၃၈ | ဦးငြိမ်းချမ်း | - ၀၉-၄၃၀၈၂၉၃၇ |
| ဒေါ်သက်သက်စု | - ၀၉-၄၃၁၃၀၉၂၉ | ဒေါ်အိအိချော | - ၀၉-၂၅၃၆၆၉၇၆၃ |

rain Rain Travel & Tours
Good Quality Budget tours manage by Gandawun Shwe Bangan Travels

| | | |
|---|---|---|
| ဘန်ကောက် | (၅) ရက် | USD 470 |
| စင်ကာပူ | (၄) ရက် | USD 750 |
| မလေးရှား | (၄) ရက် | USD 650 |
| ဟောင်ကောင်၊ မကာအို | (၅) ရက် | USD 1150 |
| ပီကင်း၊ ရှန်ဟိုင်း | (၆) ရက် | USD 1200 |

လေယာဉ်လက်မှတ်ဆိုင်၊ တိုင်းရင်းဆေးဆိုင် လည်ပတ်ခြင်း မပါဝင်ပါ။
Ph: 01-510218, 09-252281456
Ph: 09- 3169 3339, 09- 730 13856


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂ဂျီ၊ မြေကွက်အမှတ်-၄၃၈ပီ၁/၁၂ဘီ+(လမ်း)၊ မြေကွက်တည်နေရာအမှတ်-၄၁B၊ စောမဟာလမ်း၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ် (ဦးမောင်မောင်အေး၊ ဒေါ်ခင်ထွေးရီ) အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား (ဖခင်) ဦးမောင်မောင်အေး၊ (မိခင်)ဒေါ်ခင်ထွေးရီနှင့်(ညီ/မောင်)ဦးဝင်းနိုင်အေးသည် မိခင်ဖြစ်သူ ထက်စော၍ ၂၉-၃-၂၀၀၃ရက်တွင် ကွယ်လွန်သဖြင့် (၁)ဒေါ်သန်းသန်းအေး[၁၂/အစန(နိုင်)၀၅၈၃၀၈]၊ (၂)ဒေါက်တာသီဂီအေး[၁၂/ဗဟန(နိုင်)၀၀၇၂၅၇]၊ (၃)ဦးတင်ထွဋ်အေး[၁၂/ဗဟန(နိုင်)၀၀၇၀၂၇]၊ (၄)ဦးတင်ဇော်အေး[၁၂/ဗဟန(နိုင်)၀၇၂၀၇၉]တို့မှ သားသမီးအရင်းတော်စပ်ကြောင်းနှင့် ကွယ်လွန်သူ သားတစ်ဦးဖြစ်သူ ဦးဝင်းနိုင်အေးတွင် ဇနီးသည် ဒေါ်ခင်မာထွေး(KTDA-၀၀၆၇၇၁)ရှိခဲ့သော်လည်း ဦးဝင်းနိုင်အေး ကွယ်လွန်သည့်အချိန်မှစ၍ ယခုလျှောက်ထားသူတို့နှင့် အဆက်အသွယ်မရှိတော့ပါကြောင်းနှင့် ဦးဝင်းနိုင်အေးနှင့် ဒေါ်ခင်မာထွေးတို့ ပေါင်းသင်းခဲ့စဉ် သားသမီးထွန်းကားခဲ့ခြင်းမရှိကြောင်း၊ မိဘများနှင့် ဦးဝင်းနိုင်အေးတွင် အခြားအမွေစားအမွေခံ ကိတ္တိမသားသမီးများ လုံးဝမရှိကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

ကိုသက်ခိုင်က မမြင့်ဝေကို ကြည့်၏။ မမြင့်ဝေကလည်း ခေါင်းညိတ်ပြ၏။ ကိုသက်ခိုင်သည် ငြိမ်ရပ်နေတော့၏။

မောင်စောနောင်သည် အလွန်ဝတ္တရားဆန်သော လေသံနှင့်မေး၏။

"မမြင့် . . . ကျွန်တော့်ကို ဘာကိစ္စနဲ့ လာတွေ့တာလဲ"

ကိုသက်ခိုင်သည် မမြင့်ဝေမည်သို့ တုံ့ပြန်မည်ကို အကဲခတ်ကြည့်မိ၏။

မမြင့်ဝေက ပထမသော် စိတ်ထိခိုက်ဟန် ငိုင်သွား၏။ သို့ရာတွင် ချက်ချင်းပင် အသာအယာ ရယ်မောလိုက်၏။

"မင်းက မမြင့်ကို ရန်တွေ့ချင်နေပါသလား . . . မောင်စောနောင်"

မောင်စောနောင်က သူ့အစ်မကို စိုက်ကြည့်သည်။ မမြင့်ဝေကလည်း သူ့မျက်လုံးများကို မလွှဲဘဲ ရင်ဆိုင်သည်။ မောင်စောနောင်သည် အရင်မျက်လွှာချသွား၏။

မမြင့်ဝေက အေးချမ်းသာယာစွာ ပြော၏။

"မောင် လုပ်ချင်တာ လုပ်ပါ။ မမြင့်အနေနဲ့ ကန့်ကွက်ချင်ပေမယ့် ကန့်ကွက်ခွင့်မရှိပါဘူး။ တစ်ခုပဲ . . . မမြင့် တောင်းပန်ချင်တယ်။ မောင်လုပ်ချင်တာတွေလည်း ဆက်လုပ်ပါ။ ဘွဲ့ကိုလည်း ရအောင်ယူပါ။ မောင့်အဖေနဲ့ မောင့်အမေအတွက် မောင့်မှာ တာဝန်ရှိနေသေးတယ် ဆိုတာကိုလည်း သတိမလစ်ပါနဲ့ မောင်"

မောင်စောနောင်က အော်ရယ်သည်။

"မမြင့်ကို ကျွန်တော် ဘယ်နှခါ ပြောရမလဲ။ မမြင့်တို့ အထင်ကြီးတဲ့တက္ကသိုလ်ကဘွဲ့ကို ကျွန်တော် လုံးဝမက်ဘူးဆိုတာ"

"ဒါဖြင့် မောင်တက္ကသိုလ်မှာ ဘာလာလုပ်နေတာလဲ"

မောင်စောနောင်က လှိုက်လှိုက်လှဲလှဲ ရယ်လိုက်၏။

"မမြင့်ကလည်း . . . ခက်ပါဘိတော့။ အခုထိ နားမလည်သေးဘူးလား။ ကျွန်တော် တက္ကသိုလ်ကို အပျော်လာတက်တာမဟုတ်ဘူး။ တော်လှန်ရေးလုပ်မလို့။ ကဲ. . . သိပြီလား။"

မမြင့်ဝေထံမှ အဖြေရုတ်တရက် ပေါ်မလာ။ ကိုသက်ခိုင်က ဝင်စွက်ခွင့် မရှိသောကြောင့် ဘေးမှ စိတ်ဝင်စားစွာသာ ကြည့်နေရ၏။

မမြင့်ဝေသည် မောင်စောနောင်ကို ကျောခိုင်းလိုက်ပြီး ကိုသက်ခိုင်ကို လှည့်ကြည့်၏။

"ဆရာ. . . တစ်ခုခု ပြောမပြနိုင်ဘူးလား"

ကိုသက်ခိုင်က ဝမ်းနည်းစွာ ခေါင်းခါပြ၏။

မမြင့်ဝေက ရယ်၏။ သူ့ဘာသာသူ သဘောကျစွာ ရယ်၏။

"ဟုတ်ပါတယ်လေ။ ဆရာက မပြောချင်ဘူး။ ဒါပေမယ့် မမြင့်ဝေကတော့ ပြောမယ်"

မမြင့်ဝေသည် မောင်စောနောင်၏ ရှေ့၌ ရပ်လိုက်သည်။ ရယ်ရင်းလည်းပြောသည်။

"မမြင့်မှာ စုထားတဲ့ ငွေလေးတွေရှိတယ်။ မောင် လုပ်ချင်တာကို မောင်ဖြောင့်ဖြောင့်လုပ်နိုင်ဖို့ ဒီငွေတွေကို ပေးဖို့ မမြင့် လာခဲ့တာပဲ။ အဲဒါကိုတော့ မောင်လက်ခံမလား"

မောင်စောနောင်က ခေါင်းခါသည်။

"ဒါဖြင့် မမြင့် ပြန်ရတော့မယ် မောင်"

"ဟုတ်ကဲ့"

"ဒါပေမယ့် . . . မမြင့် မောင့်ကို တစ်ခုပြောစရာရှိတယ်။ နားထောင်ဦးမလား"

"ပြောပါလေ. . ."

"ပြောပါမယ်။ မောင်က တက္ကသိုလ်မှာ တော်လှန်ရေးလုပ်မလို့လာတယ်ဆိုတယ်။ အမှန်က မောင်တို့ တောင်ပြုန်းပွဲ လာကျင်းပနေတာ"

ဤစကားသည် မောင်စောနောင်ကို သိသိသာသာ တုန်လှုပ်သွားစေ၏။

သူသည် သူ့အစ်မကို ဘာမျှပြန်မပြော။ ကိုသက်ခိုင်ကိုသာ စေ့စေ့ကြည့်ပြီး ပြော၏။

"မမြင့်ကို ကျွန်တော့်ဆီ ခေါ်လာခဲ့တဲ့ ဆရာ့စေတနာကို ကျေးဇူးတင်လှပါတယ်။ ဒါပေမယ့် ဆရာ့ကို ကျွန်တော် တစ်ခု ပြောချင်တယ်။ ဆရာ ခွင့်ပြုမလား"

"ပြုပါတယ် မောင်စောနောင်"

မောင်စောနောင်က ရယ်ပြန်၏။

"အမှန်က မကောင်းတတ်လို့ လျှို့သာဝှက်ထားရတယ်။ ဆရာ့လို နိုင်ငံကျော် စာရေးဆရာကြီးတစ်ဦးရဲ့ နောက်ကြောင်း ဘဝကို ကျွန်တော်တို့ အားလုံး သိပြီးသားပါ။"

"ဟုတ်သလား. . . မောင်စောနောင်"

"ဟုတ်တယ် ဆရာ။ ပြီးတော့ ကိုဘမြိုင်ဆိုတာဟာ ကျွန်တော့်အစ်ကို ဝမ်းကွဲပါပဲ ဆရာ. . ."

"ဪ. . ."

"ဆရာတို့ ခေတ်တုန်းကလည်း ဆရာတို့ ထင်တာကို ဆရာတို့ လုပ်ခဲ့ကြတယ်။ အဲဒီတုန်းက မမနွယ်က ဆရာ့ကို ဘာမှ တားလို့မရခဲ့ဘူး။ ကျွန်တော် အမှားတွေ ပြောမိနေပါသလားဆရာ"

ကိုသက်ခိုင်က ခေါင်းခါပြီးဖြေ၏။

"မမှားပါဘူး။ မင်း မှန်ပါတယ် မောင်စောနောင်"

"ဒါဖြင့် ကျွန်တော်မှာလည်း ကျွန်တော့်လွတ်လပ်ခွင့်ရှိတယ်။ ဟုတ်တဲ့လား ဆရာ"

"ဆရာ မငြင်းနိုင်ပါဘူး မောင်စောနောင်"

ရာဇာတ်ဟော(လ်)ပေါ်မှ အသံချဲ့စက်က ကြေညာသည်။

"မဲအားလုံး ရေတွက်ပြီးပါပြီ။ တပ်ဦးအဖွဲ့က အနိုင်ရပါတယ်။ အနိုင်ရတဲ့ မဲစာရင်းကတော့ ဥက္ကဋ္ဌရာထူးအတွက် ကိုစောနောင် . . . မဲပေါင်းထောင့်နှစ်ရာ၊ ယှဉ်ပြိုင်ဘက်ကို ငါးရာနဲ့ အနိုင်ရပါတယ်။ ဒုတိယ ဥက္ကဋ္ဌနေရာအတွက်ကတော့. . ."

ကြေညာသံသည် ဒိုးပတ်သံ၊ အိုးစည်သံ၊ လင်းကွင်းသံ၊ မောင်းသံ၊ အော်သံ၊ ဟစ်သံ၊ ကြွေးကြော်သံများကြား၌ ပျောက်သွား၏။

မောင်စောနောင်သည် ကိုသက်ခိုင်ကို လက်ဆွဲနှုတ်ဆက်၏။

"ကျေးဇူးတင်ပါတယ်။ ပြီးတော့ ဆရာ့ကို ကျွန်တော် ကြည်ညိုပါတယ်။ သွားပြီ ဆရာ။ ဪ. . . မမြင့်ရေ ကျွန်တော် သွားပြီ"

မောင်စောနောင်သည် နေရာမှ ခွာ၏။ ခြေတစ်လှမ်း နှစ်လှမ်းသွားမိပြီးမှ လှည့်ဆို၏။

"ဪ. . . ဆရာရေ. . . ကျွန်တော်သင်တန်းလည်း မှန်မှန်တက်ပါတော့မယ်"

မောင်စောနောင်သည် ရာဇတ်ဟော(လ်)ဘက် ထွက်သွား၏။

မမြင့်ဝေကလည်း ကိုသက်ခိုင်ကို နှုတ်ဆက်သည်။

"ကျေးဇူးတင်ပါတယ် ဆရာ မမြင့်ဝေလည်း ပြန်လိုက်ပါဦးမယ်"

မမြင့်ဝေက ကားဆီသို့ လျှောက်သွား၏။ ကိုသက်ခိုင်က နောက်မှ လိုက်သွားသည်။

ကိုသက်ခိုင်က ကားတံခါးကို ဖွင့်ပေးမိသည်။

မမြင့်ဝေက ကားပေါ်တက်လိုက်ပြီး စတီယာရင်ကို ကိုင်လိုက်လျက် နှုတ်ဆက်၏။

"အံ့ဩဖွယ်ကောင်းတဲ့ ညပါပဲ ဆရာ။ ဆရာ့ကို မမြင့်ဝေလည်း ကျေးဇူးတင်ပါတယ်"

မမြင့်ဝေ၏ မျက်တောင်ကော့များမှ ခုန်ဆင်းလာသော မျက်ရည်ပေါက်များကိုမူ ကိုသက်ခိုင် မြင်လိုက်လေရ၏။

**အခန်း - ၃၃**

**သူနှင့်ကိုယ်တူ**

မောင်စောနောင်သည် သမဂ္ဂရွေးကောက်ပွဲအပြီး၌ သင်တန်းမှန်မှန်တက်ပါမည်ဟု ကိုသက်ခိုင်ကို ကတိပေးသွားသည်။

သို့ရာတွင် သမဂ္ဂဥက္ကဋ္ဌကြီး မောင်စောနောင်ကို သင်တန်း၌ ကထိကကိုသက်ခိုင်သည် လုံးဝမတွေ့ရ။ သူ့တော်လှန်ရေးကို သူလုပ်နေသည် ထင်ရ၏။

တစ်ခါတစ်ရံတွင် လမ်း၌ သူ့ကို တွေ့ရသည်။ သူ့ဆံပင်တို့က ရှည်နေ၏။ သူ့မျက်တွင်းက ဟောက်နေ၏။ သူ့အသွင်သည် ပိန်ချုံးနေ၏။

သီတင်းကျွတ်အနီးတွင်း မန္တလေးတက္ကသိုလ်၏ ကျောင်းသား နိုင်ငံရေးသည် ပေါက်ကွဲတော့၏။

မန္တလေးတက္ကသိုလ်ပညာရေးအဖွဲ့က စာမေးပွဲ စနစ်သစ်တစ်ခုကို ပြဋ္ဌာန်းချမှတ်လိုက်၏။

တစ်နှစ်တွင် စာမေးပွဲ နှစ်ကြိမ် စစ်မည်။ အောက်တိုဘာလ၌ တစ်ကြိမ်၊ မတ်လ၌ တစ်ကြိမ်ဖြစ်၏။

ကိုသက်ခိုင်ကမူ ဤစနစ်၌ ကန့်ကွက်ဖွယ်မမြင်။ သူတို့ခေတ်က နှစ်နှစ်မှ စာမေးပွဲ တစ်ကြိမ်စစ်သည်။ ကျောင်းသားတိုင်းလည်း ပင်ပန်းကြ၏။ အကျအရှုံးလည်းများကြ၏။ ကျောင်းသားတစ်ဦး၏ အရည်အချင်းကို နှစ်နှစ်ကျော်မှ နာရီပိုင်းအတွင်း စာမေးပွဲ မေးခွန်းနှင့် ဆုံးဖြတ်လိုက်သည်ကို မကြိုက်။ ယုံလည်း မယုံကြည်။ စာမေးပွဲဟူသည်ကား မရှိလျှင်လည်း မဖြစ်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာနခွဲ (HPGE)၊ နေပြည်တော်ရှိ သုံးကုန်ပစ္စည်းဟောင်းများဖြစ်သည့် တာယာ၊ ဘက်ထရီ၊ ပေပါခွံနှင့် စက်အရန်ပစ္စည်း(အဟောင်း)များအား အောက်ပါစုရပ်အလိုက် မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) တာယာမျိုးစုံ(အဟောင်း) (၉၃၉)လုံး (Lot-1) တီကျစ်စက်ရုံ၊ ပေါင်းလောင်းပင်မစတို
(ခ) ဘက်ထရီမျိုးစုံ(အဟောင်း) (၈၄၃)လုံး (Lot-2) တီကျစ်စက်ရုံ၊ ပေါင်းလောင်းပင်မစတို
(ဂ) ပေပါခွံ(အဟောင်း) (၃၅၃)လုံး (Lot-3) တီကျစ်စက်ရုံ၊ ရဲရွာစက်ရုံ၊ ပေါင်းလောင်းပင်မစတို
(ဃ) စက်အရန်ပစ္စည်းများ(အဟောင်း)(၅)မျိုး (Lot-4) တီကျစ်စက်ရုံ

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - ၂၄-၁၁-၂၀၁၅ ရက်(အင်္ဂါနေ့) ၁၄:၀၀ နာရီ
၃။ တင်ဒါပုံစံများကို သတင်းစာ၌ ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါဌာန၊ ဖုန်းသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံထုခွဲရောင်းချရေးကော်မတီအဖွဲ့**
**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၉-၄၉၂၀၉၇၀၃**



လေလံတင်ရောင်းချရန်ကြော်ငြာစာ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ သန်လျင်မြို့နယ်ရှိ ပုံစံ(၈)ဝင် စက်တပ်လှေတစ်စီး၊ တရုတ်နီအင်ဂျင် (၃)လုံးနှင့် ဆက်စပ်ပစ္စည်းများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

လေလံတင်ရောင်းချခြင်းအား အင်းစိန်မြို့နယ်၊ ကြို့ကုန်းသစ်တောဝင်း၌ ၂-၁၁-၂၀၁၅ရက် ၁၁:၀၀ နာရီတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လေလံဆွဲဝယ်ယူခွင့် လျှောက်လွှာများကို ၃၀-၁၀-၂၀၁၅ ရက် နောက်ဆုံးထား၍ သန်လျင်မြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိရုံးတွင် လျှောက်လွှာတင်သွင်းရမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**
**ရန်ကုန်အနောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာန**



alpha? ခရီးသွားဝန်ဆောင်မှု

* ကျိုက်ထီးရိုး၊ ဇင်းကျိုက် (ရေတံခွန်)
* ပြည်ဘုရားစုံ၊ အကောက်တောင်
* ကရင်ပြည်နယ်၊ ဂူဘုရားများ
* ကရင်ပြည်နယ်၊ ကျုံထော်ရေတံခွန်
* မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ
* တောင်ငူ၊ မြတ်စောညီနောင်ဘုရား၊ သံတောင်
* ကျိုက်ပိ၊ သထုံရွှေစာရံ၊ ဇင်းကျိုက်ရေတံခွန်
* မန္တလေးမဟာမြတ်မုနိ၊ ရေပြာအိုင်၊ ကျောက်စိမ်းဘုရား

နေ့ချင်းပြန် အပတ်စဉ်
(စနေ၊ တနင်္ဂနွေ) ၃၅၀၀၀/ ကျပ်၊
ရုံးသမားများ၊ အသင်းအဖွဲ့များ
အတွက်လည်း အထူးစီစဉ်ပေးပါမည်။

ခရီးစဉ်များအလိုက်
ကားမျိုးစုံငှားပေးပါသည်။

ဖုန်း - ၀၉ ၄၂၀၁၁၀၀၂၂၊ ၀၉ ၄၂၀၂၅၆၂၇၉၊ ၀၉ ၄၂၀၁၂၈၃၁၉၊
၀၉ ၅၁၄၄၇၅၆၊ ၀၉ ၅၁၁၂၈၉၂။
လက်မှတ်များကို Door to Door ပို့ဆောင်ပေးပါမည်။



အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V CITY OF MUMBAI V.24 သင်္ဘောသည် ၂၄-၁၀-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၄၊ မြေကွက်အမှတ်-၄၄၆+၄၄၇၊ ဧရိယာ(၀. ၁၁၀)ဧက အကျယ်အဝန်းရှိ ဦးမင်းနိုင်အမည်ပေါက် ပါမစ်မြေအမျိုးအစား(၂)ကွက်တွဲ၊ စက်မှုလုပ်ငန်းသုံးမြေကွက်များဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၄)ရပ်ကွက်၊ စက်မှုဇုန်အမှတ်-၄၄၆+၄၄၇ (၂)ကွက်တွဲ မြေကွက်များအပါအဝင် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့် ရှိပါသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးမင်းနိုင်[၅/စကန(နိုင်)၁၅၁၇၀၄] ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်များ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်များအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်သူရ(မြောင်းမြ)ဦးဇေယျာထွန်း(စဉ်-၂၅၇၈၅)
**LL.B, A.G.T.I(EP), D.B.L,D.M.L** **LL.B,WIPO (SWITZERLAND)**
**WIPO(SWITZERLAND)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)
ဘဏ်ရှေ့နေနှင့် ဥပဒေအကြံပေး
ဒေါ်ချယ်ရီလှိုင် ဦးစိုးလွင်ဦး(စဉ်-၃၇၉၈၁)
**LL.B,WIPO (SWITZERLAND)** **LL.B,WIPO(SWITZERLAND)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁) အထက်တန်းရှေ့နေများ
**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**



ကိုကျော်စိုး
ရန်ကုန်မြို့တွင်း မြေကြီး အပိုရှိသည်။
စက်ရုံနှင့် မြေကွက် မြေကြီးလိုအပ်သူများ
ဆက်သွယ်ပါရန်။
ဖုန်း-၀၉-၂၀၁၀၀၀၁၆၊ ၀၉-၅၆၅၀၃၀၇၊
၀၉-၃၀၁၆၈၈၈၈



ရေကြောင်းအင်ဂျင်နီယာအရာရှိဖြစ်လိုသူများအတွက်
UNIQUE MARINE TRAINING CENTER
Workshop Skills Training သင်တန်းသားများခေါ်ယူခြင်း
WorkShop Skills Training သင်တန်းအား
၂၀၁၅-ခုနှစ် ၊ ဒီဇင်ဘာလ တွင် ဖွင့်လှစ်မည်ဖြစ်ပါ၍
တက်ရောက်လိုသူများ အမြန်ဆုံးလာရောက်
စာရင်းပေးသွင်း အပ်နှံနိုင်ပါသည်။
သခင်မြပန်းခြံအနီး၊ ရွာသစ်ချောင်းလမ်း(ကမ်းနား)၊ ဆိပ်ကမ်းမြို့နယ်
(Taxi) လုပ်ငန်းလိုင်စင်ရုံး ဘေးလမ်းမှဝင်ရန်
ဖုန်း - ၀၉၄၉၂၄၇၉၇၉ ၊ ၀၉၄၉၆၅၀၇၇၇



# ကမ်းနီးငါးလုပ်ငန်းရှင်များ ပရဟိတအဖွဲ့ ကျောင်းဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်

**ကော့သောင်း အောက်တိုဘာ ၂၂**

ကော့သောင်းခရိုင် ကမ်းနီးငါးလုပ်ငန်းရှင်များ ပရဟိတအဖွဲ့မှ အောက်တိုဘာ ၂၀ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့ အကွက်ဝါ (၂)အထက်တန်းကျောင်း (ခွဲ)၏ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများအား စေတနာ့ဝန်ထမ်းလုပ်အားပေး ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုတွင် ယင်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများ သန့်ရှင်းသည့်ပတ်ဝန်းကျင်အဖြစ် ရောဂါဘယကင်းဝေးစွာပညာသင်ကြားနိုင်ရေး၊ ခြင်အန္တရာယ်နှင့် အခြားကူးစက်ရောဂါများ ပျံ့နှံ့ဖြစ်ပွားမှု မဖြစ်ပေါ်စေရေး ရည်ရွယ်ကာ ကျောင်းပတ်ဝန်းကျင်အနီး အမှိုက်သရိုက်များရှင်းလင်းပေးခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ပေးခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းစသည့် သန့်ရှင်းရေးလုပ်ငန်းများ မိမိတို့၏ ကိုယ်ပိုင်အလုပ်နားချိန်အတွင်း စုပေါင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းသိရသည်။

**ကျော်စိုး (ကော့သောင်း ပြန်/ဆက်)**

# ဒေသခံလူငယ်များကိုလုပ်ငန်းခွင် သင်တန်းလက်တွေ့သင်ကြား

**မိတ္ထီလာ အောက်တိုဘာ ၂၂**

လက်သမား၊ ပန်းရန် အသက်မွေးဝမ်း ကျောင်းအတတ်ပညာသင်တန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဖွင့်လှစ်ပေးလျက်ရှိရာ ဒုတိယအကြိမ်မြောက်ကို ရေဝေကျေးရွာအုပ်စု ညောင်ဇောက်ကျေးရွာတွင် ဒေသခံလူငယ်များအား အောက်တိုဘာ ၁၃ ရက် မှစ၍ လုပ်ငန်းခွင်အတွင်းအသုံးပြုနိုင်ရန် လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်၌ ကျေးလက်ဒေသများ ပုံမှန်ဝင်ငွေရရှိစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝမြှင့်တင်ရန်ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါသင်တန်းသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသင်းမင်းလတ်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များက သွားရောက်၍ သင်တန်းဖွင့်လှစ်သင်ကြားမှုအခြေအနေများကို ကြည့်ရှုခဲ့သည်။

ဦးစီးအရာရှိ ဦးသင်းမင်းလတ်က သင်တန်းသားများအား တွေ့ဆုံ၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်မှုပညာဖြစ်သည့် အခြေခံလက်သမား၊ ပန်းရန်သင်တန်းများ ဖွင့်လှစ်ပေးခြင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်ဖြစ်သော သားငါးကဏ္ဍစဉ်ဆက်မပြတ်ဖွံ့ဖြိုးလာစေရေး၊ ကျေးလက်ဒေသများဖွံ့ဖြိုးလာစေရေး၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးမြင့်မားလာစေရေး၊ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်များ ကျဉ်းမြောင်းလာစေရန်နှင့် ကျေးလက်ဒေသ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များဖြင့် ကျေးလက်ဒေသများမှ လူငယ်များ ပုံမှန်ဝင်ငွေရရှိစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝ မြှင့်တင်ရန်ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ၔင်းအသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်မှုပညာဖြစ်သည့် အခြေခံလက်သမား၊ ပန်းရန်သင်တန်းကို အောက်တိုဘာ ၁၃ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ရေဝေအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံသင်တန်းသား ၃၀ တက်ရောက်ကြသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ပုသိမ်ခရိုင်တွင် ချောင်းကူးတံတား ဆောက်လုပ်ရန်မြေသန့်ပန္နက်တင်

**ကျောင်းကုန်း အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ထောက်ရှာကျေးရွာနှင့် ချောင်ကြီးကျေးရွာ ချောင်းကူးတံတား ဆောက်လုပ်ရန် မြေသန့်ပန္နက်တင် မင်္ဂလာအခမ်းအနားကို ချောင်ကြီးကျေးရွာရှိအဘယာရာမကျောင်းတိုက်တွင် အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီ က ကျင်းပရာ ဆရာတော်များက မြေသန့်ပရိတ်ရွတ်ဆိုကြပြီး ပန္နက်တင်မင်္ဂလာ ကျင်းပခဲ့သည်။

ထိုချောင်းကူးတံတား တည်ဆောက်ပြီးစီး သွားလျှင် အကျိုးပြုကျေးရွာအုပ်စုရှစ်အုပ်စု၊ ကျေးရွာခွဲ ၄၀ မှ လူဦးရေ ၁၂၂၈၆ ဦး အဆင်ပြေချောမွေ့မည်ဖြစ်သည်။

စာသင်ကျောင်းများအနေဖြင့် အကျိုးပြုစာသင်ကျောင်း ၁၀ ကျောင်း၊ ကျောင်းသား ၁၀၄၃ ဦးနှင့် အကျိုးပြုကျန်းမာရေးဌာနငါးခု၊ကျေးရွာ ၅၂ ရွာမှ ဒေသခံပြည်သူများ အကျိုးရှိမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ချောင်းကိုဖြတ်ကူးရသည့် လှေကူးခများ သက်သာမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# စဉ့်ကိုင်မြို့နယ်တွင် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**စဉ့်ကိုင် အောက်တိုဘာ ၂၂**

စဉ့်ကိုင်မြို့နယ်တွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လုံးခြုံရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၁ ရက် နံနက် ၁၀ နာရီက စဉ့်ကိုင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှမြင့်က မြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၃ အုပ်စုတွင် လုံခြုံရေးဇုန်ခြောက်ဇုန်ခွဲခြားသတ်မှတ်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ အထူးရဲများကို နယ်မြေအလိုက် တာဝန်ပေးအပ်ထားမှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မောင်က ရွေးကောက်ပွဲဆိုင်ရာ မဲရုံများလုံခြုံရေးနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်း ဆွေးနွေးရာ တက်ရောက်လာသော ရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့သည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# အမျိုးသမီး(ပါဝါ)အေရိုးဗစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ မြင်းမူမြို့နယ်၌ကျင်းပ

**မြင်းမူ အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် အားကစားနှင့်ကာယပညာကော်မတီက ကြီးမှူးကျင်းပသော အမျိုးသမီး(ပါဝါ) အေရိုးဗစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၀ ရက်က မြင်းမူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဗိုလ်လုပွဲအဖြစ် အထက(၁)အသင်းနှင့် အထက(၂)အသင်းတို့ယှဉ်ပြိုင်ကြရာ အထက(၁) အသင်းက အနိုင်ရရှိခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်အုံးကြင်က ပထမဆုရ အ-ထ-က(၁) အသင်းအားလည်းကောင်း၊ မြောက်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောလွင်က ဒုတိယဆုရ အထက(၂) အသင်းအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ အမျိုးသမီး(ပါဝါ)အေရိုးဗစ်ပြိုင်ပွဲသို့ မြင်းမူမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ အလယ်တန်းအဆင့် (ပါဝါ) အေရိုးဗစ်အသင်းငါးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အောင်စိုးဖေ**

POSSIBLE Travels & Tours
အဆင့်မြင့် Scania ကား၊ 3Star Hotel များဖြင့်သာ စီစဉ်ပေးပါသည်။

| | |
|---|---|
| ပုဂံ - ပုပ္ပါး | Oct - 24,27 |
| ကယားပြည်နယ် - လွိုင်ကော် | Oct - 24,27 |
| တောင်ကြီး - အင်းလေး(ဖောင်တော်ဦးပွဲတော်) | Oct - 24,27 |
| မန္တလေး - ကျောက်စိမ်းဘုရား - ဒီးဒုတ်ချောင်းဆိုင် | Oct - 10,17,24,27,31 |
| မော်လမြိုင် - ကျိုက္ခမီ - ဇင်းကျိုက် | Oct - 10,17,24,27,31 |
| ကရင်ပြည်နယ် - ဘားအံဂူဘုရားများ | Oct - 10,17,24,27,31 |
| တောင်ငူ - သံတောင်ကြီး - ဖိုးကျားဆင်စခန်း | Oct - 10,17,24,27,31 |

Contact Ph : 01-706716, 01-9010327, 09-259257822-23,09250790919

UNIQUE TRAVELS & TOURS CO.,LTD.
UNIQUE STAR TRAVELS & TOURS
ဘန်ကောက်၊ပတ္တရား (6)D[ Dream/Safari World, Emerald Buddha, Baiyoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya]
Oct: 27, 31 / Nov: 7, 14, 21, 28 / Dec: 5, 12, 19, 16 ($300)
ဘန်ကောက်၊ဖူးခက် (6)D Oct: 27, 31 / Nov: 14, 28 ($500)
ဖူးခက် (4)D Oct: 27, 31 / Nov: 14, 28 ($300)
ချင်းမိုင် (4)D Oct: 27, 31 / Nov: 14, 28 ($300)
ကူမင်း၊သလီ၊လိကျန်း၊ရှန်ဂရီလာ (6)D Oct: 27 / Nov: 14, 28 ($500)
Bangkok-Pattaya-Cambodia
Oct: 27, 31 / Nov: 14, 28 ($ 500)
Bangkok-Pattaya-Ayuttaya
(6 Days/ 5 Nights) Airticket Included
Dec : 24, 25, 29, 30 ($ 550)
70/A,Kabaaye PagodaRd, 860 4964-65-66, 708 353, 705 723, 097310 9133, 7310 9144, 73109 155, 73109 166.
No(126),42th Street, 83rd x 84th Street,Mandalay.099-7200 3797, 09-514 8079, 09- 540 1568, 09-540 1569

ကျစ်လျစ်ခေတ်မီထိရောက်တဲ့ Marketing စာအုပ်ကောင်းတစ်အုပ်
ဈေးကွက်မန်နေဂျာလက်စွဲ
Handbook for Marketing Manager
Dr. Jae K.Shim, Ph.D
(University of California)
ဝင်းသိန်းဦး
(မြန်မာပြန်ဆိုသည်)
စာအုပ်ဆိုင်တိုင်းမှာ ရရှိနိုင်ပါပြီ။ တန်ဖိုး ၁၅၀၀-ကျပ်
Tel: (01) 224431, (09) 420099851, (09) 73051718

ခရုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-6809893
09-6819020

Think in English
ကလေးတန်း၊ လူကြီးတန်း နှင့် တက္ကသိုလ်ကျောင်းသားများ၊
IELTS ဖြေဆိုမည့်သူများကျောင်းအပ်နိုင်ပါပြီ။
နံနက်ပိုင်း၊ညနေပိုင်း၊စုံးချိန်ကျောင်းချိန်လွှတ်တန်းများရှိသည်။
Tel: 09425026102 No.3 U Wizaya Zar Street Pazundaung Yangon info@thinkinenglish.co

# အမွေပြတ်စွန့်လွှတ်ကြောင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ရဲနိုင်ထွန်း [၁၀/ကထန(နိုင်)၀၉၈၄၅၅]သည် မိဘ၏ဆုံးမစကားကို နားမထောင်ဘဲ ၎င်း၏ သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။

ဖခင်-ဦးစိန်ညွန့်
မိခင်-ဒေါ်ကြည်ငွေး
ဆိပ်ကမ်းသာရပ်ကွက်၊ သိမ်ဇရပ်



# ရန်ကုန်မြို့အလုံအိတ်ချိန်းနယ်မြေအတွင်းအော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့်ပြောင်းလဲမည်ဖြစ်ပါကြောင်း အများပြည်သူသို့ အသိပေးအကြောင်းကြားခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန်ရည်ရွယ်လျက် IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား အလုံ (SoftSwitch) အိတ်ချိန်း၏ MSAN (Multi Service Access Node) များနှင့် ပြောင်းလဲအစားထိုးတပ်ဆင်မည်ဖြစ်ပါ၍ NEAX-61 Container အိတ်ချိန်း၏ (၂၁၄×××, ၂၁၅×××, ၂၁၆×××, ၂၁၇×××)စသော နံပါတ်များအား အလုံ ZXSS10SS1B SoftSwitch အိတ်ချိန်း၏ (၂၃၁-၄×××, ၂၃၁-၅×××, ၂၃၁-၆×××, ၂၃၁-၇×××)စသော တယ်လီဖုန်းနံပါတ်များဖြင့် (၁၄-၁၁-၂၀၁၅) ရက်နေ့တွင် အစားထိုးပြောင်းလဲမည်ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်းနံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးကြေညာအပ်ပါသည်။

အဆိုပါ အလုံအိတ်ချိန်းနယ်မြေတွင် လက်ရှိ ADSL သုံးစွဲသူများအနက် Static IP သုံးစွဲသူများအနေနှင့် Static IP Range (172.x.x.x) Network သို့ ပြောင်းလဲမည်ဖြစ်ပါ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာဌာန၊ ADSL ဌာနစိတ်၊ တယ်လီဖုန်းအမှတ် (၀၁-၆၅၀၈၇၀၊ ၀၁-၆၆၂၇၀၇) တို့သို့ ဆက်သွယ်၍ ကြိုတင်ပြင်ဆင်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

# ရန်ကုန်မြို့ဟံသာဝတီ S-12 အိတ်ချိန်း၊ ကြည့်မြင်တိုင် RSU နယ်မြေအတွင်း အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲမည်ဖြစ်ပါကြောင်း အများပြည်သူသို့ အသိပေးအကြောင်းကြားခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန်ရည်ရွယ်လျက် IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား မရမ်းကုန်း (SoftSwitch) အိတ်ချိန်း၏ MSAN (Multi Service Access Node) များနှင့် ပြောင်းလဲအစားထိုးတပ်ဆင်မည်ဖြစ်ပါ၍ ဟံသာဝတီ S-12 အိတ်ချိန်း၏ ကြည့်မြင်တိုင် RSU မှ (၅၀××××, ၅၁××××, ၅၂××××, ၅၃××××)စသော တယ်လီဖုန်းနံပါတ်များအား မရမ်းကုန်း Soft-X3000 (SoftSwitch) အိတ်ချိန်း၏ (၉၃၁-၇×××)နှင့် စသည့် တယ်လီဖုန်းနံပါတ်များဖြင့် (၂၀-၁၁-၂၀၁၅)ရက်နေ့တွင် အစားထိုးပြောင်းလဲမည်ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်းနံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

အဆိုပါ ဟံသာဝတီ(S-12) အိတ်ချိန်း၊ ကြည့်မြင်တိုင် RSU နယ်မြေတွင် လက်ရှိ ADSL သုံးစွဲသူများအနက် Static IP သုံးစွဲသူများအနေနှင့် Static IP Range (172.x.x.x) Network သို့ ပြောင်းလဲမည်ဖြစ်ပါ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာဌာန၊ ADSL ဌာနစိတ်၊ တယ်လီဖုန်းအမှတ် (၀၁-၆၅၀၈၇၀၊ ၀၁-၆၆၂၇၀၇) တို့သို့ ဆက်သွယ်၍ ကြိုတင်ပြင်ဆင်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

# THE LEAF Residence

Affordable **Luxury**

**ပထမဆုံး ဝယ်ယူသော အခန်း 60 အား**
**45 သိန်း မှ သိန်း 240 အထိ**
**ဈေးနှုန်းလျှော့၍ ရောင်းချပေးပါမည်။**

1Sq Ft **125 USD** နှင့်ညီမျှသော
ကျပ်ငွေ မှစတင်၍ ... ... ...
(၁ နှစ် / ၃ နှစ် / ၅ နှစ် ငွေပေးချေမှုပုံစံ)

အရောင်းပွဲတော် ကျင်းပမည့် နေ့ရက်နှင့် နေရာ

| | |
|---|---|
| October 23,24,25 | Junction Square |
| October 28 | Hledan Centre |
| Oct 31, Nov 1 | Parami Sein Gay Har |

**လှိုင်မြို့နယ်ရှိ ၂.၇ ဧကကျယ်ဝန်းသော နှစ် (၆၀) ဂရန်မြေပေါ်တွင် ၁၂ ထပ်ခွဲအမြင့်ရှိ တာဝါ (၄) ခုဖြင့် တည်ဆောက်သည်။**

Architect & Interior Designer
dwp Thailand
dwp | architecture + interior design

Local Architect
SPINE ARCHITECTS
SPINE architects

Civil & Structure Designer and Consultant
A&A
A&A Consultants

Mechanical & Electrical Designer and Consultant
PESKO MYANMAR
PESKO MYANMAR

Project Manager
Singapore Surbana
Surbana International Consultants Pte Ltd. (Myanmar)

Contractor
IME Construction Co., Ltd.

Sales Gallery
No.457/A, Pyay Road, 8th Quarter, Kamayut Tsp, Yangon, Myanmar. (Next to Novotel Hotel)

**Hot Line :**
**09 977700033, 09 977700066**

# (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာနှစ်ပတ်လည်ဆုတောင်းလွှာ

၂၃-၁၀-၂၀၁၅ရက်တွင် ကျရောက်သည့် **ဦးသီဟ**နှင့် **ဒေါ်ရွှေရွှေလင်း**တို့၏ (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင် တူယှဉ်မကွဲ ရွှေလက်တွဲပြီး မိသားစုနှင့်အတူ သာယာချမ်းမြေ့သော ဘဝလမ်းကိုဖြတ်သန်းနိုင်ပြီး လူမျိုး၊ ဘာသာ၊ သာသနာအကျိုး သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းခြွေလျက်--

**TTC (76-77)မှ ချစ်သောငယ်သူငယ်ချင်းများ**




| | |
|---|---|
| ဖခင် အမည်မှန် | မြစ်ကြီးနားမြို့၊ အထက(၁)၊ ဒသမတန်း($S_1$)မှ မဆိုင်းနူးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဇေလွမ်း(၁/မကန(နိုင်)၁၀၈၃၄၄)ဖြစ်ပါသည်။ |

| | |
|---|---|
| အမည် ပြောင်း | မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အိမ်အမှတ်(၅၄၁)နေ (ဘ) ဦးမိုးကျော်အောင်၏သမီး မဆိုင်းနူးအောင်အား မဆုဝတီမိုးဟု ပြောင်းလဲခေါ်ပါရန်။ |

| | |
|---|---|
| မွေးသက္ကရာဇ် အမှန် | မြစ်ကြီးနားမြို့၊ အလက(၁)၊ ဒသမတန်း($A_1$)မှ (ဘ) ဦးစိန်ထွန်းရွှေ၏သား မောင်သက်ဇော်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁၂-၁၉၉၉ဖြစ်ပါသည်။ |



## သီတင်းကျွတ်အကြို အထူးဈေးရောင်းပွဲ

20 % to 80%

Fashion Euphoria၏ အစဉ်အလာနှင့်အညီ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါကျွတ်ကာလ အကြိုဈေးရောင်းပွဲကို ကျင်းပပြုလုပ်မည် ဖြစ်ပါကြောင်းနှင့် ဝယ်ယူအားပေးကြသော မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်များအနေနှင့် စိတ်ကျေနပ်နှစ်သက်ဖွယ် အထူးဈေးနှုန်းများဖြင့် စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

နေ့ရက် - (၂၄-၁၀-၂၀၁၅)ရက်နေ့ မှ (၂၆-၁၀-၂၀၁၅) ရက်နေ့အထိ
အချိန် - နံနက် ၉: ၀၀နာရီ မှ ညနေ ၆: ၀၀နာရီအထိ
နေရာ - အမှတ်(၅၀၂)၊သုတလမ်းထိပ်(၄)ရပ်ကွက်၊
ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်
ဆက်သွယ်ရန်ဖုန်း: ၀၉-၅၁၀၅၄၇၁၊ ၀၉-၃၃၄၇၉၀၄၂၊ ၀၁-၅၇၀၀၂၁

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | | | |
|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၅၅၅၆၀ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၀ | မင်္ဂလာ(၂) ဓနုစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | ရွှေဆောင် ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၃၄ ၀၁-၃၇၁၀၃၈၇ | မန္တလေး ဝင်းလိုက် ၀၂-၃၉၁၂၅ ၀၂-၆၀၂၁ |
| မင်္ဂလာစံပြ ၀၉၂၆၀၀၀၇၀၁၅ ၀၉၂၆၀၀၀၇၀၃၆ ၀၁ ၂၃၀၃၁၆၅ | Top Royal (စိန်ဂေဟာ-ဗိုလ်ချုပ်) ၀၉၄၂၀၁၆၂၃၀ ၀၉၄၂၀၁၆၂၃၂ | နေပြည်တော် ၀၁-၂၅၁၂၇၇ ၀၁-၂၅၁၂၈၈ | မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉၂၆၁၃၉၀၁၁၁၅ ၀၉၂၆၁၃၉၀၁၁၆ | မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၀၇၅ ၀၉၇၉၁၁၀၇၅၂ | မြို့မ ၀၂-၃၉၁၄၆ ၀၂-၃၉၁၇၇ / မင်္ဂလာဒိုင်းမွန်း ၀၉၄၀၂၆၅၆၃ ၀၉၄၀၂၆၅၆၄ |

မဟာဆန်တဲ့ မယားမျက်နှာဖုံး
ရန်ကုန် - သမ္မတ ၊ သွင် ၊ မင်္ဂလာ(သိမ်ကြီးဈေး)၊ မင်္ဂလာစံပြ
TOP ROYAL(ဗိုလ်ချုပ်-စိန်ဂေဟာ)
မန္တလေး - ဝင်းလိုက် ၊ မြို့မ
ပြည် - မင်္ဂလာထွန်းသီရိ

THE LAST WITCH HUNTER
ရန်ကုန်-နေပြည်တော်(၁)
မင်္ဂလာစံပြ
မန္တလေး
မင်္ဂလာဒိုင်းမွန်း

PARANARMAL ACTIVITY THE GHOST DIMENSION (3D)
ရန်ကုန် - ရွှေဆောင်(၁)
မင်္ဂလာ(၂)ဓနုစင်တာ(၂)
မင်္ဂလာစံပြ
မန္တလေး
မင်္ဂလာဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ

မင်္ဂလာလှည်း
မင်္ဂလာဝဇီရာ(လှိုင်သာယာ)

THE MARTIAN(3D)
ရန်ကုန် - နေပြည်တော်(၃)
မန္တလေး - မင်္ဂလာဒိုင်းမွန်း


SICARIO
ရန်ကုန် - နေပြည်တော်(၂)

MAZE RUNNER THE SCORCH TRAILS (3D)
ရန်ကုန် - ရွှေဆောင်(၂)
မန္တလေး - မြို့မ (နံနက် ၁၀:၀၀ နာရီ)

၂၃ . ၁၀ . ၂၀၁၅ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ
ပွဲချိန်သတ်မှတ် - ၁၀:၀၀နာရီ၊ ၁၂:၃၀ နာရီ၊ ၃:၃၀ နာရီ၊ ၆:၃၀ နာရီ၊ ၉:၃၀ နာရီ
















CROWN EDUCATION
Yangon . Myanmar

နိုင်ငံတကာကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ကောလိပ်ပေါင်း(၁၀၀)ကျော်ပါဝင်သော

# CROWN GLOBAL EDUCATION EXPO 2015

ယူကေ၊ အမေရိကန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ နယ်သာလန်၊ ဆွစ်ဇာလန်၊
စင်ကာပူ၊ ထိုင်း၊ မလေးရှားနိုင်ငံများမှ တက္ကသိုလ်များပါဝင်ပါမည်။



- ယူကေ-အမေရိကန်-ဩစတြေးလျ-နယူးဇီလန်-စင်ကာပူ-ထိုင်း-ဆွစ်ဇာလန်တို့မှ တက္ကသိုလ်ပေါင်း(၁၀၀)ကျော်ပါဝင်ပြသပါမည်။
- စာသင်(၆)လ၊ အလုပ်သင်(၆)လ တက်ရောက်နိုင်သော ဟိုတယ်ခရီးဆိုင်ရာကျောင်းများ
- GCE A Level/SAT/GMAT/GRE ရမှတ်များ တင်ပြရန်မလိုဘဲ လျှောက်ထားနိုင်သော တက္ကသိုလ်များ
- M.B.B.S ဘွဲ့ရများအတွက် ဘွဲ့လွန်ဆေးပညာဘာသာရပ်များ
- ပြည်တွင်း M.B.B.S ဘွဲ့အမှတ် မမီသူများအတွက် နိုင်ငံတကာ M.B.B.S တိုက်ရိုက်သင်ယူနိုင်မည့်ကျောင်းများ
- Civil Engineering / Architecture သင်ယူနိုင်သောကျောင်းများ
- ဘွဲ့တစ်ခုခုရရှိထားသူများအတွက် အထူးပြုဘာသာရပ်များ စိတ်ကြိုက်ရွေးချယ်နိုင်ပြီး ပညာသင်ထောက်ပံ့ကြေး လျှောက်ထားနိုင်မည့် MBA
- ဆယ်တန်းအောင်နှင့် IGCSE အောင် ကျောင်းသားကျောင်းသူများအတွက် နှစ်သက်ရာဘာသာရပ်အစုံအလင် ရွေးချယ်နိုင်သည့် Diploma နှင့် Foundation Program များ
- ဗြိတိသျှကောင်စီမှ လာရောက်ရှင်းလင်းပြောကြားမည့် IELTS အပြောင်းအလဲများ

**YANGON**
Date : 24 Oct 2015
Time : 10:00 am - 2:00 pm
Venue : SUMMIT PARKVIEW HOTEL (BALLROOM)

**MANDALAY**
Date : 25 Oct 2015
Time : 2:00 pm - 5:00 pm
Venue : HOTEL MANDALAY (BALLROOM)

Call us :
01 527 838
09 732 732 77
09 730 40 688

- အမေရိကန်ဒေါ်လာသိန်းကျော်တန်ဖိုးရှိပညာသင်ဆုများ
- နိုင်ငံတကာပညာရေးစာစောင်အထူးထုတ် FREE

MAB Myanma Apex Bank

LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်
TMR
စိတ်ဖိစီးမှုလျော့ပါးစေရန်၊ ဆီးကောင်းစေရန်၊
ခွန်အားသစ်ဖြစ်စေရန်၊ မှတ်ဉာဏ်ကောင်းစေရန်၊
အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။
SGS Certificate TH09/3125
ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd.
SGS UKAS Certificate TH06/3966.02

**Trumpet Travels**

| | | |
|---|---|---|
| ငွေဆောင် (၂ ည ၃ ရက်) | 23 Oct | 65000/- |
| ကျွဲထော်ရေတံခွန် | 7 Nov | 35000/- |
| ပြည်အကောက်တောင် (ဘုရားစုံ) | 14 Nov | 35000/- |
| ဇင်းကျိုက်ရေတံခွန် | 21 Nov | 35000/- |

ဝန်ဆောင်မှုများ ရေသန့်ဘူး၊ စန္ဒီးတာဝါ၊ VIP Air Con Car၊ ညလယ်စာ၊ မနက်စာ၊ နေ့လယ်စာ။

Ph : 01 536975, 01 532238, 09 43089536၊ ၈ ဦးလျှင် ၁ ဦးအခမဲ့

**ရွှေကြေးစည် မှ အင်းလေးပွဲ / ကျိုက္ခမီဆွမ်းမျှော်ပွဲ သို့**

- ▲ အင်းလေးပွဲ၊ တောင်ကြီး၊ မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ၊ ပင်းတယ — Oct 23, 28
- ▲ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ — Oct 23, 27, 30
- ▲ ပုဂံ၊ ညောင်ဦး၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်အနံ့ — Oct 23, 27, 30
- ▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်းဘုရား — Oct 23, 27, 30
- ▲ ကျိုက္ခမီဆွမ်းမျှော်ပွဲ၊ မော်လမြိုင်၊ စက်စဲ၊ နွားလပို့တောင်။ — (Oct 26) နှင့် (အပတ်စဉ်သောကြာ) ဆက်၍-ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရစ်
- ▲ (ကျိုက်ထီးရိုး-နေ့စဉ်)(အကောက်တောင်)(ဇလွန်)(သာမည၊မြဝတီ၊မဲဆောက်-အပတ်စဉ်သောကြာ)

ဖုန်းဆိုးတန်း ☎01-240860,01-372290 ဒေါ်ပုံ 09-49282825 ကမာကြည် 09421029191

**GOLDEN STAR** Travels & Tours

- ❖ မန္တလေး–ပြင်ဦးလွင်ခရီးစဉ် — Oct-23,27
- ❖ ပုဂံ(စွယ်တော်လေးဆူ)–ပုပ္ပါး–ပခုက္ကူ — Oct-23,27
- ❖ တောင်ကြီး–အင်းလေး(ဖောင်တော်ဦးဘုရားပွဲ) — Oct-23,27

ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံ စီစဉ်ပေးသည်။

Ph;01-703448, 209200, 544383, 09-5081580

**ချမ်းမိုင်းသစ္စာ** 562829,09-73198239 569782,09-450006779

- ပြည်၊ ထုံးဘို၊ အကောက်တောင် (သောကြာ/စနေ) ကားမျိုးစုံ စီလုံးငှား စီစဉ်ပေးသည်။
- ဘားအံ(ရွှေယဉ်မျှော်)၊ သမိုင်းဝင်ဂူဘုရားများ အပတ်စဉ်(သောကြာ/စနေ)
- ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ အဆင့်မြင့်ခရီးစဉ် (သောကြာ/စနေ)
- ကျိုက်ထီးရိုး (နေ့စဉ်) • ချောင်းသာ (နေ့/ည–နေ့စဉ်)

**Travel Palace** အဆင့်မြင့်ဘုရားဖူးနှင့်ခရီးသွားလုပ်ငန်း

| | | |
|---|---|---|
| တောင်ကြီး၊အင်းလေး(ဖောင်တော်ဦး) | 4N/5D | 130000/- |
| ပုဂံ(စွယ်တော်လေးဆူ)၊ညောင်ဦး၊ပုပ္ပါး | 2N/3D | 115000/- |

Oct 27th, 30th

Hotel တည်း၊ Restaurant ကျွေး

01 577795, 09 253981795, 09 979372875

ဝိသေသနွယ်မှ ဝန်ဆောင်မှုများဖြင့် အသင်းအဖွဲ့များအတွက် ခရီးစဉ်မျိုးစုံ စီစဉ်ပေးသည်။

**ချမ်းမိုးသဘင်** ကျိုက်ထီးရိုး(နေ့စဉ်) ချောင်းသာ(နေ့စဉ်)

ကျိုက်(၅)ကျိုက်(ကျိုက်ထီးရိုး၊ကျိုက်ထီးဆောင်း၊ကျိုက်မရော၊ကျိုက်သလွန်၊ကျိုက္ခမီဆွမ်းမျှော်) ... (၂)ညအိပ်(၃)ရက် ... အင်းလေး(ဖောင်တော်ဦး) ... Oct 23 27 30

Ph:09425334456,09252606649,09493239 65,0949578205

**အမည်ပြောင်း**

မြစ်ကြီးနားမြို့၊ ထ(ခွဲ)၊ အလက(၆)၊ ဒသမတန်း(A₁)မှ (ဘ)ဦးကေဘရန်ရှောင်၏သမီး မ-မဂွယ်ဆိုင်းကျီအား မကွမ်ထပ်မဂွယ်ဆိုင်းကျီဟု ပြောင်းလဲခေါ်ပါရန်။

**glamour** couture fashion boutique

ကမ္ဘာကျော် Designer Brand များမှအသုံးပြုသောပြင်သစ်နိုင်ငံထုတ် "*Sophie hallette*" မှဇာများ၊ ဆွစ်ဇာလန်ဇာများ၊ မြန်မာ့ရိုးရာ လွန်းရာကျော်ချိတ်၊ ထိုင်းပိုးမျိုးစုံနှင့် ဇင်းမယ်မျိုးစုံတို့အား နိုင်ငံခြားမှ Designer ၊ မြန်မာ Designer များ၏ဆန်းသစ်လှပသေသပ်သောလက်ရာများဖြင့် ချုပ်လုပ်ပေးမည်ဖြစ်ပါသောကြောင့် *Glamour* ဆိုင်သစ်ဖွင့်ပွဲသို့ လာရောက်ကြည့်ရှုဝယ်ယူအားပေးနိုင်ပါကြောင်းသတင်းကောင်းပါးဖိတ်ကြားအပ်ပါသည်။

***Promotion Date***

**24.10.2015 (စနေနေ့)**

**25.10.2015 (တနင်္ဂနွေနေ့)**

**26.10.2015 (တနင်္လာနေ့)**

အမှတ်(၁၅၂/A) အနောက်ရွှေဂုံတိုင်လမ်းမကြီး၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၁–၅၅၆၁၁၈၊ ၀၉ ၅၀၇၆၇၈၈၊ ၀၉ ၅၀၀၆၆၈၃၊ ၀၉ ၅၀၃၂၀၀၀

SAMSUNG **Galaxy J2** NEW

8 ဆိုပိုမိုလှပဖို့ J2 နဲ့ Selfie ရိုက်ကြစို့...




Super AMOLED — 4.7 Quad HD (540x960)

Dual SIM

LTE — Long -Term Evolution

MPT FREE DATA PACKAGE

MPT SIM CARD

အခမဲ့ + 777 MB DATA x 6 လ

(လစဉ် ၁,၀၀၀ ကျပ်ဖြည့်သွင်းရုံဖြင့်)

သတ်မှတ်ကာလ - ၁၉ အောက်တိုဘာ ၂၀၁၅ မှ - ၁၈ ဇန်နဝါရီ ၂၀၁၆

တစ်ရောင်း၊ စုခြမ်းလက်ဆောင်




လက်ဆောင်အရေအတွက်ကန့်သတ်ထားပါသည်။

www.facebook.com/samsungmobilemyanmar

အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။

Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)

SAMSUNG

ကြော်ငြာ

## POPULAR STAR
TRAVEL & SERVICES

**ဗုဒ္ဓဂယာ ခရီးစဉ်** → **စရန်၁သိန်း+Usd 750**

(၁၄ညအိပ်၊ ၁၅ရက် ခရီးစဉ်) ( 70,000 Ks Discount )

OCT 26 (ပြည့်), DEC (ပြည့်), JAN 18 (ပြည့်) , **FEB 12 , MAR 25**

ရန်ကုန်ရုံးချုပ် – အမှတ်(၇၄)၊ ၇ လွှာ၊ ... ရန်ကုန်မြို့။ Ph: 01 2301866, 09 5129134, 09 786516520

## ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်

သံဝေဇနီယ အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ၊ တပ်ချ်မဟာ နေရာများသို့ (၁၄ ည /၁၅ ရက်)ခရီးစဉ် နှင့် သံဝေဇနီယ ( ၄ )ဌာန ဗုဒ္ဓဌာနများ (၇ည/ ၈ရက်) ခရီးစဉ်။
အနည်းဆုံး(၆)လသက်တမ်းကျန်သောနိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများ ၃၀၀၀၀/– လျှော့ပေးပါသည်။
**(နယူးဒေလီတွင် ဟိုတယ် ၂- ည အိပ် တည်းခိုပြီး အန္တရာယ်ရှိသော ညဖက် ကားမောင်းခရီးသွားခြင်း လုံးဝမရှိပါ။)**

(၁၅)ရက်ခရီးစဉ်များ – အောက်တိုဘာ ၂၅ ( သီတင်းကျွတ်လပြည့် ဆီမီး ၁၀၀၀ ) နိုဝင်ဘာ ၁၅၊ ၂၂၊ ၂၉၊ ဒီဇင်ဘာ ၆၊ ၂၀၊ ဇန်နဝါရီ ၃၊ ၁၇၊ ဖေဖော်ဝါရီ ၇၊ ၁၄၊ ၂၁၊ ၂၈၊ မတ် ၆၊ ၁၃၊ ၂၀၊ ၂၇၊ ဧပြီ ၃၊ ၁၀။ (၈)ရက်ခရီးစဉ်များ – ဖေဖော်ဝါရီ ၇၊ မတ် ၂၃၊ ဧပြီ ၁၀

ဒါနဘုရားဖူးအဖွဲ့ – အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ မိတ်လှေဒ်အမှတ်(၂)၊ ယုဇနစီးပွားရေးဇာတ်၊ မြေဇော်လမ်း၊ စမ်းချောင်း။
ဖုန်း – 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ – အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း – 545215, 545216, 555173
မန္တလေးရုံးခွဲ–(I-6)ရတနာမန္တလေးအိမ်ရာ၊ လမ်း၆၀၊ ၃၁×၃၂ကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေး။ ဖုန်း– 09 402 64 8989, 09 5300305

## အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး ချောင်းသာ/ ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

## မိုးမြင့်ကြယ်
ကျိုက်ထီးရိုး (ငြိမ်း) 33000
ချောင်းသာHotel(ငြိမ်း) 35000 / 45000
ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်။
01-549380,09-5093704,09-450012971

## Happy Day Restaurant
**မှ အောက်ပါဝန်ထမ်းများ အလိုရှိသည်**
၁။ စားဖိုမှူး (၃)ဦး
တရုတ်ဟင်းနှင့် ယိုးဒယားဟင်း ကျွမ်းကျင်ရမည်။
၂။ စားဖိုမှူးအကူ (၂)ဦး
ခေါက်ဆွဲကိုင်ကျွမ်းကျင်ရမည်။
၃။ စားပွဲထိုး (၅)ဦး
ပညာအရည်အချင်း (၈)တန်း အနည်းဆုံး ညီနိုင်းလစာ နေစရိတ်၊ စားစရိတ်ငြိမ်း။
No(4)I,J ဝတ်ဘာလမ်း၊ ဗဟန်းမြို့နယ်
Ph:01-541557,09-2009772

## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်(ရန်ကုန်)ရှိ သတင်းစာ ပုံနှိပ်လုပ်ငန်းမှ ရရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏အသေးစိတ်အချက်အလက်များကို ၃-၁၁-၂၀၁၅ ရက်မှ ၉-၁၁-၂၀၁၅ရက်အထိ နေ့စဉ် (၉း၃၀) နာရီမှ (၁၆း၀၀) နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၀-၁၁-၂၀၁၅ရက် (၁၃း၀၀)နာရီမှ (၁၅း၀၀)နာရီအတွင်း ကြေးမုံသတင်းစာတိုက် အမှတ်-၇၇၊ ၅၂-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါ ဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင် အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ကြေးမုံသတင်းစာတိုက်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၈၆၁၀၆၈၅၊ ၀၁-၂၉၂၈၃၀၊ ၀၁-၂၉၁၄၅၄ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ကြေးမုံသတင်းစာတိုက်**
**အမှတ်-၇၇၊ ၅၂-လမ်း၊ ပုဇွန်တောင်မြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး။**

## AMERICAN VISION
EYE CARE CENTER

ပါဝါမျက်မှန်ဝယ်ယူသူတိုင်းအတွက်
အမေရိကန်ပွီးရှင်းမှ သီတင်းကျွတ် **Promotion** အထူးအစီအစဉ်

**THADINGYUT SPECIAL PROMOTION**
Until 9-Nov-2015

| First Pair | Second Pair | Third Pair |
|---|---|---|
| 10% OFF | 20% OFF | 30% OFF |

AMERICAN VISION
ဆိုင်ခွဲများအားလုံးမှာ လျှော့ပေးနေပြီမို့ အချိန်ပဲသွားလိုက်ကြစို့သူငယ်ချင်းတို့ ။

YANGON: (01) 242476, 241897, 241898, MANDALAY: (02) 35588, 32053, NAYPYITAW: (067) 432393

## မြန်မာပြည် စီးပွားရေး လမ်းညွှန် ၂၀၁၆ ခုနှစ်အတွက်

မြန်မာပြည်မှာဆို ဘာပဲလိုလို ?

အထက်ပိုင်း

ကြော်ငြာပိတ်ရက် နီးကပ်လာပါပြီ။

အောက်ပိုင်း

Myanmar Business DIRECTORY

Sales Direct Line | 01 - 373254, 245358 (Ext: 817), 01-250700
02 - 4000611

Hot Line No-0930500100



ငမိုးရိပ်(သုနန္ဒာ)တံတားသစ်တည်ဆောက်ရေးစီမံကိန်းပြီးစီးလျှင် ဤကဲ့သို့ဖြစ်ပေါ်လာမည်။

# ငွေကျပ် ခြောက်ဘီလီယံကုန်ကျမည့် (သုနန္ဒာ)တံတားသစ် တည်ဆောက်ရေးစီမံကိန်းစတင်

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ သုနန္ဒာလမ်းမပေါ်နှင့် မြောက်ဒဂုံမြို့နယ် ရာဇသင်္ကြန်လမ်းအား ဆက်သွယ်ပေးထားသော ငမိုးရိပ်ချောင်းအားဖြတ်သန်းတည်ဆောက်နေသည့် ငွေကျပ် ခြောက်ဘီလီယံကုန်ကျခံ တည်ဆောက်နေသော ငမိုးရိပ်(သုနန္ဒာ) တံတားသစ်တည်ဆောက်ရေးစီမံကိန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် Myanmar V-Pile ကုမ္ပဏီလီမိတက်မှ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ထိုင်းနိုင်ငံမှနည်းပညာဖြစ်သော Prestress Box Cross beam ကိုအသုံးပြုကာ မြန်မာနိုင်ငံတွင် ပထမဆုံးစတင်တည်ဆောက်သွားမည်ဖြစ်သည့် သုနန္ဒာကြိုးတံတားနှင့်ကပ်လျက်တည်ဆောက်နေသော အဆိုပါ တံတားသစ်၏ အမျိုးအစားမှာ ကွန်ကရစ် Structure အမျိုးအစားဖြစ်သည်။ တံတားအကျယ်မှာ ယာဉ်သွားလမ်းအကျယ်ဖွဲ့စည်းထားပုံအရ နှစ်လမ်းသွား (အသွားအပြန်) မောင်းနှင်နိုင်မည်ဖြစ်ပြီး ၁၁ ဒသမ ၅ မီတာရှိမည်ဖြစ်ကာ တံတား၏ဘေးလက်ရန်း (Barrier) အား ယာဉ်မတော်တဆမှုများဖြစ်ပွားလာပါက လုံခြုံမှုရှိစေရေးအတွက် RC စနစ်ဖြင့်ဆောင်ရွက်ထားသည်။ တံတားသစ်စီမံကိန်း၏ ပင်မတံတားအရှည်မှာမီတာ ၁၅၆ မီတာရှိမည်ဖြစ်ပြီး ချဉ်းကပ်တံတားတစ်ဖက်တစ်ချက်စီ၌ အရှည်မီတာ ၆၀ စီရှိမည်ဖြစ်သည်။

**သတင်းနှင့် ဓာတ်ပုံ - စိုးဝင်း (MLA)**

မော်တော်ယာဉ်တစ်စီးချင်း တံတားခံနိုင်ဝန် အလေးချိန်မှာ ၇၅ တန်ခံနိုင်ရည်ရှိမည်ဖြစ်ပြီးတံတား၏တစ်ဖက်တစ်ချက်စီ၌ လူသွားလမ်းပလက်ဖောင်းများ ၁ မီတာစီပါဝင်မည်ဖြစ်သည်။

ငမိုးရိပ်(သုနန္ဒာ)တံတားသစ်တည်ဆောက်ရေးစီမံကိန်း ဒါရိုက်တာ ဒေါ်စိုးစိုးတင်က "ရေလယ်တိုင်တွေဆောင်ရွက်ရင်တော့

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

## ယနေ့ မာတိကာ


**စားနပ်ရိက္ခာပူလုံပါသည်**
စာမျက်နှာ » ၂

**အဝိ ရေဝတီ၊ ထီးချိုင့်တံတားနှင့် မြသိန်းတန်စေတီ**
စာမျက်နှာ » ၆

**ခေတ်မီပစ္စည်းတွေကြောင့် မင်္ဂလာဦးခန်းဝင်ပစ္စည်းတွေ အတွက် ရွေးချယ်စရာများလာ**
စာမျက်နှာ » ၁၂

**မာရှယ်လ်၏ လက်ထိဘောမှာ အလွန်မိုက်မဲဟု ပန်ဟားလ်ပြစ်တင်**
စာမျက်နှာ » ၁၃


## ကန်ဒေါ်လာ ၁၃ သန်းတန်ဖိုးရှိ လျှပ်စစ်မီးကြိုးပေးသွင်းရေးဆိုင်ရာ ကန်ထရိုက်ရရှိသော ကိုရီးယားအခြေစိုက် ကုမ္ပဏီ

မီးကြိုး (လျှပ်စစ်ဓာတ်အားကြိုး) ထုတ်လုပ်သောကုမ္ပဏီကြီးတစ်ခုဖြစ်သည့် LS Cable & System ကုမ္ပဏီသည် ၎င်း၏ကုမ္ပဏီခွဲတစ်ခုဖြစ်သော ဗီယက်နမ်အခြေစိုက် LS-VINA ကုမ္ပဏီက မြန်မာနိုင်ငံ၌ ဓာတ်အားကြိုး ပေးသွင်းရေးဆိုင်ရာ ကန်ထရိုက်တစ်ခုရရှိထားခဲ့ပြီး ယင်းကန်ထရိုက်အရ အမေရိကန်ဒေါ်လာ ၁၃ သန်းတန်ကြေးရှိ လျှပ်စစ်မီးကြိုးများ ပေးသွင်းရမည်ဖြစ်ကြောင်း၊ ယင်းပေးသွင်းရမည့် လျှပ်စစ်မီးကြိုးပမာဏသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက နှစ်စဉ်ဝယ်ယူသော လျှပ်စစ်မီးကြိုးပမာဏ၏ တစ်ဝက်ခန့်ရှိကြောင်း အောက်တိုဘာ ၂၀ ရက်က ထုတ်ဖော်ပြောကြားခဲ့သည်ဟု ကိုရီးယားတိုင်းမ်သတင်းစာက ရေးသားဖော်ပြထားသည်။

ကိုရီးယားအခြေစိုက် အဆိုပါကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ ယခုကဲ့သို့ လျှပ်စစ်ဓာတ်အားကြိုး ပေးသွင်းရေးဆိုင်ရာ ကန်ထရိုက်ရရှိလိုက်ခြင်းသည်

**စာမျက်နှာ ၉ ကော်လံ ၃ သို့**

**အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဒီမိုကရေစီနိုင်ငံတော်သစ် (၅)နှစ်တာကာလ "ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ" အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိပါသည်။



RBE တွဲဆိုင်းဖြင့် ပြေးဆွဲပေးနေသော ရန်ကုန်မြို့ပတ်ရထားအား တွေ့ရစဉ်။

## ဂျပန်နိုင်ငံမှ RBE ရထားတွဲ ခြောက်တွဲ ထပ်မံရောက်ရှိ၊ မြို့ပတ်ရထားခရီးစဉ်များတွင် အစားထိုးဝင်ရောက်ပြေးဆွဲပေးသွားမည်

**ရန်ကုန် အောက်တိုဘာ ၂၂**

ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပေးအပ်လှူဒါန်းသည့် RBE ရထားတွဲ ခြောက်တွဲ အောက်တိုဘာ ၂၀ ရက်က ရန်ကုန်မြို့သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ သတင်းရရှိသည်။

ဂျပန်နိုင်ငံမှရောက်ရှိလာသည့် RBE ရထားတွဲများဖြင့် ရန်ကုန်မြို့ပတ်ရထားခရီးစဉ်များတွင် ပြေးဆွဲပေးလျက်ရှိရာ မူလတွဲဟောင်းများနေရာတွင် RBE တွဲဆိုင်းများဖြင့် အစားထိုးပြေးဆွဲသွားမည်ဟု မြန်မာ့မီးရထား အောက်မြန်မာပြည် အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောသည်။

**စာမျက်နှာ ၉ ကော်လံ ၆ သို့**






themirror.npt@gmail.com
www.facebook.com/themirrordaily

ဒီမိုကရေစီနိုင်ငံတော်သစ် (၅) နှစ်တာကာလ

# ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ

အထူးကဏ္ဍအချပ်ပို

အောက်တိုဘာ ၂၃ ရက်၊ ၂၀၁၅ ခုနှစ် (သောကြာနေ့)

## ပုဂ္ဂလိကစီးပွားရေးကဏ္ဍပြောင်းလဲတိုးတက်ရန် အားပေးလျက်ရှိ

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်သလို လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းတာဝန်တွေကိုလည်း မဟာဗျူဟာချမှတ်ဆောင်ရွက်ခဲ့ရာမှာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိခဲ့ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိဖို့ဆောင်ရွက်ရာမှာ ဈေးကွက်ဦးဆောင်မှုကို အဓိကမောင်းနှင်အားဖြစ်တဲ့ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ပြောင်းလဲတိုးတက်မှုဖြစ်ပေါ်လာဖို့အတွက် အစိုးရအခန်းကဏ္ဍကလည်း ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသလို ရင်းနှီးမြှုပ်နှံလိုသူ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေကိုလည်း လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် မေလ ၃၀ ရက်နေ့ ရောဝတီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

# နိုင်ငံတစ်ဝန်း မြစိမ်းရောင်စီမံကိန်းမှသည် လူထုအခြေပြုဖွံ့ဖြိုးတိုးတက်ရေးဆီ

**ခိုင်းကျွဲနွား တစ်သောင်းကျော်**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ခိုင်းကျွဲနွားထုတ်လုပ်မှု ၁၀၆၉၈ ကောင်၊ အသားထုတ်လုပ်မှု ၁၆၈၅၃၈၆ ပိဿာ၊ နို့ထုတ်လုပ်မှု ၁၃၂၅၇၄၃ ပိဿာနှင့် ဥထုတ်လုပ်မှု ၁၀၆၇၅၃၄၇ လုံးတို့ကို စီမံကိန်းပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

**အခမဲ့ဖြန့်ဖြူး**

ခိုင်းနွား၊ နို့စားနွား၊ အသားစားနွားမျိုးကောင်းမျိုးသန့် မျိုးရည်ခဲချောင်း အခမဲ့ဖြန့်ဖြူး၍ မေထုန်မဲ့သားစပ်လုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ စုစုပေါင်း ကောင်ရေ ၇၄၂၀၈ ကောင် သားစပ်ဆောင်ရွက်နိုင်ခဲ့သည်။

**နို့တိုက်ကျွေး**

တိုင်းဒေသကြီး/ပြည်နယ်များ၌ အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေးအစီအစဉ်အား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များ၌ ကျောင်းသား ကျောင်းသူ ၅၁၀၅၆ ဦးအား ကျောင်းဖွင့်ရက်များတွင် နို့တိုက်ကျွေးနိုင်ခဲ့သည်။

**မွေးမြူရေးဘဏ်စနစ်**

မြစိမ်းရောင်အသားကဏ္ဍအဖြစ် ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း တိုင်းဒေသကြီး /ပြည်နယ်၊ ခရိုင် ၆၁ ခု၊ မြို့နယ် ၁၇၃ မြို့နယ်၊ ကျေးရွာ ၄၈၄ ရွာတွင် ကျေးရွာမွေးမြူရေးလုပ်ငန်းရေရှည် တည်တံ့စေရေးအတွက် တစ်ရွာလျှင် ကျပ်သန်း ၃၀ ဖြင့် နွား ၁၇၈၉ ကောင်၊ ဝက် ၂၀၂၁၅ ကောင်၊ သိုး/ဆိတ် ၁၁၄၉၆ ကောင် ဖြန့်ဖြူးပြီးဖြစ်သည်။

**ပျားမွေးမြူရေးနည်းပညာ**

နို့စားနွား မွေးမြူထုတ်လုပ်မှုတိုးတက်စေရေး၊ တိရစ္ဆာန်အာဟာရနှင့် ကူးစက်ရောဂါဆိုင်ရာ၊ ပျားမွေးမြူထုတ်လုပ်ရေးဆိုင်ရာ စသည့်စီမံကိန်း ၁၅ ခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပျားဖယောင်းမှ ဖယောင်းတိုင်ထုတ်လုပ်ခြင်းနှင့်ပျားရည်များ ပြည်ပဈေးကွက်ရရှိရန်၊ မိသားစုဝင်ငွေရရှိရန် အရင်းအနှီးနှင့် ပျားမွေးမြူရေးနည်းပညာကို ကူညီပေးလျက်ရှိသည်။ **စာမျက်နှာ ၂ သို့ »»»**



**နယူးဇီလန်နိုင်ငံ၏ နည်းပညာပံ့ပိုးမှုဖြင့် မိတ္ထီလာမြို့နယ် ညောင်ပင်သာကျေးရွာတွင် နို့စားနွားများ မွေးမြူထားသည်ကို တွေ့ရစဉ်။** ဓာတ်ပုံ - ချမ်းသာ(မိတ္ထီလာ)

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

# တာဝန်သုံးရပ် စွမ်းအားညီ ပြည်သူ့အင်အားအစစ်အမှန် စာရင်းကောက်ယူနိုင်ခဲ့ပြီ

နိုင်ငံတော်အစိုးရသစ်၏ ရှေ့လုပ်ငန်းစဉ်အပေါ် အခြေခံ၍ ဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန် သုံးရပ်ဖြစ်သော လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်ရေးလုပ်ငန်း၊ ပြည်သူ့အင်အားစာရင်း ကောက်ယူထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ခရီးသည် သုံးသိန်းကျော် ဆိုက်ရောက်ဗီဇာခွင့်ပြု**

နိုင်ငံတော်၏ ပြည်ဝင်ဗီဇာစနစ်အရ နိုင်ငံအတွင်းသို့ ဝင်/ထွက်ရန် နည်းလမ်းသုံးသွယ်ဖြစ်သော အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှတစ်ဆင့် ဗီဇာ ခြောက်မျိုးဖြင့် ဝင်/ထွက်ခွင့်ပြုလျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ Open Up Policy အရ ဒုတိယပြုပြင်ပြောင်းလဲရေးအစီအမံတွင် အထောက်အကူဖြစ်စေရန် Visa Policy in Myanmar ပထမအဆင့်အနေဖြင့် လုပ်ငန်းဗီဇာ၊ ပြည်ဝင်ဗီဇာနှင့် ဖြတ်သန်းဗီဇာ သုံးမျိုးကို ဆိုက်ရောက်ဗီဇာ (Visa On Arrival) ထုတ်ပေးခြင်းကို ၁-၆-၂၀၁၂ ရက်နေ့မှ စတင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် နိုင်ငံပေါင်း ၅၁ နိုင်ငံကို ထုတ်ပေးလျက်ရှိသည်။

စတင်ချိန်မှ ၂၀၁၅ ခုနှစ်အောက်တိုဘာလအထိ ခရီးသည် ၃၁၅၉၄၃ ဦးအား ဆိုက်ရောက်ဗီဇာခွင့်ပြုပေးခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၃၁ သန်း ရရှိခဲ့သဖြင့် ယခင်ကာလများထက် ခရီးသည် ပိုမိုဝင်ရောက်ခဲ့ပြီး နိုင်ငံတော်အတွက် ဝင်ငွေအဆပေါင်းများစွာ တိုးတက်ရရှိခဲ့သည်။



**မန်စီမြို့နယ်၌ ၂၀၁၄ ခုနှစ် ဧပြီ ၁၀ က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုနေမှုကို တွေ့ရစဉ်။** ဓာတ်ပုံ-ငွေးခိုင်

မြန်မာနိုင်ငံသည် အိမ်နီးချင်း ငါးနိုင်ငံနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိရာ အိန္ဒိယနိုင်ငံမှအပ ကျန်လေးနိုင်ငံနှင့် ၁၉၇၇ ခုနှစ်မှစ၍ နယ်စပ်ဖြတ်သန်းသွားလာခွင့်ဆိုင်ရာ သဘောတူစာချုပ်များချုပ်ဆိုပြီး နှစ်နိုင်ငံသားများအား နယ်စပ်အနီးတစ်ဝိုက် ဝင်/ထွက်သွားလာခွင့်ပြုလျက်ရှိသည်။

**Online Visa (e-visa) စနစ် အကောင်အထည်ဖော်**

အစိုးရအဖွဲ့သစ်ကာလအတွင်း အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ ပေါ်ထွက်လာသည့် ရလဒ်ကောင်းများအပေါ် အခြေခံ၍ Visa Policy in Myanmar ဒုတိယအဆင့်၊ ပထမဦးစားပေးလုပ်ငန်းအဖြစ် မြန်မာ-ထိုင်း နယ်စပ်ဝင်/ထွက်ပေါက်များဖြစ်သည့် တာချီလိတ်-မယ်ဆိုင်၊ မြဝတီ-မဲဆောက်၊ ကော့သောင်း -ရနောင်းဂိတ်များအပြင် ထားဝယ်ရေနက်ဆိပ်ကမ်းဝင်/ထွက်မှု လွယ်ကူစေရန် ထီးခီး-ဖူနာရွှန်ဂိတ်အပါအဝင် **စာမျက်နှာ ၃ သို့ »»»**

»» အထူးထုတ် အချပ်ပို စာမျက်နှာ ၁ မှ

**မြစိမ်းရောင်**
**ကျေးရွာစီမံကိန်း (ငါးကဏ္ဍ)**


မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ငါးကဏ္ဍ)အနေဖြင့် ကျေးရွာ တစ်ရွာလျှင် ငွေကျပ်သန်း ၃၀ စီဖြင့် ယခင်ဘဏ္ဍာနှစ်အတွင်း ကျေးရွာပေါင်း ၁၁၀ အတွက် အရင်းမပျောက်မတည်ငွေများ ထုတ်ပေးနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၁၃၀ ကို ထပ်မံ၍ ထုတ်ပေးခဲ့သည်။

**ငါးသားဖောက်ရုံ ၆၂ ရုံ**

ဌာနပိုင် စက်ရုံ သုံးရုံ၊ ငါး၊ ပုစွန် မွေးမြူရေးစခန်း ရှစ်ခု၊ ရေလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသည့် လုပ်ငန်း လေးခု၊ ရေလုပ်ငန်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မည့် မြေလွတ် ဧရိယာ ၁၇ ဒသမ ၈၁ ဧကတို့အား (MICA) သို့ လုပ်ငန်းများ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ပိုင်တစ်နိုင် ငါးသားဖောက်ရုံ စုစုပေါင်း ၆၂ ရုံကို တည်ဆောက်ပေးနိုင်ခဲ့သည်။

**တိုင်းရင်းငါးမျိုးစိတ်များ ထိန်းသိမ်း**

တိုင်းရင်းငါးမျိုး ထိန်းသိမ်းရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်စေရေး၊ ဂရန်အင်းဆိုင်ရာ သတင်းအချက်အလက်များရရှိနိုင်ရေးအတွက်အင်း ၁၁ အင်း ရွေးချယ်ကာ ကျပ်သိန်း ၁၀၀ စီ ထောက်ပံ့၍ ဆောင်ရွက်ခဲ့ပြီး နော်ဝေနိုင်ငံ Dr. Fridtjof Nansen သုတေသန ရေယာဉ်ဖြင့် ငါးသယံဇာတ




| | ကျွဲ | နွား | သိုးဆိတ် | ဝက် | ကြက် | ဘဲ |
|---|---|---|---|---|---|---|
| ၂၀၁၅-၂၀၁၆ ရည်မှန်း | ၃၆.၄၁ | ၁၆၅.၁၂ | ၈၅.၇၉ | ၁၆၃.၇၆ | ၂၉၄၃.၂၉ | ၂၃၅.၆၂ |
| ၂၀၁၄-၂၀၁၅ | ၃၄.၂၂၄ | ၁၅၄.၈၁၁ | ၆၇.၇၇၈ | ၁၃၇.၆၀၉ | ၂၄၁၈.၆၁ | ၂၀၀.၀၂၁ |
| ၂၀၁၃-၂၀၁၄ | ၃၃.၁၇၈ | ၁၄၉.၉၂၈ | ၅၉.၈၁ | ၁၂၅.၆၆၈ | ၂၁၇၁.၁၅ | ၁၈၃.၃၁၈ |
| ၂၀၁၂-၂၀၁၃ | ၃၂.၀၈ | ၁၄၅.၁၀၅ | ၅၂.၇၉၅ | ၁၁၄.၃၂ | ၁၉၄၂.၂၃၄ | ၁၆၇.၇၆ |
| ၂၀၁၁-၂၀၁၂ | ၃၀.၉၀၆ | ၁၄၀.၂၃၇ | ၄၅.၅၀၃ | ၁၀၃.၀၅ | ၁၇၂၆.၁၃ | ၁၅၂.၉၄၆ |

အထိအမိ အတိုင်းအတာသိရှိရေး သုတေသနပြုလုပ်ငန်းများကို မိုးလွန်ကာလနှင့် မိုးကြိုကာလများ၌ ဆောင်ရွက်ခဲ့သည်။

**မြစိမ်းရောင်ကျေးရွာစီမံကိန်း**

မဟာဗျူဟာမူဘောင်နှင့်အညီ ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊ မိသားစုဝင်ငွေတိုးပွားစေရန်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုး/မွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန်ရည်မှန်း၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်ပေါင်း ၂၈၂ မြို့နယ်၊ ကျေးရွာပေါင်း ၁၄၅၀ တွင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ ကျပ် ၄၃ ဒသမ ၅ ဘီလီယံ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြို့နယ် ၂၆၅ မြို့နယ်၊ ကျေးရွာပေါင်း ၃၀၀၀ တွင် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေ ကျပ် ဘီလီယံ ၉၀ ဖြင့် စီမံကိန်း ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သန်း ၃၀ ထောက်ပံ့ပေးခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အတိုးရငွေစုစုပေါင်း ၂၅၈၂ ဒသမ ၄၃ သန်းဖြစ်ပြီး အိမ်ထောင်စု ၁၅၉၀၇၉ စုအား အကျိုးပြုစေခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ အတိုးရငွေစုစုပေါင်း ၂၄၉၉ ဒသမ ၀၈၄ သန်းဖြစ်ပြီး ချေးငွေကျပ် ၄၄၆၅၈ ဒသမ ၉၈၆ သန်းဖြင့် လည်ပတ်လျက်ရှိသည်။

**လူထုအခြေပြုဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားစီမံကိန်း(NCDDP)**

မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးနည်းလမ်းသို့ ကူးပြောင်းရာတွင် အဓိကအထောက်အကူပြုစေသော စီမံကိန်းတစ်ခုဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သော မြို့နယ်တွင်းရှိ ကျေးရွာများ၏ အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်များ တစ်စိတ်တစ်ဒေသအားဖြင့် ပြည့်စုံလာခြင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိလာခြင်း၊ စီမံကိန်း၏ ပွင့်လင်းမြင်သာရှိမှုကို သိမြင်လာခြင်း၊ ကျား/မရေးရာကဏ္ဍများကို ထည့်သွင်းထားသောကြောင့် အမျိုးသမီးများ ပူးပေါင်းပါဝင်မှုမြင့်မားလာခြင်း၊ နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့ပေးမှုကြောင့် လုပ်ရည်ကိုင်ရည် စွမ်းဆောင်ရည်မြင့်မားလာခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိလာမည်ဖြစ်သည်။

**ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ**

ယခင်က နိုင်ငံတကာအဖွဲ့အစည်းပေါင်း (၄) ဖွဲ့ဖြင့်သာ ပူးပေါင်းဆောင်ရွက်နိုင်ရာမှ မဟာဗျူဟာမူဘောင်အရ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း (Consortium of Development Partners)ကို ဖွဲ့စည်းနိုင်ခဲ့သည့်အတွက် ယခုအခါနိုင်ငံတကာအဖွဲ့အစည်းပေါင်း ၃၂ ဖွဲ့ဖြင့် ကျေးလက်လမ်း/တံတား၊ သောက်သုံးရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေး၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အမေရိကန်ဒေါ်လာ ၆၉၉ ဒသမ ၉၉၁၁ သန်းနှင့် ယူရို ၂၇ သန်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**အသက်မွေးဝမ်းကျောင်း သင်တန်းများ**

အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်းများအဖြစ် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၆၄ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂၀၃ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂၀၅၄ သန်းဖြင့် တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့်နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ကျေးရွာများတွင် လက်သမားသင်တန်း၊ ပန်းရန်သင်တန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းများ၊ မြန်မာမုန့်လုပ်နည်းသင်တန်းများ၊ သံချည်သံကွေးလုပ်ငန်းသင်တန်း၊ ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ ဝါးအခြေခံလက်မှုသင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုရန်ပုံငွေကျပ် ၂၃၉၄ သန်းဖြင့် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သဖြင့် စုစုပေါင်းငွေကျပ် ၄၈၁၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုလျော့နည်းပပျောက်စေရေး၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး၊ ကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်ရေးနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ကာ ပြည်ပဝင်ငွေတိုးတက်ရှာဖွေရရှိရေးတို့အတွက် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

■■■

»» အထူးထုတ် အချပ်ပို စာမျက်နှာ ၄ မှ

မှုခင်းကိစ္စအတွက် မဖွင့်ထားလို့ မှုခင်းဖြစ်ရင်တော့ ရန်ကုန်ဆေးရုံကြီးကို ပြန်လွှဲပေးတယ်။ အဲဒီဘက်မှာ ကုန်ကျတဲ့ဆေးဖိုးတွေ အားလုံး ပြန်ပေးပါတယ်။ နှလုံးဆောင် သီးသန့်ဆေးရုံမှာ မရှိပါဘူး။ ဒါပေမယ့် နှလုံးပုပ်ရင် ရန်ကုန်ဆေးရုံကြီးကို တိုက်ရိုက်လွှဲတယ်။ ဒီက လူနာတင်ယာဉ်နဲ့ ပို့ပေးတယ်။ ဆေးရုံက လူနာတင်ယာဉ်တွေမှာ အပြည့်အစုံထားပေးတယ်။ ဆေးရုံကဆင်းသွားလို့ ရှိရင် ဆေးဖိုးတို့အပြင် ဆေးရုံကြီးက ဆေးတွေပံ့ပိုးပေးပါတယ်။

ဆေးရုံကြီးက ဆေးမပေးနိုင်ရင် လူနာကလည်းများတော့ အကုန်လုံး အလုပ်သမားဆေးရုံ ပြန်ပို့ပေးပါတယ်။ လွှဲတဲ့ကိစ္စမှန်သမျှ အလုပ်သမားဆေးရုံက ပြန်ပေးပါတယ်။ အကယ်၍ လူနာက ဒီဆေးရုံမလာဖြစ်ဘူး၊ ဟိုဘက်ဆေးရုံကို အကြောင်းအမျိုးမျိုးကြောင့် တက်ဖြစ်ရင် ကုန်ကျမှုပြန်ပေးပါတယ်။

ဆေးရုံကိုတော့ လာစရာမလိုဘဲ မြို့နယ်လူမှုဖူလုံရေးဆေးခန်းကနေ တစ်ဆင့် ရုံးချုပ်မှတစ်ဆင့် နေပြည်တော်ကို ဆေးဖိုးပြန်တောင်းလို့ ရပါတယ်။ တချို့ မသိကြလို့ပါ။ ကျောက်ကပ် ဆေးကြတယ်။ ကျောက်ကပ်ဆေးရင် ရန်ကုန်ဆေးရုံကြီးတို့၊ သယ်န်းကျွန်းဆေးရုံတို့မှာ ဆေးတဲ့စက်တွေရှိပါတယ်။

ဒါပေမယ့် ကျောက်ကပ်ဆေးတဲ့ လူနာများတဲ့အတွက်ကြောင့် မဆေးပေးနိုင်လို့ အပြင်မှာသွားဆေးကြတယ်။ ဒါပေမယ့် ပထမဦးဆုံးအကြိမ်ကတော့ ပြည်သူ့ဆေးရုံရဲ့ ညွှန်းတဲ့လက်မှတ်ပါရမယ်။ ပါရင် ကျောက်ကပ်ဆေးတာကိုလည်း ဆေးရုံနှုန်းအတိုင်း ပြန်ပေးတယ်။ ကျောက်ကပ်ဆေးရာမှာ သုံးတဲ့ဆေးတွေကိုလည်း အမြဲပေးပါတယ်။

**မဇင်ငယ်ဦး**
**(တပ်မတော်သဘော်ဆေးစက်ရုံ)**

ကိုယ်ဝန်စရှိကတည်းက ဒီ အလုပ်သမားဆေးရုံမှာ သားဖွားနဲ့ မီးယပ် အထူးကုဆရာဝန်နဲ့ တစ်လတစ်ခါ ပြပါတယ်။ နီးတော့ နှစ်ပတ်တစ်ခါ ရက်ချိန်းနဲ့ပြပါတယ်။ တစ်လတစ်ခါပြတော့ ဖောလစ်အက်စစ်၊ စီဗစ်အပါအဝင် အားဆေးတွေ အလကားပေးပါတယ်။ ကိုယ်ဝန် နှစ်လကတည်းက လူမှုဖူလုံရေးဆေးခန်းကနေ အလုပ်သမားဆေးရုံကို လွှဲလိုက်ပါတယ်။ အလုပ်သမားဆေးရုံကို ပြတာအားလုံးအခမဲ့ဖြစ်ပါတယ်။ လနုတုန်းကဆို တစ်လတစ်ခါ ရက်ချိန်းဆိုတော့ ဆေးကို တစ်လစာပေးတယ်။ နောက်ပိုင်းမွေးခါနီး ဆေးကို နှစ်ပတ်တစ်ခါပေးတယ်။ မီးဖွားခွင့်လည်း ခြောက်လရတော့ မိခင်က ကလေးကို အနီးကပ်စောင့်ရှောက်လို့ရပါတယ်။ ငွေကြေးအကုန်အကျမရှိဘဲ ဆေးရုံက အားလုံး ထောက်ပံ့ပေးပါတယ်။ အပြင်မှာမွေးရင် ငွေကြေးအကုန်အကျတွေ များပါတယ်။ ဒီဆေးရုံမှာတော့ ဘာမှမပေးရတဲ့အတွက် ကျေနပ်ပါတယ်။

**ဒေါ်တင်တင်မေ**
**(သာသနာရေးဦးစီးဌာန-ဌာနစု ၁၄)**

ဆီးအိမ်ထဲမှာ ကျောက်တည်လို့ပါ။ နေမကောင်းစဖြစ်တုန်းက တစ်လစာဆေးတွေ အလကားပေးပါတယ်။ အာထရာဆောင်း လေးခါနဲ့ ဓာတ်မှန် သုံးခါ ရိုက်ရတယ်။ ကုန်ကျငွေ မရှိပါဘူး။ ဆေးတွေကြိုသောက်ရတယ်။ ခွဲမယ့်ရက်ကို ပြောတော့


ဒေါက်တာဒေါ်ယုယုတင်


ဒေါက်တာဒေါ်ခင်စန်းမြင့်


ဒေါ်လွင်လွင်မြင့်


ဦးကျော်စိုးလွင်

ဆေးရုံတက်ရတယ်။ အောက်တိုဘာ ၅ ရက်က ခွဲပါတယ်။ ခွဲပြီးတာ ၁၄ ရက်ကြာပြီ။ ဆရာဝန်၊ ဆရာမတွေ ပြုစုစောင့်ရှောက်ပေးတဲ့အတွက် နေရထိုင်ရတာ အားလုံးကောင်းပါတယ်။ ဆေးဝါးကအစ ခွဲစိတ်တဲ့အထိ အကုန်လုံး လိုလေသေးမရှိ အဆင်ပြေပါတယ်။ ကုန်ကျစရိတ်တစ်ခုမှ မရှိပါဘူး။ အပြင်မှာဆိုရင် တော်တော်ကုန်မယ်။ ဆေးရုံမှာ မနက်ဆိုရင် ပဲပြုတ်ထမင်း၊ နံနက်စာ ထမင်းက ကြက်သားဟင်းနဲ့ အသီးအရွက်၊ နေ့ခင်းက ကော်ဖီနဲ့မုန့်၊ ညဘက်ထမင်းကတော့ ဘဲဥဟင်း၊ အရည်သောက်တစ်ခွက်ပေးပါတယ်။ စိတ်ချမ်းသာရပါတယ်။ အဲ့ဒီအတွက် ကျေးဇူးတင်ပါတယ်။

**ဒေါ်လွင်လွင်မြင့်**
**[ရွှေတောင်အမှတ်(၁) ချည်မျှင်အချောကိုင်စက်ရုံ]**

ရင်ကျပ်လို့ လာတက်တာပါ။ အောက်တိုဘာ ၇ ရက်က စတက်ပါတယ်။ ဆေးငွေ့ရှူရတာ တစ်နေ့ သုံးကြိမ်၊ ဆေးသွင်းတာက တစ်နေ့ သုံးကြိမ်၊ တစ်ခါသွင်းရင် နှစ်ပုလင်း သွင်းပါတယ်။ ဆေးတွေလည်း တစ်နေ့ကို ခြောက်ကြိမ်လောက်တိုက်ပါတယ်။ သွေးဖောက်စစ်တာရယ်၊ CT Scan ရိုက်တာရယ်။ အဲ့ဒါတွေအတွက် ပြန်ရမယ်လို့တော့ ပြောပါတယ်။ ဆေးတွေအားလုံးကို လုံလုံလောက်လောက်ပေးပါတယ်။ ဒီဆေးရုံမတက်ခင်က ရွှေတောင်ဆေးရုံမှာ ပြခဲ့ပါတယ်။ အဲ့ဒီကနေ ဒီကို လွှဲလိုက်တာပါ။ ဒီဆေးရုံက ဆရာဝန်၊ ဆရာမတွေက လိုလေသေးမရှိ ပြုစုစောင့်ရှောက်ပေးတဲ့အတွက် စိတ်ချမ်းသာရပါတယ်။ နေ့တိုင်း နံနက်စာ၊ နေ့လယ်စာ၊ နေ့ခင်းစာ၊ ညစာ အားလုံးအခမဲ့ကျွေးပါတယ်။ နိုင်ငံတော်နဲ့ ဆေးရုံက တာဝန်ရှိသူအားလုံးကို အင်မတန် ကျေးဇူးတင်ပါတယ်။

**ဦးကျော်စိုးလွင်**
**(ကြံခင်းဘိလပ်မြေစက်ရုံ၊ အလုပ်ရုံခွဲမှူး)**

ဒီဆေးရုံလာတက်ရတာ မောပြီး ဗိုက်အောင့်လို့ ဆေးစစ်ရအောင် လာတာပါ။ ရောဂါရှာဖွေလိုက်တော့ အစာအိမ်ကင်ဆာဖြစ်နေတဲ့အတွက် ဆေးရုံလာတက်ရခြင်း ဖြစ်ပါတယ်။ ဆေးရုံက လိုအပ်တာတွေ လုပ်ဆောင်ပေးပါတယ်။ ဆေးရုံ စရောက်ချင်း ပြင်ပလူနာဌာနမှာ သမားတော်နဲ့ ပြပါတယ်။ ပြတော့ သမားတော်က စစ်ဆေးပြီး ဆေးရုံတက်ဖို့ လိုအပ်တယ်ဆိုပြီး ဆေးရုံတင်ပါတယ်။

ဆေးရုံစတက်တဲ့နေ့မှာပဲ သွေး နှစ်ပုလင်း သွင်းပါတယ်။ သွင်းပြီး အာထရာဆောင်း ရိုက်ပါတယ်။ အစာအိမ်မှာ အနာရှိတယ်ဆိုပြီး ဆေးရုံကြီးမှာ အစာအိမ် မှန်ပြောင်းသွားကြည့်ပါတယ်။ အစာအိမ်မှန်ပြောင်းကြည့်ပြီး အသားစယူစစ်လိုက်တော့ အစာအိမ် ကင်ဆာဖြစ်နေတယ်။ သမားတော်က ခွဲစိတ်ဆောင်ကိုလွှဲပြီး အမြန်ဆုံးခွဲဖို့အတွက် စီစဉ်ခိုင်းပါတယ်။

ခွဲစိတ်ဆောင်ကနေ သုံးရက်အတွင်း ခွဲပေးပါတယ်။ ခွဲပြီးတော့ တောက်လျှောက် ဆေးတွေ သွင်းနေပါတယ်။ ၁၂ ကြိမ် ဆေးသွင်းပြီး အနာက ခြောက်သွားတော့ ဒုတိယအကြိမ်ခွဲခိုင်းပါတယ်။ တောက်လျှောက် ဆေးသွင်းနေရပါတယ်။ အခု ပြန်တက်တော့ ၂၄ ကြိမ် မြောက်ပြန်သွင်းဖို့တက်တာပါ။ ဆေးသွင်းဖို့ပါ။ ဆေးသွင်းခတွေကတော့ ပထမပိုင်း ခြောက်ကြိမ်က ဒီမှာမရှိတဲ့အတွက် ဆေးတွေဝယ်ရပါတယ်။ ဝယ်တဲ့ဆေးဖိုးတွေ တင်တဲ့အခါ ပြန်ရပါတယ်။

ဒုတိယ ခြောက်ကြိမ်ကျတော့ ဝန်ကြီးလာတော့ ဆေးဖိုးအခက်အခဲရှိတဲ့အတွက် လစာက တစ်သိန်းကျော်လေး ဖြစ်တဲ့အတွက် ဆေးသွင်းရင် တစ်သိန်း ရှစ်သောင်းလောက်ကျပါတယ်။ ဆေးဖိုးက တင်လိုက်ရင် တစ်လခွဲလောက်ကြာတယ်။ ငွေကြေးစိုက်ရတာ အခက်အခဲရှိမှာမို့ ဝန်ကြီးက ဆေးကို အဆင်ပြေအောင်လုပ်ပေးလိုက်ဆိုလို့ ခြောက်ကြိမ်တိတိ ဆေးဖိုးကုန်ကျမှုမရှိဘဲ အဆင်ပြေသွားပါတယ်။

အဲဒီနောက်ပိုင်း ဆေးပြန်ဝယ်သွင်းရတယ်။ ဆေးဖိုးတော့ အကုန်ပြန်ရတယ်။ လိုအပ်တာတွေကို စိတ်ရှည်လက်ရှည် လုပ်ပေးကြတယ်။ အလုပ်သမားတွေအတွက် ဘယ်မှာပဲဖြစ်ဖြစ် အလုပ်သမားဆေးရုံကို လာပြစေချင်ပါတယ်။ ဒီမှာက လိုအပ်တာ အကုန်ရှိတယ်။ ။

»»» အထူးထုတ် အချပ်ပို စာမျက်နှာ ၁ မှ

ဂိတ်လေးခုကို ၂၈-၈-၂၀၁၃ ရက်နေ့မှစတင်၍ Passport/Visa သက်တမ်းရှိသူ နိုင်ငံခြားသား ခရီးသည်များအတွက် နိုင်ငံတကာနယ်စပ်ဝင်/ထွက်ပေါက်များ (International Point of Entry and Exit)အဖြစ် တိုးမြှင့်ဖွင့်လှစ် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

နိုင်ငံအတွင်း ဝင်ရောက်မှု အများဆုံးဖြစ်သော Tourist Visa ဖြင့် ဝင်ရောက်သူ ကမ္ဘာလှည့်ခရီးသွားများအတွက် Online Visa (e-visa) စနစ်ကို ၁. ၉. ၂၀၁၄ ရက်နေ့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်သည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝင်ပေါက်တစ်ခုတည်းမှ နိုင်ငံပေါင်း ၄၃ နိုင်ငံအား စတင်ဝင်ရောက်စေနိုင်ခဲ့ပြီး ၂. ၁. ၂၀၁၅ ရက်နေ့မှစတင်၍ အပြည်ပြည်ဆိုင်ရာ လေဆိပ်သုံးခုမှ ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကို ဝင်ခွင့်ပေးနိုင်ခဲ့ခြင်းသည်လည်း နိုင်ငံတော်၏အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်သကဲ့သို့ ဌာန၏ အောင်မြင်မှုမှတ်တိုင်တစ်ရပ်လည်း ဖြစ်သည်။

ကမ္ဘာလှည့်ဗီဇာအပြင် လုပ်ငန်းဗီဇာအား ၁. ၇. ၂၀၁၅ ရက်နေ့မှစတင်၍ Online Visa e-Visa စနစ်ဖြင့် လျှောက်ထားဆောင်ရွက်ခြင်းကို ဆိုက်ရောက်ဗီဇာခွင့်ပြုထားသည့် ၅၁ နိုင်ငံအား ခွင့်ပြုခဲ့သည်။

**နိုင်ငံခြားသားအမြဲနေထိုင်ခွင့်**

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက် နိုင်ရေး၊ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေး၊ မိသားစုပေါင်းစည်းနေထိုင်နိုင်ရေးတို့ကို ရည်ရွယ်၍ ပြည်ပနိုင်ငံသားအဖြစ် ခံယူထားသော မြန်မာနိုင်ငံသားဟောင်းများနှင့် နိုင်ငံခြားသားများအား နိုင်ငံတော်၏ အကျိုးစီးပွားနှင့် ၎င်းတို့၏ အကျိုးနှစ်ရပ်လုံးကို ဖော်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် (Permanent Residence System-PR) ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်အား ၂၉-၁-၂၀၁၅ ရက်နေ့မှ ၂၄-၉-၂၀၁၅ ရက်နေ့အထိ သက်ဆိုင်ရာ အမျိုးအစားများအလိုက် ၂၄၂ ဦး လျှောက်ထားခဲ့သည် -

| | | |
|---|---|---|
| (က) | ကျွမ်းကျင်ပညာရှင် | ၁၄ ဦး |
| (ခ) | ရင်းနှီးမြှုပ်နှံသ | ၁၁ ဦး |
| (ဂ) | နိုင်ငံသားဟောင်း | ၁၁၀ ဦး |
| (ဃ) | မြန်မာနိုင်ငံသားနှင့် ဆက်စပ်သူ | ၄၁ ဦး |
| (င) | လျှောက်ထားသူ မိသားစုဝင် | ၆၆ ဦး |
| | **စုစုပေါင်း** | **၂၄၂ ဦး** |

လျှောက်ထားသူ ၂၄၂ ဦးအနက် ၁၃၁ ဦးအား ခွင့်ပြုခဲ့ပြီး လူတွေ့လာရောက်စစ်ဆေးခံသူ ၁၂၅ ဦးအား ၁၃-၇-၂၀၁၅ ရက်နေ့မှစ၍ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများကို ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ဒုတိယအကြိမ်အဖြစ် လျှောက်ထားသူ(မိသားစုဝင်များအပါအဝင်) ၅၃ ဦးတွင် လူတွေ့စစ်ဆေးခံသူ ၄၆ ဦး၊ ခွင့်ပြုသူ ၄၄ ဦးရှိပြီး လူတွေ့စစ်ဆေးခံရန် ပျက်ကွက်သူ ၇ ဦး၊ ငြင်းပယ်သူ ၂ ဦး ဖြစ်သည်။

**မိုးပွင့်စီမံချက်များဖြင့် စိစစ်ရေးကတ် ၆ သန်းကျော်ထုတ်ပေး**

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးရေး လုပ်ငန်းများအတွက် ၁-၇-၂၀၁၁ ရက်နေ့တွင် မိုးပွင့်စီမံချက်အဆင့်(၁)ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

မိုးပွင့်စီမံချက် ဆိုသည်မှာ တိုင်းရင်းသား (မွေးရာပါနိုင်ငံသားများ) အတွက် အိမ်ထောင်စုလူဦးရေစာရင်း နှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းလုပ်ငန်းကို ယခင်ထက် ပိုမိုလွယ်ကူစေသည့် ဖြေလျှော့နည်း အသုံးပြုကာ နိုင်ငံတစ်ဝန်း ကွင်းဆင်း၍ ပွင့်လင်းမြင်သာစွာဖြင့် One Stop Service စနစ်ဖြင့် လျင်မြန်စွာ ဆောင်ရွက်ပေးသည့် အစီအမံပင်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်မှုကာလများ အနေဖြင့် မိုးပွင့်စီမံချက် အဆင့်(၁)ကို ၁-၇-၂၀၁၁ မှ ၃၁-၁၀-၂၀၁၁ ရက်နေ့အထိ၊ မိုးပွင့်စီမံချက် အဆင့်(၂)ကို ၁-၂-၂၀၁၂ မှ ၃၁-၃-၂၀၁၂ ရက်နေ့အထိ၊ မိုးပွင့်စီမံချက် အဆင့်(၃)ကို ၁-၆-၂၀၁၂ မှ ၃၁-၇-၂၀၁၂ ရက်နေ့အထိ၊ မိုးပွင့်စီမံချက် အဆင့်(၄)ကို ၁-၁၀-၂၀၁၂ မှ ၃၁-၁၂-၂၀၁၂ ရက်နေ့အထိ၊ မိုးပွင့်စီမံချက် အဆင့် (၅)ကို ၁-၄-၂၀၁၃ မှ ၃၁-၅-၂၀၁၃ ရက်နေ့ထိ၊ မိုးပွင့်စီမံချက်အဆင့် (၆)ကို ၁၇-၇-၂၀၁၄ မှ ၃၀-၉-၂၀၁၄ ရက်နေ့ထိ၊ မိုးပွင့်စီမံချက် အဆင့်(၇)ကို ၁-၁၁-၂၀၁၄ မှ ၃၁-၁၂-၂၀၁၄ ရက်နေ့ထိနှင့် မိုးပွင့်(အထူး)စီမံချက်ကို ၁-၁-၂၀၁၅ မှ ၃၁-၇-၂၀၁၅ ရက်နေ့ထိ ဆောင်ရွက်ခဲ့သည်။

မိုးပွင့်အဆင့် (၁) မှ (၇)ထိနှင့် မိုးပွင့်(အထူး)စီမံချက် စုစုပေါင်းအတွက် အိမ်ထောင်စုလူဦးရေစာရင်း အမှုတွဲ ၁၁၆၀၈၁၉ မှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၆၆၂၀၃၅၇ ဦးအတွက် ထုတ်ပေးနိုင်ခဲ့သည်။




**ကမ္ဘာလှည့်ခရီးသွားများအတွက် Online Visa e-Visa စနစ်ဖြင့် လျှောက်ထားဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။** ဓာတ်ပုံ - **Myanmar Business Today**



**နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိကိုင်ဆောင်ထားကြသည့် ညောင်ဦးမြို့နယ် တောင်ဇင်း(အထက) ကျောင်းမှ ကျောင်းသားကလေးများကို တွေ့ရစဉ်။** ဓာတ်ပုံ - ရဲဝင်းနိုင်(IPRD)



**ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေစီးရွှေ့ပြောင်းသွားလာသူများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ လွှဲပြောင်းပေးအပ်နေသည်ကို တွေ့ရစဉ်။** ဓာတ်ပုံ - သတင်းစဉ်

**မြန်မာနိုင်ငံလူဦးရေ**

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို လုပ်ငန်းကြီး (၄) ရပ်ခွဲ၍ ဆောင်ရွက်ခဲ့ပြီး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းကို ၂-၅-၂၀၁၁ မှ ၂၉-၃-၂၀၁၄ ရက်အထိ ၃၅ လကြာ ဆောင်ရွက်ခဲ့သည်။

စာရင်းကောက်လုပ်ငန်းကို ၃၀-၃-၂၀၁၄ မှ ၃၁-၅-၂၀၁၄ ရက်နေ့အထိ နှစ်လကြာဆောင်ရွက်ခဲ့သည်။

စာရင်းပြုစုခြင်းလုပ်ငန်းကို ၇-၅-၂၀၁၄ မှ ၃၁-၁၂-၂၀၁၄ ရက်နေ့အထိ ရှစ်လကြာဆောင်ရွက်ခဲ့သည်။

ဆန်းစစ်ခြင်းနှင့်အစီရင်ခံစာကို ၁-၁-၂၀၁၅ မှ ၂၉-၅-၂၀၁၅ ရက်နေ့အထိ နှင့် ပြုစုထုတ်ပြန်ခြင်းလုပ်ငန်းကို ၅ လကြာဆောင်ရွက်ခဲ့သည်။

၂၀၁၃ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကို အခန်း ၇ ခန်း၊ ပုဒ်မ ၂၇ခုဖြင့် ရေးဆွဲပြုစု၍ ၂၉-၇-၂၀၁၃ ရက်နေ့တွင် အတည်ပြုပြဌာန်းခဲ့သည်။

ရွှေ့ပြေး လူဦးရေစာရင်းအရ မြန်မာနိုင်ငံ၏လူဦးရေမှာ ၅၁ ဒသမ ၄၂ သန်း (၅၁၄၁၉၄၂၀) ဖြစ်ပြီး အိမ်ထောင်စုအရေအတွက်မှာ ၁၀ ဒသမ ၉ သန်း (၁၀၈၈၉၃၄၈) အိမ်ထောင်စုဖြစ်သည်။

ပင်မအစီရင်ခံစာ လူဦးရေစာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၁ ဒသမ ၄၈ သန်း (၅၁၄၈၆၂၅၃) ဦးဖြစ်ပြီး၊ အိမ်ထောင်စုအရေအတွက်မှာ ၁၀ ဒသမ ၉ သန်း (၁၀၈၇၇၈၃၂) အိမ်ထောင်စုဖြစ်သည်။

သန်းခေါင်စာရင်းရလဒ်များအပေါ်မူတည်၍ လူဦးရေနှင့်လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များကို အသေးစိတ်ဆန်းစစ်လေ့လာသည့် မွေးဖွားခြင်း(Fertility)၊ သေဆုံးခြင်း (Mortality)၊ ပြောင်းရွှေ့သွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်း (Migration Urbanization)၊ မသန်စွမ်းမှု (Disability)၊ လူဦးရေပြောင်းလဲခြင်း (Population Dynamic)၊ လူဦးရေခန့်မှန်းခြင်း (Projections)၊ ကလေးသူငယ်နှင့် လူငယ်များ (Children and Young People)၊ သက်ကြီးရွယ်အိုများ (Elderly)၊ ပညာရေး(Education)၊ လုပ်သားအင်အား (Labour Force)၊ အိမ်ထောင်စု၊ အိမ်အကြောင်းအရာနှင့် အိမ်ထောင်စုရှိ ပစ္စည်းများ (Housing conditions and amenityes)၊ ကျား/မအလိုက် ခွဲခြားလေ့လာခြင်း (Gender Dimensions)၊ သန်းခေါင်စာရင်းရလဒ်မြေပုံများ(Census Atlas) ဟူသည့် သုတေသနစာတမ်း ၁၃ စောင် ဆက်လက်ထုတ်ပြန်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အထက်ပါအတိုင်း ကဏ္ဍများအလိုက် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ကို မှတ်တမ်းပြုရေးသားတင်ပြလိုက်ရပါသည်။ ။

❑❑❑

## အလုပ်သမားထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးနေသည့်

# ရန်ကုန်အလုပ်သမားဆေးရုံကြီး

ရိုရိုမြင့်၊ ဥမ္မာသန့်



ရန်ကုန်အလုပ်သမားဆေးရုံကြီးကို တွေ့ရစဉ်။

ရန်ကုန်အလုပ်သမားဆေးရုံကြီးကို ၁၉၆၄ ခု ဇွန်လ ၁၂ ရက်တွင် ခုတင် ၂၀၀ ဆေးရုံအဖြစ် စတင်ဖွင့်လှစ်ကုသမှုပြုခဲ့သည်။

ရန်ကုန် အလုပ်သမားဆေးရုံကြီးသည် လေးထပ်အဆောက်အအုံဖြစ်ပြီး ၁၉၉၀၆၉ စတုရန်းပေ ကျယ်ဝန်းသည်။ ၁၉၉၈ ခုနှစ်တွင် ခုတင်-၂၅၀ ဆေးရုံအဖြစ် တိုးချဲ့ခဲ့သည်။

အစိုးရသစ်လက်ထက်တွင် လူမှုဖူလုံရေးဥပဒေသစ်နှင့် အနိမ့်ဆုံးလုပ်ခကြေးများကို သတ်မှတ်ပြဋ္ဌာန်းပေးနိုင်ခဲ့ခြင်းကြောင့် အလုပ်သမားတို့အတွက် အကျိုးကျေးဇူးများ အထိုက်အလျောက် ဖြစ်ပေါ်လာသည်။

လူမှုဖူလုံရေး ကတ်ပြားရှိသူ ဝန်ထမ်းများ နာမကျန်းဖြစ်ခဲ့လျှင် သက်ဆိုင်ရာမြို့နယ် လူမှုဖူလုံရေးဆေးခန်းများမှတစ်ဆင့် ရန်ကုန်အလုပ်သမားဆေးရုံကြီးသို့ လာရောက်ကုသနိုင်သကဲ့သို့ ဆေးရုံကြီး၏ ပြင်ပလူနာဌာနသို့လည်း တိုက်ရိုက်ပြသပြီး ကုသနိုင်သည်။

ဆေးရုံသို့ တက်ရောက်ကုသသော လူနာများအား ဆေးအခမဲ့အသုံးပြုနိုင်ရန် တင်ဒါစနစ်ဖြင့် ဝယ်ယူ၍ ပင်မဆေးသိုလှောင်ရုံမှတစ်ဆင့် ဖြန့်ဖြူးပေးသည်။ ဝယ်ယူမှုမပြုထားသော ဆေးဝါးအချို့ကို လူနာက ခေတ္တစိုက်ထုတ်ထားပြီး ဆေးဝယ်ဘောက်ချာများဖြင့် ပြန်လည်တင်ပြပါက ငွေပြန်လည်ထုတ်ပေးကြောင်း သိရသည်။

၎င်းဆေးရုံတွင် ကုသမှုမပြုလုပ်နိုင်သော နှလုံးခွဲစိတ်ခြင်း၊ ဦးနှောက်ခွဲစိတ်ခြင်း၊ ကျောက်ကပ်ဆေးခြင်း၊ ကင်ဆာလူနာများ ဓာတ်ကင်ခြင်း၊ ကွန်ပျူတာဓာတ်မှန်ရိုက်ခြင်းတို့ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသစေပြီး ကုန်ကျငွေများကို စိစစ်၍ ပြန်လည်ထုတ်ပေးကြောင်း သိရသည်။

ထို့အပြင် ဆေးရုံအုပ်ကြီးဦးဆောင်၍ အထူးကုဆရာဝန်ကြီးများနှင့် စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းဆေးကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

လူမှုဖူလုံရေးဥပဒေသစ် ပေါ်ပေါက်လာပြီးနောက် လူမှုဖူလုံရေးအဖွဲ့ဝင်ဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့်စပ်လျဉ်း၍ ရန်ကုန်အလုပ်သမားဆေးရုံကြီး ဆေးရုံအုပ်ကြီး၊ ဒုတိယဆေးရုံအုပ်ကြီးနှင့် လူနာများအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြလိုက်ရပါသည်။

**ဒေါက်တာဒေါ်ခင်စန်းမြင့်**
**(ဆေးရုံအုပ်ကြီး၊ ရန်ကုန်အလုပ်သမားဆေးရုံကြီး)**

လူမှုဖူလုံရေးဥပဒေသစ်ပေါ်လာပြီးနောက် အလုပ်သမားဆေးရုံကြီးမှာ ဓာတ်မှန်၊ အီးစီဂျီရိုက်တာ၊ သွေးစစ်တာတွေ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးတာတွေ ဆောင်ရွက်ပေးပါတယ်။ ဓာတ်ခွဲစမ်းသပ်စစ်ဆေးတာကို သုခမင်္ဂလာဓာတ်ခွဲခန်း စီစဉ်ထားပြီး လူမှုဖူလုံရေးဌာနကနေ ကုန်ကျစရိတ်တွေ ပြန်စီစဉ်ပေးပါတယ်။

အပြင်မှာ ကျန်းမာရေးလိုအပ်လို့ စမ်းသပ်စစ်ဆေးတာ၊ သွေးစစ်ဆေးတာတို့ ဆေးရုံဓာတ်ခွဲခန်းမက သတ်မှတ်ထားတဲ့နှုန်းထားအတိုင်း ဝန်ထမ်းတွေကို စစ်ဆေးခယူသလို ပြင်ပမှာစစ်လာတဲ့ ဓာတ်ခွဲခန်းစစ်ဆေးခတွေကို အမျိုးသားဓာတ်ခွဲဌာနနှုန်းထားအတိုင်း သတ်မှတ်ပြီး ပြန်ပေးပါတယ်။

ဝန်ဆောင်မှုအခမဲ့ပေးပါတယ်။ ပြင်ပလူနာစာအုပ်လုပ်ရတာရှိပါတယ်။ စာအုပ်ဖိုးကအစ ကျခံတာမရှိပါဘူး။ ဆေးရုံပြင်ပလူနာစာအုပ်ကအစ ဆေးကုမ္ပဏီတွေက လှူဒါန်းတာရှိသလို လူမှုဖူလုံရေးဌာနကလည်း စာအုပ်တွေကို ဆောင်ရွက်ပေးပါတယ်။

ပြင်ပလူနာစာအုပ်၊ ဆေးရုံတက်တဲ့စာအုပ်၊ ကုသချက်မှတ်တမ်းစာအုပ်၊ ဆေးရုံဆင်းရင်လည်း ဆေးမှတ်တမ်းစာအုပ်၊ အဲဒါတွေမှာလည်း ကုန်ကျစရိတ် မရှိပါဘူး။

အရင်ကထက်စာရင် လူနာတွေကို ဆေးရုံက ဆေးတွေပေးတယ်။ ဓာတ်ခွဲစစ်ဆေးပေးတာ နည်းနည်းကွာတယ်။ သတ်မှတ်ထားတဲ့နှုန်းထားအထက်ဆို မပေးတာတွေရှိတယ်။ မြို့နယ်ဖူလုံရေး ဆေးခန်းတွေမှာလည်း ဝန်ထမ်းအလုပ်သမားတွေကို ဆေးအခမဲ့ပေးပါတယ်။

ဆေးရုံမှာ အထူးကုဆရာဝန်တွေနဲ့ပြဖို့ ဥပမာ-သမားတော်၊ ခွဲစိတ်ဆရာဝန်၊ အရိုးကုဆရာဝန်၊ မျက်စိဆရာဝန်၊ နား၊ နှာခေါင်း ဆရာဝန်၊ သက်ဆိုင်ရာ ဆရာဝန်နဲ့လွှဲရင် ဒီဆေးရုံက ကုသပေးပြီး အခမဲ့ပေးတယ်။ ဓာတ်ခွဲခန်းကတော့ ဆေးရုံက ဓာတ်ခွဲခန်းရှိတယ်။ လိုအပ်ရင် အပြင်မှာ စစ်ဆေးမှုရှိတယ်။ အခုကျတော့ ဒီဓာတ်ခွဲခန်းမှာပဲ အကုန်ပြည့်စုံအောင်စစ်ဆေးပေးတယ်။

နောက်တစ်ခု CT Scan ရိုက်တာဆို ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့၊ ဂျပန်ဆေးရုံကြီးတို့ကို လွှဲပေးလိုက်တယ်။ အဲဒါ ဝန်ထမ်းတွေအနေနဲ့ လောလောဆယ် စိုက်ထုတ်တာရှိတယ်။ နောက်ပိုင်းမှာ ငွေအကျေပြန်ထုတ်ပေးပါတယ်။

လူမှုဖူလုံရေးအဖွဲ့ အဖွဲ့ဝင်ကြေးပေးသွင်းထားတဲ့ အာမခံအလုပ်သမားတိုင်း ဆေးကုသခွင့်ရှိတယ်။ ဆေးကုသရင် ဆေးရော စမ်းသပ်စစ်ဆေးတာတွေရော ဆေးရုံကြီးတွေက အခမဲ့ဆောင်ရွက်ပေးပါတယ်။ ဆေးရုံတက်ရတဲ့ လူနာတွေအတွက် တစ်နေ့ကို အစားအသောက်တွေပါ ဆေးရုံက စီစဉ်ပေးတယ်။ ဝန်ထမ်းလူနာတွေ အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် ကုန်ကျစရိတ် သက်သာတယ်။

အလုပ်သမားဆေးရုံကြီးကို အာမခံအလုပ်သမားအနေနဲ့ ကျန်းမာရေးကိစ္စရှိရင် အချိန်မရွေး လာရောက် ပြသစေချင်တယ်။ အထူးကုဆရာဝန်ကြီး၊ သမားတော်ကြီး၊ ခွဲစိတ်အထူးကုဆရာဝန်တွေလည်းရှိတယ်။ အဖုအကျိတ်မက ဗိုက်အောင့်ဗိုက်နာ အရိုးအကြောကအစ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သားဖွားနဲ့ မီးယပ်အထိ လာပြရင် ဆေးကုသဖို့ စမ်းသပ်စစ်ဆေးဖို့ လိုအပ်တယ်။ နောက်တစ်ဆင့် ဆေးရုံတက်ဖို့လိုအပ်တယ်။ ဆေးရုံတက်ဖို့မလိုရင်လည်း ပြင်ပလူနာဌာနကနေ ဆရာဝန်ပြသပြီး အနည်းဆုံး ဆေး နှစ်ပတ်စာ ပေးပါတယ်။

ဆရာဝန်ညွှန်ကြားတဲ့အတိုင်း ချိန်းတဲ့အတိုင်း ပြန်လာပြရမယ်။ ကျန်းမာရေးစောင့်ရှောက်နိုင်အောင်

> လူမှုဖူလုံရေးအဖွဲ့ အဖွဲ့ဝင်ကြေး ပေးသွင်းထားတဲ့ အာမခံအလုပ်သမားတိုင်း ဆေးကုသခွင့်ရှိတယ်။ ဆေးကုသရင် ဆေးရော စမ်းသပ်စစ်ဆေးတာတွေရော ဆေးရုံကြီးတွေက အခမဲ့ဆောင်ရွက်ပေးပါတယ်။ ဆေးရုံတက်ရတဲ့ လူနာတွေအတွက် တစ်နေ့ကို အစားအသောက်တွေပါ ဆေးရုံက စီစဉ်ပေးတယ်။ ဝန်ထမ်း လူနာတွေ အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် ကုန်ကျစရိတ် သက်သာတယ်။

လို့ပါ။ ဆေးရုံမှာ ဖျားနာဆောင်၊ မျက်စိ၊ သားဖွားနဲ့မီးယပ်ဆောင်ဌာနတွေက တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တွေမှာ ပြသရမယ်။ ခွဲစိတ်၊ နား၊ နှာခေါင်း၊ လည်ချောင်းကျတော့ အင်္ဂါ၊ ကြာသပတေး။

အဲဒီလိုလုပ်ရတာ လွတ်တဲ့ရက်တွေမှာ ခွဲစိတ်ခန်းတွေရှိတယ်။ ရုံးချိန် နံနက် ၉ နာရီခွဲကနေ ၄ နာရီခွဲအထိ ပြင်ပလူနာဌာနမှာ လူနာတွေကို ကြည့်ပေးပါတယ်။

**ဒေါက်တာဒေါ်ယုယုတင်**
**(ဒုတိယဆေးရုံအုပ်ကြီး၊ ရန်ကုန်အလုပ်သမားဆေးရုံကြီး)**

ဓာတ်မှန်ရိုက်တာက အရင်ကတည်းက အခမဲ့ဆောင်ရွက်ခဲ့တာပါ။ လူမှုဖူလုံရေးဥပဒေထွက်ပြီးမှ မဟုတ်ပါဘူး။ နောက်ထပ် ထပ်တိုးလာတဲ့ CT Scan စက်က ဝယ်ပြီးပြီ၊ ပြင်ဆင်နေပါတယ်။

အလုပ်သမားဆေးရုံမှာ အခုဆိုရင် ပြင်ပလူနာဌာနမှာ ပြသသူဦးရေက တစ်နေ့တခြားများလာတယ်။ ဆေးပေးတာ များလာတယ်။ ဓာတ်ခွဲစမ်းသပ်တာလည်း အခမဲ့လုပ်ပေးတယ်။ ဆေးကလည်း အခမဲ့ပေးတယ်။ ဟိုတုန်းက တစ်နှစ်တစ်ခါ ဆေးတင်ဒါဝယ်ပြီး ဆေးတွေကို အလုံဆေးပင်မသိုလှောင်ရုံက ပေးတယ်။

အဲဒီ သိုလှောင်ရုံကနေ ဆေးရုံကို လေးလတစ်ခါ ထုတ်ကြတယ်။ အဲဒီမှာ မပါတဲ့ဆေးတွေကို မဝယ်ထားဘူး။ ဆေးတွေကလည်း Update တွေဖြစ်လာကြတယ်။ အဲဒါတွေ မပေးနိုင်တဲ့အတွက် လူနာစိုက်ဝယ်ရတဲ့အခါရှိတယ်။

အခုလောလောဆယ် စိုက်နေကြရတာတစ်ခုက ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို လွှဲပေးတာဆို CT Scan ပဲ ရှိပါတယ်။ CT Scanဆိုရင် လူနာက စိုက်ထားရတယ်။ စိုက်ထားရတာကို ဟိုက ဘောက်ချာထွက်လာရင် ဆေးရုံက ပြန်ပေးတယ်။ အကယ်၍များ သွားကတည်းက လူနာမှာ စိုက်စရာပိုက်ဆံပါမလာရင် ဒီကပါသွားတဲ့ အလုပ်သင်ဆရာဝန်လေးတွေ လက်ထဲကို ငွေထည့်ပေးလိုက်တယ်။ အဆင်မပြေတဲ့ လူနာဆိုရင် ဆရာမတွေက ပြောတယ်။ ငွေတစ်ပြားမှ မပါဘူးဆိုရင် ပေးလိုက်တယ်။

လူနာတွေကို နေ့တိုင်း ထမင်းကျွေးတယ်။ မနက်ဆိုရင် ပဲပြုတ်ထမင်း၊ နံနက် ၁၁ နာရီဆိုရင် ထမင်း၊ ထမင်းက အသားနဲ့ အရည်နဲ့ မဟုတ်ရင် အရွက်ကြော်၊ ပြီးရင် မွန်းလွဲ ၂ နာရီက ကော်ဖီနဲ့မုန့်၊ ညနေ ထမင်းကျွေးတယ်။ ဓာတ်ခွဲစမ်းသပ်တာနဲ့ ဆေးတွေပေးနေတာကိုက အတော်များပါတယ်။

ဆေးရုံအုပ်ကြီးရဲ့ လုပ်ပိုင်ခွင့်က ဓာတ်ခွဲစမ်းသပ်တာဆိုရင် နှစ်သိန်းအထိ ခွင့်ပြုလို့ရတယ်။ ဆေးဖိုးဆိုရင် သုံးသောင်းအထိ ခွင့်ပြုလို့ရတယ်။ ဘောင်ထဲကပါ။ ဆရာဝန်ကလည်း ညွှန်ရဦးမယ်။ ကိုယ့်ဟာကို သွားဝယ်တာမျိုးဆို မပေးဘူး။ ဆရာဝန်ညွှန်တဲ့ဆေး ဖြစ်ရမယ်။ ဘောက်ချာပါမှ ပြန်ပေးတယ်။

ဝန်ဆောင်မှု တတ်နိုင်သမျှ ပြည့်ပြည့်ဝဝပေးပါတယ်။ လူကြီးတွေကလည်း လိုအပ်ချက်တွေ တတ်နိုင်သမျှ ဖြည့်ဆည်းပေးပါတယ်။ တစ်ခါတလေ လိုအပ်ချက်ရှိကောင်းရှိနိုင်မယ်။ တတ်နိုင်သမျှ ဖြည့်ဆည်းပေးပါတယ်။ ကူညီရာရောက်အောင် လူမှုဖူလုံရေးကတ်လုပ်ကြဖို့ ပြောချင်တယ်။ တချို့ လမ်းမှာမူးလာတယ်။ နောက်ဆက်တွဲ ဆေးရုံတက်ရမယ်ဆိုရင် ဓာတ်ခွဲစမ်းသပ်တာတို့ လိုအပ်မယ်ဆိုရင် လူမှုဖူလုံရေးကတ်ပါမှ ဆက်လုပ်ပေးလို့ရမယ်။

အဲဒါတွေအတွက် ကတ်လေးပါလာရင် ပိုအဆင်ပြေမယ်။ ဝန်ထမ်းမဟုတ်ဘဲ ပြင်ပကလူဆိုရင် သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးခွဲမှာ လုပ်လို့ရတယ်။ ဒါပေမယ့် လူမှုဖူလုံရေးကြေး နှစ်ဆပေးရမယ်။ ဘယ်သူမဆို စိတ်ဝင်စားလို့ လူမှုဖူလုံရေးကတ် လုပ်မယ်ဆိုရင် လုပ်လို့ရပါတယ်။ တကယ်တမ်းဆေးကုမယ်ဆိုရင် ကတ်လုပ်ထားတဲ့အတွက် အများကြီးအကျိုးရှိပါတယ်။

အခု နှလုံးခွဲတာဆိုရင် ဆေးရုံမှာ မခွဲနိုင်တဲ့အတွက် ရန်ကုန်ဆေးရုံကြီးကို လွှဲပေးတယ်။ သိန်း ၂၀ ပေးတယ်။ ဟိုတုန်းကဆိုရင် ၃၅ သိန်းကုန်ရင် သိန်း ၂၀ ကို ၇၀ ရာခိုင်နှုန်း၊ ငါးသိန်းကို ၅၀ ရာခိုင်နှုန်း အဲဒီလို ထပ်ဆောင်းပေးတယ်။ ပြီးရင် သူဆေးသောက်နေတဲ့တစ်လျှောက်လုံးကို လုပ်ပေးတယ်။ တတ်နိုင်သမျှ လိုတာတွေကို ဖြည့်ပေးနေတဲ့အတွက် လူနာတွေအတွက် အကျိုးရှိပါတယ်။ စာမျက်နှာ ၂ သို့ »»»